# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

## ၂၀၁၂ - ခုနှစ်

## ဥပဒေများ

# မာတိကာ


| စဉ် | အကြောင်းအရာ<br>ဥပဒေများ | စာမျက်နှာ<br>မှ | <br>ထိ |
|---|---|---|---|
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီးကျေးရွာထင်းစိုက်ခင်းဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁/၂၀၁၂) | ၁ | ၁၃ |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာ ဖြတ်တောက်ခြင်း သွေးခြင်းဆိုင်ရာ ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂/၂၀၁၂) | ၁၄ | ၂၀ |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄/၂၀၁၂) | ၂၁ | ၂၈ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကပိုင် ရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၅/၂၀၁၂) | ၂၉ | ၃၇ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၉/၂၀၁၂) | ၃၈ | ၆၇ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်း ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်၁၀/၂၀၁၂) | ၆၈ | ၇၉ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၁/၂၀၁၂) | ၈၀ | ၉၅ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး ယစ်မျိုးခွန် ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၂/၂၀၁၂) | ၉၆ | ၁၀၁ |

| စဉ် | အကြောင်းအရာ<br>ဥပဒေများ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေး ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၃/၂၀၁၂) | ၁၀၂ | ၁၁၁ |
| ၁၀။ | စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များဂုဏ်ထူးဆောင်ဆုပစ္စည်းများချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၄/၂၀၁၂) | ၁၁၂ | ၁၃၀ |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၆/၂၀၁၂) | ၁၃၁ | ၁၃၂ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကပိုင် ရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၇/၂၀၁၂) | ၁၃၃ | ၁၃၄ |

# ကျေးရွာထင်းစိုက်ခင်းဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်းဥပဒေ

(၂၀၁၂ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁။)

၁၃၇၃ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်

(၂၀၁၂ခုနှစ်၊ မတ် လ ၉ ရက်)

## နိဒါန်း

ပြည်တွင်းလောင်စာလိုအပ်ချက်ကို အထောက်အကူဖြစ်စေရန်နှင့်ရသင့်ရထိုက်သည့် အခွန်အခများ ရရှိစေနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ကျေးရွာထင်းစိုက်ခင်း ဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ခ) **ကြိုးဝိုင်းတော** ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးဝိုင်းတောအဖြစ် ဖွဲ့စည်းထားသည့် နယ်မြေကို ဆိုသည်။

(ဂ) **ကြိုးပြင်ကာကွယ်တော**ဆိုသည်မှာ သစ်တောဥပဒေအရ ကြိုးပြင် ကာကွယ်တောအဖြစ် သတ်မှတ် ကြေငြာထားသည့် နယ်မြေကိုဆိုသည်။

(ဃ) **ကြိုးပြင်အပတော** ဆိုသည်မှာ ကြိုးဝိုင်းတောကြိုးပြင်ကာကွယ်တောနှင့် လွတ်ကင်းသည့် ပြင်ပတော နယ်မြေကိုဆိုသည်။

(င) **အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ** ဆိုသည်မှာ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ အစိုးရဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့် ၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေမှအပ အခြားမြေကိုဆိုသည်။

(စ) **ထင်း** ဆိုသည်မှာ လောင်စာအဖြစ်သာ အသုံးပြုရန် သင့်လျော်သော သစ်ပင်၊ သစ်ပိုင်း သို့မဟုတ် သစ်စ ကိုဆိုသည်။

(ဆ) **မှျောစာ** ဆိုသည်မှာ သစ်တောထွက်ပစ္စည်းများကို ပြည်တွင်း၌ မြို့နယ်ကျော်၍ သယ်ယူ ရွှေ့ပြောင်းနိုင်ရန် သစ်တောဥပဒေအရထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဇ) **နယ်နိမိတ်အမှတ်အသား** ဆိုသည်မှာ ကျောက်တိုင်၊ ကွန်ကရစ်တိုင်၊ သံတိုင်၊ သစ်သားတိုင်၊ ပိုက်လုံး ကျောက်ပုံ၊ သစ်ပင်တွင် သတ်မှတ်ထားသော အမှတ် သို့မဟုတ် တစ်နည်းနည်းဖြင့် သတ်မှတ် နယ်နိမိတ် ကိုဖော်ပြထားသော အမှတ်အသားကိုဆိုသည်။

(ဈ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ဤဥပဒေအရ သစ်တောထွက်ပစ္စည်း ထုတ်ယူခွင့်ပြုသည့် အမိန့် သို့မဟုတ် သစ်တောထွက် ပစ္စည်းနှင့် စပ်လျဉ်း၍ လုပ်ငန်းဆောင်ရွက်ခွင့် အမိန့်ကိုဆိုသည်၊ ယင်းစကားရပ်တွင် သစ်တောထွက်ပစ္စည်းထုတ်ယူခွင့်ပြုရန် ချုပ်ဆိုသည့် စာချုပ်လည်းပါဝင်သည်။

(ည) **သစ်တောအရာရှိ** ဆိုသည်မှာ တိုင်းဒေသကြီး၊ ခရိုင် သို့မဟုတ် မြို့နယ်သစ်တော ဦးစီးဌာန၏ အကြီးအကဲကိုဆိုသည်။

## အခန်း(၂)
## အခြေခံမူများ

၃။ ဤဥပဒေကို အောက်ပါအခြေခံမူများနှင့် အညီအကောင်အထည်ဖော် ဆောင်ရွက် ရမည်-

(က) အစိုးရအဖွဲ့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) အစိုးရအဖွဲ့၏ သစ်တောရေးရာ ထင်းစိုက်ခင်းဆိုင်ရာ မူဝါဒကို အကောင်အထည် ဖော်ရန်၊

(ဂ) အစိုးရအဖွဲ့၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒနှင့် သစ်တောရေးရာ ထင်းစိုက်ခင်းဆိုင်ရာ မူဝါဒတို့ကို အကောင်အထည်ဖော်ရာတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှု အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(ဃ) ကျေးရွာထင်းစိုက်ခင်းများ ထူထောင်ခြင်းအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၏ စီးပွားရေး ဖွံ့ဖြိုးမှုကို တစ်စိတ်တစ်ပိုင်းမှ အထောက်အကူပြုစေရန်၊ ပြည်သူတို့၏ စားဝတ်နေရေးကို အထောက်အကူဖြစ်စေရန်နှင့် စဉ်ဆက်မပြတ် အကျိုးစီးပွား ခံစားနိုင်စေရန်၊

(င) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး၊ သစ်တောထိန်းသိမ်းကာကွယ်ရေး တို့နှင့်စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာသဘောတူညီချက်များနှင့်အညီ ဆောင်ရွက်ရန်၊

(စ) ပြည်တွင်းလောင်စာလိုအပ်ချက်ကို အထောက်အကူဖြစ်စေရန်၊

(ဆ) အစိုးရအဖွဲ့မှ ရသင့်ရထိုက်သည့် အခွန်အခရရှိစေရန်။

## အခန်း(၃)
## ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခြင်း၊ သတ်မှတ်ကြေညာခြင်းနှင့် ပြည်လည်ရုပ်သိမ်းခြင်း

၄။ အစိုးရအဖွဲ့သည် အောက်ဖော်ပြပါနေရာများတွင် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ရန် ကြေညာနိုင်သည်-

(က) စိုက်ပျိုးတည်ထောင်နိုင်သည့် နေရာဒေသများ

(၁) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရရှိလျှင် ကြိုးပြင်အပတော၊ ထင်းစိုက်ခင်းတောနှင့် အစိုးရအဖွဲ့က စီမံခန့်ခွဲခွင့်ရှိသော မြေများ၊

(၂) သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်၏ ခွင့်ပြုချက်ဖြင့် လက်ရှိတည်ထောင်ထားသော ကျေးရွာပိုင်ထင်းစိုက်ခင်းများ၊

(၃) ပိုင်ရှင်၏ သဘောတူ ခွင့်ပြုချက်ရရှိသော ပုဂ္ဂလိကပိုင်မြေများနှင့် အစိုးရအဖွဲ့ အစည်းများ သို့မဟုတ် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပိုင်ဆိုင်သည့် မြေများ။

(ခ) ကျေးရွာထင်းစိုက်ခင်းအဖြစ် သတ်မှတ်ဖွဲ့စည်းရန် ကြေညာရာတွင် ပါဝင်ရမည့် အချက်များ-

(၁) တည်နေရာ၊ နယ်နိမိတ်နှင့် အကျယ်အဝန်း၊

(၂) အမည်နှင့် အမျိုးအစား၊

(၃) ကျေးရွာထင်းစိုက်ခင်းထူထောင်ရေး ကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်းသည့် တားမြစ်ချက်များ၊

(၄) ကျေးရွာထင်းစိုက်ခင်း ကြေးတိုင်အရာရှိ ခန့်အပ်ခြင်း သို့မဟုတ် သက်ဆိုင်ရာ ဒေသခံပုဂ္ဂိုလ်များအား တာဝန်ပေးအပ်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ။

**ကျေးရွာထင်းစိုက်ခင်းများကြေညာခြင်း**

၅။ အစိုးရအဖွဲ့သည် ကျေးရွာထင်းစိုက်ခင်းများ ဖွဲ့စည်းရန် တင်ပြလာသော အစီရင်ခံစာ အပေါ် စိစစ်သုံးသပ်ပြီး ကျေးရွာ ထင်းစိုက်ခင်း သတ်မှတ်သည့် အမိန့်ကြော်ငြာစာကို ထုတ်ပြန်ရမည်။

**ကြေညာပြီး ကျေးရွာထင်းစိုက်ခင်းများကို ပြန်လည်ရုပ်သိမ်းခြင်း**

၆။ အစိုးရအဖွဲ့သည် ထုတ်ပြန်ထားသော ကျေးရွာထင်းစိုက်ခင်းများ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းနိုင်သည်။ ယင်းသို့ ရုပ်သိမ်းကြောင်း အများပြည်သူ သိရှိစေရန်အတွက် ထုတ်ပြန်ကြေညာရမည်။

၇။ အစိုးရအဖွဲ့သည် ကျေးရွာထင်းစိုက်ခင်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပယ်ဖျက်ခဲ့လျှင် သတ်မှတ်ကြေညာစဉ်က ပျက်ပြယ်ပြီးဖြစ်သော အများပြည်သူတို့၏ ထင်းထွက်ပစ္စည်း ထုတ်ယူသုံးစွဲခြင်းနှင့် မြေအသုံးချပိုင်ခွင့် အခွင့်အရေးများ ပြန်လည်ရထိုက်ခွင့် မရှိစေရ။

## အခန်း(၄)
## ကျေးရွာထင်းစိုက်ခင်း တည်ထောင်ခြင်း

၈။ အစိုးရအဖွဲ့သည် ဤဥပဒေပုဒ်မ ၄(က)ပါ ဖော်ပြထားသော မြေနေရာများတွင် ကျေးရွာ ထင်းစိုက်ခင်းများ တည်ထောင်နိုင်သည်။

ဒေသခံပြည်သူအစုအဖွဲ့ပိုင် ကျေးရွာထင်းစိုက်ခင်းတည်ထောင်ရန် ခွင့်ပြုမည့်နေရာဒေသများ

၉။ အစိုးရအဖွဲ့သည် ဒေသခံပြည်သူ အစုအဖွဲ့ပိုင် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ရန်အတွက် အောက်ဖော်ပြပါနေရာဒေသများတွင် ကျေးရွာထင်းစိုက်ခင်းများ ထူထောင်နိုင်ရန် ခွင့်ပြုမည်-

(က) သဘာဝတောများ ပျက်စီးပြုန်းတီးပြီး သဘာဝအလျောက် ပြန်လည်ဖြစ်ထွန်းရန် ခက်ခဲသောနေရာဒေသများ၊

(ခ) ဒေသလိုအပ်ချက်အတွက် လုံလောက်သောထင်းများ ထောက်ပံ့နိုင်သော အလားအလာရှိသည့်နေရာဒေသများ၊

(ဂ) မြေနှင့် ရေအရင်းအမြစ်များကို ထိန်းသိမ်းရန်လိုအပ်သည့် နေရာဒေသများ၌ ဒေသခံပြည်သူ အစုအဖွဲ့ပိုင် ထင်းစိုက်ခင်းလုပ်ကိုင်ရန် သင့်လျော်သောနေရာများ၊

(ဃ) အကြောင်းကြောင်းကြောင့် ဒေသခံလူထုက စီမံအုပ်ချုပ် လုပ်ကိုင်သင့်သော သဘာဝတောများ၊

(င) အစဉ်အလာအရ ဒေသခံလူထုက စီမံအုပ်ချုပ်လုပ်ကိုင်လာခဲ့သော ထင်းစိုက်ခင်းမြေများ။

၁၀။ စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးသည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ကျေးရွာအနီး ပတ်ဝန်းကျင်တွင်ရှိသော ကြိုးဝိုင်းပြင်အပတောတွင်ဖြစ်စေ၊ အစိုးရအဖွဲ့က စီမံခန့်ခွဲခွင့်ရှိသော မြေတွင်ဖြစ်စေ အောက်ပါကျေးရွာပိုင်ထင်းစိုက်ခင်းများကို စည်းကမ်းသတ်မှတ်ချက်ဖြင့် တည်ထောင်ခွင့် ပြုနိုင်သည်-

(က) သစ်တောဦးစီးဌာနက နှစ်အကန့်အသတ်အလိုက် စိုက်ပျိုးပေးပြီးနောက် ကျေးရွာပိုင်အဖြစ် ဆက်လက် ထိန်းသိမ်းသုံးစွဲရန် လွှဲပြောင်းပေးသည့် ထင်းစိုက်ခင်း၊

(ခ) ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီးထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင်ထင်းစိုက်ခင်း။

၁၁။ ကျေးရွာလူထုက စုပေါင်းလုပ်အားဖြင့် စိုက်ပျိုးပြီး ထိန်းသိမ်းသုံးစွဲသော ကျေးရွာပိုင် ထင်းစိုက်ခင်းများနှင့် စပ်လျဉ်း၍-

(က) သစ်တောဦးစီးဌာနသည် စတင်တည်ထောင်သည့်နှစ်တွင် ဒေသ၏ လိုအပ်ချက်နှင့် ကိုက်ညီသော ပျိုးပင်များကို ဖြန့်ဝေပေးရမည်၊

(ခ) စတင်စိုက်ပျိုးသည့် အချိန်မှ ခုတ်လှဲချိန်အထိ ထိန်းသိမ်းကာကွယ်ခြင်း လုပ်ငန်းများကို သစ်တောဦးစီးဌာနက လမ်းညွှန်ပြသသည့်အတိုင်း ကျေးရွာလူထုက လိုက်နာဆောင်ရွက်ရမည်၊

(ဂ) သစ်တောဦးစီးဌာနသည် မြေအသုံးချမှုတန်ဖိုး ပိုမိုရရှိစေရန်အတွက် သီးနှံ၊ သစ်တောရောနှောစိုက်ခြင်း နည်းပညာများကိုလည်း ပြသပေးရမည်၊

(ဃ) သစ်တောဦးစီးဌာနက သတ်မှတ်ပေးသော ခုတ်လှဲချိန်တွင် ကျေးရွာလူထုက ထင်းများကို မိမိသုံးအတွက် အခမဲ့ထုတ်ယူသုံးစွဲနိုင်သည်။

**ကျေးရွာထင်းစိုက်ခင်းထူထောင်ရေးလုပ်ငန်းများအတွက် အခြေခံရမည့်အချက်များ**

၁၂။ ကျေးရွာထင်းစိုက်ခင်းများကိုတည်ထောင်ရာတွင် အောက်ပါအချက်များကို အခြေခံရမည်-

(က) ကျေးရွာပိုင်မြေများ၊ ကြိုးပြင်အပတောများအတွင်း၌ စိုက်ပျိုးခြင်း၊

(ခ) စိုက်ပျိုးခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းများကို အစိုးရအဖွဲ့မှ ခွင့်ပြုသည့် သစ်တောဦးစီးဌာန၏ ရန်ပုံငွေခြင့် ဆောင်ရွက်ပေးခြင်း၊

(ဂ) မြေအသုံးချမှုတန်ဖိုးပိုမိုရရှိစေရန် သီးနှံ၊ သစ်တောရောနှောစိုက်ပျိုးခြင်းကို ကျေးရွာလူထုအား ခွင့်ပြုခြင်း၊

(ဃ) ခုတ်လှဲချိန်ရောက်ရှိသောအခါ ကျေးရွာလူထုအား သစ်တောဦးစီးဌာနမှ အခါအားလျော်စွာ သတ်မှတ်ပေးထားသော အခွန်အခပေးဆောင်စေ၍ သုံးစွဲခွင့်ပြုခြင်း။

**သစ်တောဦးစီးဌာန၏ ကူညီပံ့ပိုးမှု**

၁၃။ ကျေးရွာထင်းစိုက်ခင်းများ ထူထောင်ရာတွင် သစ်တောဦးစီးဌာနသည် ဒေသခံပြည်သူများအား ထင်းစိုက်ခင်းများနှင့် ပတ်သက်သော အောက်ဖော်ပြပါအကူအညီများ ပေးရမည်-

(က) ထင်းစိုက်ခင်းများအတွက် လိုအပ်သော သစ်စေ့နှင့် ပျိုးပင်များ၊

(ခ) ထင်းစိုက်ခင်းတည်ထောင်ခြင်း၊ ပြုစုထိန်းသိမ်းခြင်း၊ စီမံအုပ်ချုပ်ခြင်းနှင့် အသုံးချခြင်းဆိုင်ရာကိစ္စအဝဝတွင် ထာဝစဉ်ဖွံ့ဖြိုးမှုရရှိစေရန်အတွက် လိုအပ်သော နည်းပညာနှင့် ကျွမ်းကျင်မှုအကူအညီများ၊

(ဂ) တားမြစ်ချက်များနှင့် ပတ်သက်သည့် အသိပညာပေးခြင်းဆိုင်ရာ ကိစ္စရပ်များ။

**ခွင့်ပြုချက်ရရှိထားသော မြေနေရာနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်နှင့် တားမြစ်ချက်**

၁၄။ အောက်ပါအတိုင်း လိုက်နာရမည်-

(က) ခွင့်ပြုထားသောမြေ သို့မဟုတ် အဆောက်အအုံတစ်ခုခု၏ အကျိုးခံစားခွင့်မှတစ်ပါး ကျန်အခွင့်အရေးများကို လွှဲပြောင်းခြင်းမပြုရ၊

(ခ) ခွင့်ပြုထားသော အခွင့်အရေးများကို ကြေညာသည့်နေ့မှစ၍ တစ်ဆက်တည်း (၃)နှစ်ထက်ကျော်လွန်၍ ခံစားခြင်းမရှိလျှင် အဆိုပါအခွင့်အရေးသည် ပျက်ပြယ်ပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

**ထုတ်ယူသုံးစွဲခြင်း**

၁၅။ အောက်ပါအတိုင်း လိုက်နာရမည်-

(က) အပူပိုင်းဒေသအတွင်း တည်ထောင်ပြီးဖြစ်သည့် ကျေးရွာသုံးစိုက်ခင်းများအား ယေဘုယျအားဖြင့် အပြောင်ခုတ်လှဲခြင်းနည်း စနစ်ကို အသုံးမပြုဘဲ မျိုးပင်ချန်၍ ငုတ်တက်ချွန်စနစ်ဖြင့် ထုတ်ယူသုံးစွဲရမည်။

(ခ) ပုဒ်မ ၁၅(က)ပါ စနစ်ဖြင့် ခုတ်ယူသုံးစွဲပါက စိမ်းလန်းစိုပြည်ရေးအတွက် ထိခိုက်လျှင် သစ်ပင်များကို ခုတ်လှဲခြင်းမပြုဘဲ ခေါင်နှိမ်ခြင်း၊ ကိုင်းချိုင်ခြင်း စနစ်များဖြင့် ထုတ်ယူသုံးစွဲရမည်။

## အခန်း(၅)
## တားမြစ်ချက်များ

၁၆။ သစ်တောဦးစီးဌာနမှ ကျေးရွာထင်းစိုက်ခင်းတည်ထောင်ရန် ကြေညာရာတွင် ကြေညာသည့်နေ့တွင် တည်ရှိနေသည့် အခွင့်အရေးမှအပ အောက်ပါကိစ္စရပ်တစ်ခုခုနှင့် စပ်လျဉ်းပြီး တားမြစ်ချက်များထည့်သွင်း ဖော်ပြနိုင်သည်-

(က) အဆောက်အအုံအသစ် ဆောက်လုပ်ခြင်း၊

(ခ) သစ်ပင်ခုတ်ခြင်း၊

(ဂ) ထင်းပင်များအား တရားမဝင်ထုတ်ယူခြင်း၊

(ဃ) မြေကွက်ရှင်းလင်းခြင်း၊

(င) သီးနှံ သို့မဟုတ် သစ်တောစိုက်ခင်း အသစ်တည်ထောင်ခြင်း

(စ) စားကျက်မြေအဖြစ် အသုံးပြုခြင်း၊

(ဆ) တောမီးရှို့ခြင်း

**ကျေးရွာထင်းစိုက်ခင်းအဖြစ် သတ်မှတ်ထားသော မြေနေရာနှင့် ပတ်သက်သည့် တားမြစ်ချက်များ**

၁၇။ အစိုးရအဖွဲ့ သို့မဟုတ် ယင်းကလုပ်ပိုင်ခွင့် လွှဲအပ်ထားသည့် သစ်တောအရာရှိ၏ ခွင့်ပြုချက်မရရှိဘဲ ကျေးရွာ ထင်းစိုက်ခင်းများအတွင်း အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) သစ်တောဦးစီးဌာနက သတ်မှတ်ထားသော ထင်းပင်အမျိုးအစားအပင်များကို ခုတ်လှဲခြင်း၊ ပိုင်းဖြတ်ခြင်း၊ ချိုးဖြတ်ခြင်း၊ ဖောက်ထွင်းခြင်း၊ မီးရှို့ခြင်း (သို့) အခြားနည်းဖြင့် ပျက်စီးစေခြင်း၊

(ခ) ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊

(ဂ) အိမ်မွေးတိရစ္ဆာန်များ စားကျက်ချခြင်း၊

(ဃ) စိုက်ပျိုးရန်အတွက် မြေကိုတူးဆွခြင်း သို့မဟုတ် ရှင်းလင်းခြင်း၊

(င) ရေတွင် အဆိပ်ခတ်ခြင်း၊ ဓာတုဗေဒပစ္စည်းသို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများအသုံးပြုခြင်း၊

(စ) တောရိုင်းတိရစ္ဆာန်များ ဖမ်းဆီးခြင်း သို့မဟုတ် အမဲလိုက်ပစ်ခတ်ခြင်း၊

(ဆ) မီးမွေးခြင်း၊ မီးဖိုခြင်း သို့မဟုတ် မီးသယ်ယူခြင်း၊

(ဇ) နယ်နိမိတ်အမှတ်အသား တစ်ခုခုအားတစ်နည်းနည်းဖြင့် ပျက်စီးယိုယွင်းအောင် ပြုလုပ်ခြင်း၊ ပြောင်းရွှေ့ခြင်း။

၁၈။ မည်သူမဆို လောင်စာပစ္စည်းများကို ထင်းစိုက်ခင်းနယ်မြေနှင့် ယင်းနယ်မြေအဖြစ် သတ်မှတ်ရန် ကြေညာထားသည့် နယ်နိမိတ်မှ ကိုက်(၁၀၀)အတွင်း စုပုံခြင်း၊ မီးရှို့ခြင်းမပြုရ၊ သတ်မှတ်နယ်နိမိတ်မှ ကိုက်(၁၀၀)ပြင်ပတွင် မီးရှို့ရာ၌ မီးပြန့်ပွားခြင်းမရှိစေရန်၊ ကြိုတင် ကာကွယ်တားဆီးရန် စီမံမှုများ ပြုလုပ်ထားရမည်။

၁၉။ သစ်တောဦးစီးဌာနသည် ကျေးရွာထင်းစိုက်ခင်းများတွင် သစ်တောနည်းဥပဒေနှင့်အညီ အမိန့်ကြေညာချက်များ၊ တားမြစ်ချက်များ၊ ခွင့်ပြုချက်များ ထုတ်ပြန်နိုင်သည်။

## အခန်း(၆)
## ကျေးရွာထင်းစိုက်ခင်းထွက်ပစ္စည်းများ ထုတ်ယူခွင့်
## အစိုးအရအဖွဲ့သည် ကျေးရွာထင်းစိုက်ခင်းပစ္စည်းများ ထုတ်ယူခွင့်ပြုခြင်း

၂၀။ အောက်ပါတို့ကို သတ်မှတ်နိုင်သည်-

(က) ကျေးရွာ ထင်းစိုက်ခင်းထွက် ပစ္စည်းများ၏ အမျိုးအမည်၊

(ခ) အခွန်နှုန်းနှင့် အခြားအခွန်အခကြေးငွေများ၊

(ဂ) ခွင့်ပြုမိန့်ပါ စည်းကမ်းဖောက်ဖျက်မှုအတွက် တပ်ရိုက်မည့် ဒဏ်ကြေး၊

(ဃ) စည်းကမ်းချက်များ။

ကျေးရွာထင်းစိုက်ခင်းတည်ထောင်သူများ၏ အကျိုးခံစားခွင့်နှင့်ထုတ်ယူခွင့်

၂၁။ အောက်ပါအတိုင်းလိုက်နာရမည်-

(က) ဒေသခံအသုံးပြုသူများအဖွဲ့သည် မိမိအဖွဲ့အစည်းနှင့် မိမိကျေးရွာအသုံးပြု၍ ပိုလျှံသောထင်းများ၊ ထင်းထွက်ပစ္စည်းကို ကျေးရွာပြင်သို့တင်ပို့ရောင်းချနိုင်သည်။ မြို့နယ်ကျော် တင်ပို့ရောင်းချပါက သက်ဆိုင်ရာမြို့နယ်သစ်တောဦးစီးဌာန၏ မှော်စာဖြင့် ပို့ဆောင်ရမည်။

(ခ) တင်ပို့ရောင်းချသော ထင်းများ၊ ထင်းထွက်ပစ္စည်းများနှင့် ပတ်သက်၍ သစ်တောဦးစီးဌာနမှအခါအားလျော်စွာ သတ်မှတ်ထားသော အခွန်အခနှုန်းထားများအတိုင်း ပေးဆောင်ရမည်။

(ဂ) အသုံးပြုသူများသည် မိမိတို့၏ ကျေးရွာထင်းစိုက်ခင်းတိုးတက်ရေးအတွက် တာဝန်ယူရမည်။

(ဃ) အသုံးပြုသူများအနေဖြင့် မိမိတို့၏ထင်းစိုက်ခင်းမှ ထွက်ရှိသော ထင်းမှရရှိသော ပစ္စည်းများမှ အခြားလောင်စာများ၊ ထင်းလောင်စာနှင့် ပတ်သက်သည့် တန်ဖိုးမြင့်ပစ္စည်းများကိုလည်းထုတ်လုပ်သည့် စီးပွားရေးလုပ်ငန်းကိုလည်း လုပ်ကိုင်နိုင်သည်။

## အခန်း(၇)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၂။ အသုံးပြုသူများသည် ဒေသခံပြည်သူအစုအဖွဲ့ပိုင် ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ သစ်တောဥပဒေ၊ နည်းဥပဒေများနှင့် သစ်တောဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သော သစ်တောဆိုင်ရာညွှန်ကြားချက်များကို လိုက်နာရန်တာဝန်ရှိသည်။

၂၃။ ဒေသခံပြည်သူအစုအဖွဲ့ပိုင် ကျေးရွာထင်းစိုက်ခင်းလုပ်ငန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများ၊ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်ပါ ပြဋ္ဌာန်းချက်များနှင့် သစ်တောဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သော သစ်တောဆိုင်ရာညွှန်ကြားချက်များကို ချိုးဖောက်ပါက ဒေသခံပြည်သူအစုအဖွဲ့ပိုင် ကျေးရွာထင်းစိုက်ခင်း လုပ်ငန်းကို သိမ်းယူသည်အထိ အရေးယူခံရမည်။

၂၄။ ဤဥပဒေနှင့် သက်ဆိုင်သည့် ကျေးရွာထင်းစိုက်ခင်းဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်တစ်စုံတစ်ရာကို ဖောက်ဖျက်ကျူးလွန်ပါက ယင်းဥပဒေ၊ နည်းဥပဒေများတွင် သတ်မှတ်ထားသောပြစ်ဒဏ်များကို ကျခံရမည်-

(က) မည်သူမဆိုဤဥပဒေအခန်း(၅) ပုဒ်မ ၁၇ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်အားဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်နှစ်သောင်းအထိဖြစ်စေ၊ ထောင်ဒဏ်(၂)နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေကျခံစေရမည်။

(ခ) မည်သူအဆို ဤဥပဒေ အခန်း(၅)ပုဒ်မ ၁၇ ပုဒ်မခွဲ (ခ)၊(ဂ)၊ (ဃ)၊ (င)၊ (စ)၊ (ဆ)နှင့် (ဇ)ပါ တားမြစ်ချက်များအား ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ် ငါးထောင်ကျပ်အထိဖြစ်စေ၊ ထောင်ဒဏ်(၆)လအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေကျခံစေရမည်။

(ဂ) မည်သူမဆို ဤဥပဒေ အခန်း(၅)ပုဒ်မ ၁၈ ပါတားမြစ်ချက်အား ဖောက်ဖျက်ကျူးလွန်ပါက ပြစ်မှုကျူးလွန်ကြောင်းပြစ်ဒဏ်စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ်နှစ်သောင်းအထိဖြစ်စေ၊ ထောင်ဒဏ်(၂)နှစ်အထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ကျခံစေရမည်။

## အခန်း(၈)
## အထွေထွေ

၂၅။ အစိုးရအဖွဲ့သည် ဤဥပဒေအရ ထုတ်ယူခွင့်ပြုသည့် ထင်းထွက်ပစ္စည်းများအတွက်ရရန်ရှိသည့် အခွန်အခကို လျော့ပေါ့ပေးခြင်း၊ လျှော်ပစ်ခြင်း၊ သို့မဟုတ်ကင်းလွတ်ခွင့်ပေးခြင်းပြုနိုင်သည်။

၂၆။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကိုတရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ်သက်ဆိုင်ရာ အခြားစာရွက် စာတမ်းအထောက်အထားများ တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာသက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၂၇။ အောက်ဖော်ပြပါဥပဒေများကို လိုက်နာရမည်-

(က) သစ်တောဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ(က) အရနှင့် သစ်တောနည်းဥပဒေအပိုဒ်၄၂ အရဆိုလျှင် ကျေးရွာထင်းစိုက်ခင်းနှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ပေးရပြီး ဒုတိယနှစ်မှစ၍ ခုတ်လှဲချိန်အထိ သက်ဆိုင်ရာ ကျေးရွာလူထုက တာဝန်ယူဆောင်ရွက်ရပြီး ခုတ်လှဲသည့်အချိန်၌ ရောင်းဝယ်ဖောက်ကားမှုအတွက်ဖြစ်လျှင် သစ်တောဦးစီးဌာနက သတ်မှတ်သောအခွန်ကို ပေးဆောင်ရမည်။

(ခ) သစ်တောဥပဒေပုဒ်မ ၁၅ ပုဒ်မခွဲ(ခ)နှင့် သစ်တော နည်းဥပဒေ ၄၃ အရ ဆိုလျှင် ကျေးရွာထင်းစိုက်ခင်းနှင့် စပ်လျဉ်း၍ သစ်တောဦးစီးဌာနက ပျိုးပင်များဖြန့်ဝေပေးရပြီး အဆိုပါဌာနက လမ်းညွှန်ပြသသည့်အတိုင်း ကျေးရွာလူထုက လိုက်နာဆောင်ရွက်ရပြီး ခုတ်လှဲချိန်တွင် အဆိုပါ ကျေးရွာလူထုက ထင်းများကို မိမိသုံးအတွက် အခမဲ့ ထုတ်ယူသုံးစွဲနိုင်သည်။

(ဂ) ကျေးရွာထင်းစိုက်ခင်းနေရာအား နိုင်ငံတော်အကျိုးအတွက်အလို့ငှာ စီမံကိန်းတစ်ခုခုအတွက် အသုံးပြုရန် လိုအပ်ပါက ၄င်းတန်ဖိုးအတိုင်း ပေးလျော်၍ သိမ်းယူနိုင်ခြင်းရှိစေရမည်။

(ဃ) ကာယကံရှင်က မိမိထင်းစိုက်ခင်းကို ပြောင်းလဲခြင်း၊ လွှဲပြောင်းခြင်း လုပ်လိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရရှိပြီးမှသာ ဆောင်ရွက်ပိုင်ခွင့်ရှိသည်။

၂၈။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာနသည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်နှင့် အမိန့်ကြော်ငြာစာတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
တိုင်းဒေသကြီးအစိုးရအဖွဲ့

# ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာ ဥပဒေ

(၂၀၁၂ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၇၃ခုနှစ်၊ တပေါင်း လပြည့်ကျော် ၂ ရက်

(၂၀၁၂ခုနှစ်၊ မတ် လ ၉ ရက်)

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြန်မာ့ကျောက်မျက်ရတနာအချောထည်လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေး နှင့်စနစ်တကျရှိရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်-

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းဆိုင်ရာဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ခ) **ကျောက်မျက်ရတနာ** ဆိုသည်မှာ ပတ္တမြား၊နီလာ၊ ကျောက်စိမ်း၊ စိန်၊ ပန်းညို့၊ ပြောင်ခေါင်းစိမ်း၊သုံးပန်းလှမျိုးကျောက်၊ ဖရဲအူ၊ ရွှေတွင်းဝါ၊ မြကျိုးကျောက်၊ ဂေါ်မိတ်၊ ထပ်တရာ၊ စလင်းတူကျောက်၊ ဥဒေါင်း၊ မျော၊ အညွှန့်နီလာ၊ နဂါးသွဲ့၊ ကျန်စစ်ရေကျောက်၊ ပါလဒုတ္တာ၊ မြတူကျောက်၊ ပယင်း၊ ပုလဲပြာ သို့မဟုတ် နက်ဖရိုက်ကိုဆိုသည်၊ ယင်းစကားရပ်တွင် စလင်းအုပ်စု၌ ပါဝင်သော ရတနာတန်းဝင် ကျောက်များလည်းပါဝင်သည်။

(ဂ) **ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ခြင်း** ဆိုသည်မှာ ရတနာခွန် ဆောင်ပြီးသောကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊ အရောင်တင်ခြင်း၊ သွေးခြင်းတို့ကိုလိုအပ်သလိုဆောင်ရွက်သည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို ဆိုသည်။

(ဃ) **ခွင့်ပြုမိန့်** ဆိုသည်မှာ ကျောက်မျက်ရတနာအချောထည်လုပ်ငန်းလုပ်ကိုင်ရ ဤဥပဒေအရထုတ်ပေးသည့် ခွင့်ပြုမိန့်ကိုဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော ကျောက်မျက်ရတနာ လုပ်ငန်း ကြီးကြပ်ရေးကော်မတီကိုဆိုသည်။

(စ) **အခွန်** ဆိုသည်မှာ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်း စသေ ကျောက်မျက်ရတနာအချောထည် ပြုလုပ်ခြင်းလုပ်ငန်းအတွက်ဤဥပဒေအ ကောက်ခံသည့်အခွန်ကို ဆိုသည်။

(ဆ) **ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေအရ မြန်မာ့ကုမ္ပဏီအဖြ ဖွဲ့စည်းထားသောကုမ္ပဏီ သို့မဟုတ် ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီ အက်ဥပဒေ အရ ဖွဲ့စည်းထားသည့် မြန်မာ နိုင်ငံသားများသာပါဝင်သော ကုမ္ပဏီကိုဆိုသည်

(ဇ) **အသင်း** ဆိုသည်မှာ သမဝါယမအသင်းဥပဒေအရ မှတ်ပုံတင်ထားသော အခြေခံသမဝါယမအသင်းနှင့် သမဝါယမအသင်းစုကိုဆိုသည်။

(ဈ) **ခွင့်ပြုမိန့်ရရှိသူ** ဆိုသည်မှာ ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင် လုပ်ငန်းကို လုပ်ကိုင်ခွင့်ရရှိသော ကုမ္ပဏီ၊အသင်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ဆိုသည်။

## အခန်း(၂)
## ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်

၃။ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်လိုသည့် ကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်သည် လုပ်ကိုင်ခွင့် ခွင့်ပြုမိန့်ကို အစိုးရအဖွဲ့ထံသို့ လျှောက်ထား ရမည်။

၄။ အစိုးရအဖွဲ့သည်-

(က) လျှောက်ထားချက်ကို သတ်မှတ်ချက်များနှင့်အညီစိစစ်ပြီး လုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုမိန့်ကိုထုတ်ပေးနိုင်သည် သို့မဟုတ် ထုတ်ပေးရန် ငြင်းပယ်နိုင်သည်။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်သက်တမ်းနှင့်ပေးဆောင်ရမည့် အခွန်ကို သတ်မှတ်ရမည်။

## အခန်း(၃)
## ခွင့်ပြုမိန့်ရရှိသောကုမ္ပဏီ၊ အသင်း သို့မဟုတ် ပုဂ္ဂိုလ်တို့ လိုက်နာရမည့် အချက်များ

၅။ ခွင့်ပြုမိန့်ရရှိသော ကုမ္ပဏီ၊အသင်း သို့မဟုတ် ပုဂ္ဂိုလ်သည်-

(က) ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလိုက်နာရမည်။

(ခ) သတ်မှတ်ထားသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ရရှိထားသော ခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တနည်းနည်းဖြင့် လွှဲပြောင်းပေးခြင်း မပြုရ။

(ဃ) သတ်မှတ်ထားသော အခွန်ကို ပေးဆောင်ရမည်။

(င) ခွင့်ပြုမိန့်သက်တမ်း မကုန်ဆုံးမီ သုံးလကြိုတင်၍ ခွင့်ပြုမိန့် အသစ်ထပ်မံ ထုတ်ပေးရန် လျှောက်ထားရမည်။

## အခန်း(၄)
## ကျောက်မျက်ရတနာလုပ်ငန်းကြီးကြပ်ရေးကော်မတီ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ အစိုးရအဖွဲ့သည် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကျောက်မျက်ရတနာထုတ်လုပ်ခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်းပေးရမည်-

| | | |
|---|---|---|
| (က) | အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ဒုတိယအထွေထွေမန်နေဂျာ | ဥက္ကဋ္ဌ |
| (ခ) | စက်မှုကြီးကြပ်နှင့်စစ်ဆေးရေးဦးစီး ဌာနမှပုဂ္ဂိုလ်တစ်ဦး | အဖွဲ့ဝင် |
| (ဂ) | ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်(၁)ဦး | အဖွဲ့ဝင် |
| (ဃ) | ကျောက်မျက်ရတနာဆိုင်ရာ လုပ်ငန်းအတွေ့အကြုံရှိသူ(၁)ဦး | အဖွဲ့ဝင် |
| (င) | အစိုးရအဖွဲ့ကတာဝန်ပေးအပ်သူ | အတွင်းရေးမှူး |

၇။ ကော်တမတီ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျောက်မျက်ရတနာအချောထည် ထုတ်လုပ်ခြင်း လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးနှင့်စနစ်တကျရှိရေးအတွက် ဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်း၊

(ခ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌တရားမဝင်ထုတ်လုပ်ခြင်း၊ ပြည်ပသို့တရားမဝင်တင်ပို့ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီးနိုင်ရေးအတွက် နည်းလမ်းများရှာကြံ၍ အစိုးရအဖွဲ့သို့အကြံပြု တင်ပြခြင်း၊

(ဂ) အစိုးရအဖွဲ့က လွှဲအပ်သည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သလို လေ့လာစိစစ်ပြီး အကြံပြုချက်များ၊ ထောက်ခံချက်များ တင်ပြခြင်း၊

(ဃ) ခွင့်ပြုမိန့်ထုတ်ပေးရန် အစိုးရအဖွဲ့ထံ စိစစ်တင်ပြခြင်း၊

(င) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သော တာဝန်များကို ထမ်းဆောင်ခြင်း၊

## အခန်း(၅)
## စီမံခန့်ခွဲရေးနည်းလမ်းအရအရေးယူခြင်း

၈။ ခွင့်ပြုမိန့်ရရှိသောကုမ္ပဏီ သို့မဟုတ် အသင်း၏ဒါရိုက်တာဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကဖြစ်စေ ဤဥပဒေအရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့်ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖောက်ဖျက်လျှင် အစိုးရအဖွဲ့သည် အောက်ပါ စီမံ ခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ်ကိုချမှတ်နိုင်သည်-

(က) ခွင့်ပြုမိန့်ဖြင့် လုပ်ကိုင်နေသောလုပ်ငန်းကို ဆိုင်းငံ့ခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း။

## အခန်း(၆)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၉။ ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ခြင်းကို လုပ်ကိုင်ခွင့်သက်တမ်းကျော်လွန်ပြီး လုပ်ကိုင်ခြင်းမပြုရ၊ လုပ်ကိုင်ခွင့်သက်တမ်းကျော်လွန်ပြီး ဆက်လက်လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်(၆)လအထိ ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးစလုံးဖြစ်စေချမှတ်ရမည်။

၁၀။ မည်သူမဆို ဤဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(က)ပါ ဖော်ပြချက်များကို လိုက်နာရန်ပျက်ကွက်လျှင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို ထောင်ဒဏ် ၆ လ အထိဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၁၁။ မည်သူမဆို ကျောက်မျက်ရတနာအရောင်းထည်ထုတ်လုပ်ခြင်းလုပ်ငန်းကို ခွင့်ပြုမိန့်မရှိဘဲ လုပ်ကိုင်ခြင်းမပြုရ၊ ခွင့်ပြုမိန့်မရှိဘဲ လုပ်ကိုင်လျှင် ထိုသူကို ထောင်ဒဏ် ၁ နှစ်အထိဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ရမည်။

၁၂။ မည်သူမဆို ဤဥပဒေ ပုဒ်မ ၈ ပုဒ်မခွဲ(ခ)၊ (ဂ)ပါ ဖော်ပြချက်များကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထိုသူကို ထောင်ဒဏ်(၆)လအထိဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ် စလုံးဖြစ်စေ ချမှတ်ရမည်။

၁၃။ မည်သူမဆို ဤဥပဒေပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန်အားထုတ်ခြင်း၊ ပူးပေါင်းကြံစည်ခြင်း သို့မဟုတ် အားပေးကူညီခြင်းပြုလျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

၁၄။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင်-

(က) ပြစ်မှုနှင့်သက်ဆိုင်သော ကျောက်မျက်ရတနာ၊လက်ဝတ်ရတနာနှင့်ငွေကြေးကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

(ခ) ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုသည့် ယာဉ်၊ တိရစ္ဆာန်နှင့် အခြား ပစ္စည်းကိရိယာတန်ဆာပလာများကိုပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

## အခန်း(၇)
## အထွေထွေ

၁၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည်တရားရုံးရှေ့သို့တင်ပို့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်း ထားကြောင်း အစီရင်ခံစာ သို့မဟုတ် စာရွက်စာတမ်းအထောက်အထားများဖြင့်တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူ၍ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းပြုနိုင်သည်။

၁၆။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်၊ ဥပဒေ မူဘောင်အတွင်းက လိုအပ်သလို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေး ထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
တိုင်းဒေသကြီးအစိုးရအဖွဲ့

# ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ

(၂၀၁၂ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄။)

၁၃၇၃ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၁၂ခုနှစ်၊ မတ် လ ၉ ရက်)

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကမော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကမော်တော်ယာဉ်များ **စနစ်တကျ ပြေးဆွဲနိုင်ရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့** ဆိုသည်မှာ ၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေပုဒ်မ ၉ အရ အစိုးရအဖွဲ့က ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်။

(ဃ) **ကော်မရှင်** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးကော်မတီကို ဖွဲ့စည်းပေးရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးသော ရွေးချယ်ရေးကော်မရှင်ကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက မော်တော်ယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီကို ဆိုသည်၊

(စ) ကော်မတီရုံး ဆိုသည်မှာ ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်ရန် တည်ထောင်ထားသည့်ရုံးကို ဆိုသည်၊

(ဆ) ရုံးအကြီးအကဲ ဆိုသည်မှာ ကော်မတီရုံး၏ ဝန်ထမ်းအကြီးအကဲကို ဆိုသည်၊

(ဇ) ဝန်ထမ်း ဆိုသည်မှာ ကော်မတီက ခန့်အပ်ထားသူများကို ဆိုသည်၊

(ဈ) မော်တော်ယာဉ် ဆိုသည်မှာ စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်မျိုးမျိုးဖြင့် သော်လည်းကောင်း မောင်းနှင်သွားလာနိုင်သည့် ယာဉ်ကို ဆိုသည်၊

(ည) မော်တော်ယာဉ်လိုင်း ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဝင်ထွက်သွားလာပြေးဆွဲနေသည့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်သည့် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်များနှင့် ဖွဲ့စည်းထားသော မော်တော်ယာဉ်လိုင်းကို ဆိုသည်၊

(ဋ) ယာဉ်ပိုင်ရှင် ဆိုသည်မှာ သတ်မှတ်ချက်များနှင့်အညီ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့် ပုဂ္ဂလိကမော်တော်ယာဉ်၏ ပိုင်ရှင်ကို ဆိုသည်၊

(ဌ) ယာဉ်လုပ်သား ဆိုသည်မှာ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့် ပုဂ္ဂလိကပိုင် မော်တော်ယာဉ်၏ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ဆိုသည်၊

(ဍ) နည်းဥပဒေများ ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများကို ဆိုသည်၊

## အခန်း(၂)
## ကော်မတီဖွဲ့စည်းခြင်း

၃။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကော်မတီကို ကော်မရှင်၏ ကြီးကြပ်မှုဖြင့် အောက်ပါ အတိုင်း ဖွဲ့စည်းရမည်-

(က) ယာဉ်ပိုင်ရှင်များက နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ကော်မတီဝင် အနည်းဆုံး ၄း ဦးမှ ကိုးဦးအထိ ပါဝင်ဖွဲ့စည်းရမည်၊

(ဂ) ပုဒ်မခွဲ (က)အရ ရွေးချယ်ခံရသူများက ၎င်းတို့ထဲမှ ကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်ရမည်၊

(ဃ) ကော်မတီသည် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှ တစ်ဆင့် အစိုးရအဖွဲ့အား တာဝန်ခံရမည်။

## အခန်း(၃)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၄။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ သယ်ယူပို့ဆောင်သည့် မော်တော်ယာဉ်များကို မိမိ၏ စီမံခန့်ခွဲမှုအောက်သို့ ပိုမိုဝင်ရောက် လာနိုင်စေရေး စည်းရုံးဆောင်ရွက်ရမည့်အပြင် မော်တော်ယာဉ် ပိုင်ရှင်များ၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ကူညီဆောင်ရွက်ပေးရမည်၊

(ခ) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေစေရန်အတွက် မော်တော်ယာဉ်လိုင်းမျ
အသစ်ဖွဲ့စည်းခြင်း၊ ခရီးစဉ်တိုးချဲ့ခြင်း၊ ခရီးစဉ်ပြောင်းလဲခြင်း၊ ခရီးစဉ်ဖျက်သိ
ခြင်း၊ ယာဉ်အင်အား ပြောင်းလဲခြင်း၊ ယာဉ်အမျိုးအစား ပြောင်းလဲခြင်းတို့
ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုး
အဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ရမည်၊

(ဂ) မော်တော်ယာဉ်လိုင်းဂိတ်များ၊ မှတ်တိုင်များ အသစ်တိုးချဲ့ခြင်း၊ ပြောင်းရွှေ့ခြင်
ဖျက်သိမ်းခြင်းတို့ကို ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေ
အဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ရမည်၊

(ဃ) မိမိ၏စီမံခန့်ခွဲမှုအောက်ရှိ မော်တော်ယာဉ်ကို လက်ရှိမော်တော်ယာဉ်လိုင်း
အခြားမော်တော်ယာဉ်လိုင်းသို့ ပြောင်းရွှေ့ပေးနိုင်ရန်အတွက် ကုန်းလမ်းန
ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သ
တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ရမည်၊

(င) ယာဉ်ပိုင်ရှင်များ၊ယာဉ်လုပ်သားများနှင့် တစ်လလျှင် အနည်းဆုံးတစ်ကြိမ် တွေ့
ဆွေးနွေးရမည်။

(စ) မိမိလက်အောက်ရှိ ဝန်ထမ်းများကို ကြီးကြပ်ရမည်၊

(ဆ) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွ
ရမည်၊

(ဇ) ကော်မတီအစည်းအဝေးကို တစ်လလျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပရမည်၊

(ဈ) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပရမ

(ည) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များ
ဆောင်ရွက်ရမည်။

## အခန်း(၄)
## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

၅။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီရုံးနှင့် လက်အောက်ဌာနခွဲများ ကြီးကြပ်ခြင်း၊

(ခ) မော်တော်ယာဉ်ပိုင်ရှင်များ၊ မော်တော်ယာဉ်လုပ်သားများနှင့် ဝန်ထမ်းများအ
ညှိနှိုင်းပေးခြင်း၊

(ဂ) လိုအပ်ပါက တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ အဖွဲ့အစည်းများနှင့် ညှိနှို
ဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ဌာနများ၊ မော်တော်ယာဉ်လိုင်းများန
မော်တော်ယာဉ်ဂိတ်များလိုက်နာရန် စည်းကမ်းသတ်မှတ်ပေးခြင်း၊

(င) ဝန်ထမ်းများ ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အငြိမ်းစားယူအပြစ်ပေးခြင်း စသည့် ဝန်ထမ်းရေးရာကိစ္စများအပေါ် စီမံခန့်ခွဲခြင်း၊

(စ) အစိုးရအဖွဲ့က အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ကိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ခြင်း၊

## အခန်း(၅)
## ဘဏ္ဍာရေး

ကော်မတီသည်-

(က) နည်းဥပဒေများနှင့်အညီ ရှာဖွေရရှိသော မိမိရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်၊

(ခ) မိမိ၏ ရန်ပုံငွေကို သီးခြားဘဏ်စာရင်း ဖွင့်လှစ်ထားရှိ၍ ကော်မတီ၏လုပ်ငန်းများတွင် သုံးစွဲရမည်၊

(ဂ) ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကော်မတီ၏လုပ်ငန်းများတွင် သုံးစွဲနိုင်သည်၊

(ဃ) မိမိ၏ရန်ပုံငွေရရှိစေရန် နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

ကော်မတီသည်-

(က) ရုံးအကြီးအကဲက ရေးဆွဲတင်ပြသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို စိစစ်ပြီး အစိုးရ အဖွဲ့ထံတင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ခ) မိမိ၏ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်တို့ကို ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ရက်ပေါင်း(၃၀)အတွင်းအစိုးရအဖွဲ့ထံ တင်ပြရမည်။

(ဂ) လစဉ်ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြားရန်ပုံငွေများနှင့် အသုံးစာရင်းများ အတွက် လချုပ်ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများကို အစစ်ဆေးခံနိုင်ရန် ပြုစု ထားရှိရမည့်အပြင် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါတိုင်း နှစ်ပတ်လည် သင်းလုံး ကျွတ်အစည်းအဝေးတွင်တင်ပြရမည်။

## အခန်း(၆)
## ဝန်ထမ်းဖွဲ့စည်းပုံ

ကော်မတီသည်-

(က) လုပ်ငန်းတာဝန်များကို အခြေခံလျက် လိုအပ်သော ဝန်ထမ်းဖွဲ့စည်းပုံကို ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရ အဖွဲ့၏ အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

(ခ) တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများကို ခန့်ထားနိုင်သည်။

(ဂ) ဝန်ထမ်းများခန့်ထားရာတွင် နှစ်စဉ်ရရှိသော ဝင်ငွေ၏ (၃၀)ရာခိုင်နှုန်းထ
ကျော်လွန်သုံးစွဲခြင်းမပြုရ။

(ဃ) ဝန်ထမ်းများကို ကြီးကြပ်ကွပ်ကဲနိုင်ရန် အလို့ငှာ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်မျာ
ရုံးအကြီးအကဲအား လိုအပ်သလို လွှဲအပ်နိုင်သည်။

## အခန်း(၇)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၉။ ကော်မတီသည် ရုံးအကြီးအကဲက စာရင်းများကို နည်းလမ်းတကျ ထိန်းသိ
ထားရှိနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန်အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသ
စာရင်းစစ်ချုပ်ရုံးနှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

၁၀။ ရုံးအကြီးအကဲသည်-

(က) ကော်မတီက သတ်မှတ်ထားသည့် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အ
စာရင်းပြုစု ထိန်းသိမ်းထားရှိရမည်၊

(ခ) ပုဒ်မခွဲ(က)အရ ပြုစုထားသည့်စာရင်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသ
စာရင်းစစ်ချုပ်ရုံးက တာဝန်ပေးအပ်သူ၏ စစ်ဆေးခြင်းကို ခံယူရမည်။

## အခန်း(၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၁။ ဤဥပဒေအရထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်း တစ်ရပ်ရပ်
ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက ကော်မတီသ
အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

၁၂။ အစိုးရအဖွဲ့သည် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့
စိစစ်တင်ပြချက်ဖြင့် လုပ်ငန်းလိုင်စင်၊ မော်တော်ယာဉ်လိုင်းပြေးဆွဲခွင့်ကို ကာလအကန့်အသတ်
ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

## အခန်း(၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၃။ မည်သူမဆို ကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းတစ်ဦးဦးက ကော်မတီ သို့မဟု
ကော်မတီဝန်ထမ်းအဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် သို့မဟုတ် တာဝန်ဝတ္တရ
ဆောင်ရွက်ရန် အားထုတ်နေစဉ် ထိုကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းကို ဟန့်တ
နှောက်ယှက်မှု၊ လက်ရောက်မှု သို့မဟုတ် အနိုင်အထက်ပြုမှု ကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထ
မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်
ဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်စည်းမျဉ်း၊ စည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၅။ ပုဒ်မ ၁၁ အရ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် အဆိုပါ အမိန့်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ဆက်လက်၍ ပျက်ကွက်သည့်နေ့အသီးသီးအတွက် တစ်ရက်လျှင် အနည်းဆုံး ငွေဒဏ်ကျပ် တစ်သောင်းမှ အများဆုံးငွေဒဏ် ကျပ်ငါးသောင်းအထိ ချမှတ်ရမည်။

## အခန်း(၁၀)
## အထွေထွေ

၁၆။ ကော်မတီ၏ သက်တမ်းမှာ(၂)နှစ်ဖြစ်သည်။

၁၇။ ကော်မတီသည် ကိုယ်ပိုင်အမည် တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊စဉ်ဆက်မပြတ် ဆောင်ရွက်ပိုင်ခွင့်၊တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိစေရမည်။

၁၈။ ဤဥပဒေသည် ၁၉၆၃ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း၊ သယ်ယူပို့ဆောင်ရေး လုပ်ငန်းများ ဥပဒေ၊ ၁၉၆၄ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊၁၉၆၅ ခုနှစ်၊ ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ စည်းကမ်းများ ၊၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈တို့နှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၁၉။ ကော်မတီသည်-

(က) ဤဥပဒေအရ ထုတ်ပြန်ထားသည့်အမိန့်၊ အမိန့်ကြော်ငြာစာ၊ညွှန်ကြားချက်များနှင့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန် ပျက်ကွက်သူအား စီမံခန့်ခွဲရေးနည်းလမ်း အရ အရေးယူနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူသည့် ပြစ်မှုများမှအပ ကျန်ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်ရမည်။

၂၀။ ကော်မတီသည် မိမိလုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွင် လိုအပ်ပါက မိမိလက်အောက်ရှိ ဌာနခွဲတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ လွှဲအပ် ဆောင်ရွက်နိုင်သည်။

၂၁။ ကြီးကြပ်မှုကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသည် အစိုးရအဖွဲ့ကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၂။ ပုဒ်မ ၁၃ နှင့် ၁၄ တို့အရ တရားစွဲဆိုရာတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက် ရယူ ရမည်။

၂၃။ ပုဒ်မ ၁၁ အရ ကော်မတီကချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်ပ
ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကုန်းလမ်းနှင့် ပြည်တွင်းရေကြေ
သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၂၄။ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်အပေါ် အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်း မပြုရ၊

(ခ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်၊

## အခန်း(၁၁)
## အထွေထွေ

၂၅။ အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွ
ရာတွင်-

(က) လိုအပ်သော နည်းဥပဒေများကို ပြည်ထောင်စုအစိုးရ၏ ဥပဒေမူဘောင်အတွင်
ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သောအမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ
ထုတ်ပြန်နိုင်သည်။

၂၆။ ကော်မတီသည် ဤပုဂ္ဂလိကရေယာဉ်များစနစ်တကျပြေးဆွဲနိုင်ရေးဥပဒေ
ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော စည်းမျ
စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှ
ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
တိုင်းဒေသကြီးအစိုးရအဖွဲ့

# ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး

# ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး
# ပုဂ္ဂလိကပိုင် ရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေ

(၂၀၁၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅။)

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်
(၂၀၁၂ ခုနှစ်၊ မတ် လ ၉ ရက်)

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးအတွင
စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကပိုင်ရေယာဉ်များ စနစ်တက
ပြေးဆွဲနိုင်ရေးဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသောအောက်ပါစကားရပ်များသည်ဖော်ပြပါအတိုင်း အဓိပ္ပာယ်
သက်ရောက်စေရမည်-

(က) တိုင်းဒေသကြီး ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) အစိုးရအဖွဲ့ ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့ ဆိုသည်မှာ
၁၉၆၃ ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများ
ဥပဒေပုဒ်မ ၉ အရ အစိုးရအဖွဲ့က ဖွဲ့စည်းထားသောအဖွဲ့ကို ဆိုသည်၊

(ဃ) ကော်မရှင် ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပုဂ္ဂလိက ရေယာဉ်များ
စနစ်တကျ ပြေးဆွဲနိုင်ရေးကော်မတီကို ဖွဲ့စည်းပေးရန် အတွက်
တိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းပေးသော ရွေးချယ်ရေးကော်မရှင်ကို ဆိုသည်

(င) ကော်မတီ ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော စစ်ကိုင်းတိုင်းဒေသကြီးအတွင်း
ပုဂ္ဂလိကပိုင် ရေယာဉ်လိုင်းများ ကြီးကြပ်ရေးကော်မတီကို ဆိုသည်၊

(ဓ) ကော်မတီရုံး ဆိုသည်မှာ ကော်မတီလုပ်ငန်းများ ဆောင်ရွက်ရန် တည်ထောင်ထားသည့်ရုံးကို ဆိုသည်၊

(န) ရုံးအကြီးအကဲ ဆိုသည်မှာ ကော်မတီရုံး၏ ဝန်ထမ်းအကြီးအကဲကို ဆိုသည်၊

(ပ) ဝန်ထမ်း ဆိုသည်မှာ ကော်မတီက ခန့်အပ်ထားသူကို ဆိုသည်၊

(ဖ) ရေယာဉ် ဆိုသည်မှာ စက်စွမ်းအားဖြင့်သော်လည်းကောင်း၊ အခြားစွမ်းအင်တစ်မျိုးမျိုးဖြင့် သော်လည်းကောင်း မောင်းနှင်သွားလာနိုင်သည့် ယာဉ်ကို ဆိုသည်၊

(ဗ) ရေယာဉ်လိုင်း ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဝင်ထွက် သွားလာပြေးဆွဲနေသော ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေး လုပ်ငန်းများဆောင်ရွက်သည့် ပုဂ္ဂလိကပိုင် ရေယာဉ်များနှင့် ဖွဲ့စည်းထားသော မော်တော်ယာဉ်လိုင်းကို ဆိုသည်၊

(ဘ) ယာဉ်ပိုင်ရှင် ဆိုသည်မှာ သတ်မှတ်ချက်များနှင့်အညီ ကော်မတီ၏ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့် ပုဂ္ဂလိကပိုင်ရေယာဉ်များ၏ ပိုင်ရှင်ကိုဆိုသည်၊

(မ) ယာဉ်လုပ်သား ဆိုသည်မှာ ကော်မတီ၏ ကြီးကြပ်မှုအောက်တွင် ပြေးဆွဲနေသည့်ပုဂ္ဂလိကပိုင်ရေယာဉ်၏ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များကို ဆိုသည်၊

(ယ) နည်းဥပဒေများ ဆိုသည်မှာ ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများကိုဆိုသည်၊

## အခန်း(၂)
## ကော်မတီဖွဲ့စည်းခြင်း

တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကော်မတီကို ကော်မရှင်၏ ကြီးကြပ်မှုဖြင့်အောက်ပါအတိုင်း ဖွဲ့စည်းရမည်-

(က) ယာဉ်ပိုင်ရှင်များက နည်းဥပဒေများနှင့်အညီ ရွေးချယ်တင်မြှောက်ရမည်၊

(ခ) ကော်မတီဝင် အနည်းဆုံး ငါးဦးမှ ကိုးဦးအထိ ပါဝင်ဖွဲ့စည်းရမည်၊

(ဂ) ပုဒ်မခွဲ (က)အရ ရွေးချယ်ခံရသူများက ၎င်းတို့ထဲမှ ကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့ကို ရွေးချယ်ရမည်၊

(ဃ) ကော်မတီသည် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့အား တာဝန်ခံရမည်။

# အခန်း(၃)
# ကော်မတီ၏ လုပ်ငန်းတာဝန်များ

၄။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ခရီးသည်များကိုဖြစ်စေ၊ ကုန်စည်များကိုဖြစ်စေ၊ သယ်ယူပို့ဆောင်သည့် ရေယာဉ်များကို မိမိ၏ စီမံခန့်ခွဲမှုအောက်သို့ ပိုမိုဝင်ရောက်လာနိုင်စေရေး စည်းရုံးဆောင်ရွက်ရမည့်အပြင် မော်တော်ယာဉ်ပိုင်ရှင်များ၏ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကိုလည်း ကူညီဆောင်ရွက်ပေးရမည်၊

(ခ) ခရီးသည်နှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေစေရန်အတွက် ရေယာဉ်လိုင်းများ အသစ်ဖွဲ့စည်းခြင်း၊ ခရီးစဉ်တိုးချဲ့ခြင်း၊ ခရီးစဉ်ပြောင်းလဲခြင်း၊ ခရီးစဉ်ဖျက်သိမ်းခြင်း၊ ယာဉ်အင်အား ပြောင်းလဲခြင်း၊ ယာဉ်အမျိုးအစား ပြောင်းလဲခြင်းတို့ကို ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှ တစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ရမည်၊

(ဂ) ရေယာဉ်လိုင်းဂိတ်များ၊ မှတ်တိုင်များ အသစ်တိုးချဲ့ခြင်း၊ ပြောင်းရွှေ့ခြင်း၊ ဖျက်သိမ်းခြင်းတို့ကို ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး အဖွဲ့မှ တစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ရမည်၊

(ဃ) မိမိ၏စီမံခန့်ခွဲမှုအောက်ရှိ မော်တော်ယာဉ်ကို လက်ရှိရေယာဉ်လိုင်းမှ အခြား ရေယာဉ်လိုင်းသို့ ပြောင်းရွှေ့ပေးနိုင်ရန်အတွက် ကုန်းလမ်းနှင့် ပြည်တွင်း ရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူကာ ဆောင်ရွက်ရမည်၊

(င) ရေယာဉ်ရှင်များ၊ယာဉ်လုပ်သားများနှင့်တစ်လလျှင် အနည်းဆုံးတစ်ကြိမ် တွေ့ဆုံ ဆွေးနွေးရမည်။

(စ) မိမိလက်အောက်ရှိ ဝန်ထမ်းများကို ကြီးကြပ်ရမည်၊

(ဆ) သတ်မှတ်ထားသည့် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက် ရမည်၊

(ဇ) ကော်မတီအစည်းအဝေးကို တစ်လလျှင် အနည်းဆုံးတစ်ကြိမ်ကျင်းပရမည်၊

(ဈ) နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကို တစ်နှစ်လျှင် တစ်ကြိမ်ကျင်းပရမည်၊

(ည) အစိုးရအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်။

# အခန်း(၄)
# ကော်မတီ၏ လုပ်ပိုင်ခွင့်များ

ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီရုံးနှင့်လက်အောက်ဌာနခွဲများ ကြီးကြပ်ခြင်း၊

(ခ) ရေယာဉ်ပိုင်ရှင်များ၊မော်တော်ယာဉ်လုပ်သားများနှင့်ဝန်ထမ်းများအား ညှိနှိုင်းပေးခြင်း၊

(ဂ) လိုအပ်ပါက တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ဌာနများ၊ ရေယာဉ်လိုင်းများနှင့် ရေယာဉ်ဂိတ်များလိုက်နာရန် စည်းကမ်းသတ်မှတ်ပေးခြင်း၊

(င) ဝန်ထမ်းများ ခန့်ထားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ အရေးယူအပြစ်ပေးခြင်း စသည့်ဝန်ထမ်းရေးရာကိစ္စများအပေါ် စီမံခန့်ခွဲခြင်း၊

(စ) အစိုးရအဖွဲ့က အခါအားလျော်စွာ အပ်နှင်းသည့် လုပ်ကိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

# အခန်း(၅)
# ဘဏ္ဍာရေး

ကော်မတီသည်-

(က) နည်းဥပဒေများနှင့်အညီ ရှာဖွေရရှိသော မိမိရန်ပုံငွေဖြင့်သာ ရပ်တည်ရမည်၊

(ခ) မိမိ၏ရန်ပုံငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ ကော်မတီ၏ လုပ်ငန်းများတွင် သုံးစွဲရမည်၊

(ဂ) ရရှိသော နိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ၍ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကော်မတီ၏လုပ်ငန်းများတွင် သုံးစွဲနိုင်သည်၊

(ဃ) မိမိ၏ရန်ပုံငွေ ရရှိစေရန် နိုင်ငံတော်၏ တည်ဆဲဥပဒေများ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ စီမံခန့်ခွဲနိုင်သည်။

ကော်မတီသည်-

(က) ရုံးအကြီးအကဲက ရေးဆွဲတင်ပြသော နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်းကို စိစစ်ပြီး အစိုးရအဖွဲ့ထံတင်ပြ၍ အတည်ပြုချက်ရယူရမည်၊

(ခ) မိမိ၏ဘဏ္ဍာရေးအခြေအနေနှင့် စာရင်းစစ်ဆေးတွေ့ရှိချက်တို့ကို ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ရက်ပေါင်း(၃၀)အတွင်းအစိုးရအဖွဲ့ထံတင်ပြရမည်။

(ဂ) လစဉ်ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြားရန်ပုံငွေများနှင့် အသုံးစာရင်းမျာ အတွက် လချုပ်ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများကို အစစ်ဆေးခံနိုင်ရ ပြုစုထားရှိရမည့်အပြင် ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့်အခါတိုင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးတွင်တင်ပြရမည်။

## အခန်း(၆)
## ဝန်ထမ်းဖွဲ့စည်းပုံ

၈။ ကော်မတီသည်-

(က) လုပ်ငန်းတာဝန်များကိုအခြေခံလျက် လိုအပ်သောဝန်ထမ်းဖွဲ့စည်းပုံက ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့၏အတည်ပြုချက်ဖြင့် ရေးဆွဲထားရှိရမည်။

(ခ) တည်ဆဲစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဝန်ထမ်းဖွဲ့စည်းပုံအတွင်း ဝန်ထမ်းများက ခန့်ထားနိုင်သည်။

(ဂ) ဝန်ထမ်းများခန့်ထားရာတွင် နှစ်စဉ်ရရှိသောဝင်ငွေ၏ (၃၀)ရာခိုင်နှုန်းထက် ကျော်လွန်သုံးစွဲခြင်းမပြုရ။

(ဃ) ဝန်ထမ်းများကိုကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များကို ရုံးအကြီးအကဲအား လိုအပ်သလိုလွှဲအပ်နိုင်သည်။

## အခန်း(၇)
## ရန်ပုံငွေထိန်းသိမ်းခြင်းနှင့် စာရင်းစစ်ဆေးခြင်း

၉။ ကော်မတီသည် ရုံးအကြီးအကဲက စာရင်းများကိုနည်းလမ်းတကျ ထိန်းသိမ်းထားရှိနိုင်ရန်နှ စစ်ဆေးခြင်းပြုနိုင်ရန်အလို့ငှာ ငွေစာရင်းလုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစ ချုပ်ရုံးနှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။

၁၀။ ရုံးအကြီးအကဲသည်-

(က) ကော်မတီက သတ်မှတ်ထားသည့်ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြု ထိန်းသိမ်းထား ရှိရမည်။

(ခ) ပုဒ်မခွဲ(က)အရ ပြုစုထားသည့် စာရင်းများနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးစာရင်းစ ချုပ်ရုံးက တာဝန်ပေးအပ်သူ၏ စစ်ဆေးခြင်းကိုခံယူရမည်။

## အခန်း(၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၁။ ဤဥပဒေအရထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက်၊ စည်းမျဉ်းစည်းကမ်းတစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန်ပျက်ကွက်ကြောင်းတွေ့ရှိပါက ကော်မတီသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

၁၂။ အစိုးရအဖွဲ့သည် ကုန်းလမ်းနှင့်ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးအဖွဲ့၏ တင်ပြချက်ဖြင့် လုပ်ငန်းလိုင်စင်၊ ရေယာဉ်လိုင်းပြေးဆွဲခွင့်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

## အခန်း(၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၃။ မည်သူမဆို ကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းတစ်ဦးဦးက ကော်မတီ သို့မဟုတ် ကော်မတီဝန်ထမ်း အဖြစ်ဖြင့် တာဝန်ဝတ္တရားဆောင်ရွက်နေစဉ် သို့မဟုတ် တာဝန် ဝတ္တရား ကိုဆောင်ရွက်ရန်အားထုတ်နေစဉ် ထိုကော်မတီဝင် သို့မဟုတ် ကော်မတီဝန်ထမ်းကို ဟန့်တား နှောင့်ယှက်မှု၊ လက်ရောက်မှု သို့မဟုတ် အနိုင်အထက်ပြုမှု ကျူးလွန်လျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်စည်းမျဉ်း၊ စည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၅။ ပုဒ်မ ၁၁ အရ စီမံခန့်ခွဲရေးဆိုင်ရာအမိန့်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် အဆိုပါအမိန့်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ဆက်လက်၍ ပျက်ကွက်သည့်နေ့အသီးသီးအတွက် တစ်ရက်လျှင် အနည်းဆုံး ငွေဒဏ် ကျပ်တစ်သောင်းမှ အများဆုံးငွေဒဏ် ကျပ်ငါးသောင်းအထိ ချမှတ်ရမည်။

# အခန်း(၁၀)
# အထွေထွေ

၁၆။ ကော်မတီ၏ သက်တမ်းမှာ (၂)နှစ် ဖြစ်သည်။

၁၇။ ကော်မတီသည် ကိုယ်ပိုင်အမည်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆောင်ရွ ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့် ရှိစေရမည်။

၁၈။ ဤဥပဒေသည် ၁၉၆၃ခုနှစ် ၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင် လုပ်ငန်းများ ဥပဒေ၊ ၁၉၆၄ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင် လုပ်ငန်းများဆိုင်ရာ နည်းဥပဒေများ၊၁၉၆၅ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ် ပို့ဆောင်ရေးလုပ်ငန်းများဆိုင်ရာ စည်းကမ်းများ၊ ၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉၈တို့နှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သ

၁၉။ ကော်မတီသည်-

(က) ဤဥပဒေအရ ထုတ်ပြန်ထားသည့်အမိန့် ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်ပျက်ကွက်သူအား စီမံခန့်ခွဲရေးနည်းလ အရ အရေးယူနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင် ဖော်ပြထားသည့် စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူသ ပြစ်မှုများမှအပ ကျန်ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအ သတ်မှတ်ရမည်။

၂၀။ ကော်မတီသည် မိမိလုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ရာတွ လိုအပ်ပါက မိမိလက်အောက်ရှိ ဌာနခွဲတစ်ခုခုကိုဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦးကိုဖြစ်စေ၊ လွှဲအ ဆောင်ရွက်နိုင်သည်။

၂၁။ ကြီးကြပ်မှုကော်မတီတွင် ပါဝင်သည့် နိုင်ငံ့ဝန်ထမ်းမဟုတ်သော ကော်မတီဝင်များသ အစိုးရအဖွဲ့ကသတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၂၂။ ပုဒ်မ ၁၃ နှင့် ၁၄ တို့အရ တရားစွဲဆိုရာတွင် အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက် ရ ရမည်။

၂၃။ ပုဒ်မ ၁၁ အရ ကော်မတီက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအမိန့်ကို မကျေနပ်ပါ ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကုန်းလမ်းနှင့် ပြည်တွင်းရေကြော သယ်ယူပို့ဆောင်ရေးအဖွဲ့မှတစ်ဆင့် အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

၂၄။ စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်အပေါ် အယူခံမှုနှင့်စပ်လျဉ်း၍ -

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်း မပြုရ။

(ခ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၁၁)

## အထွေထွေ

၅၅။ အစိုးရအဖွဲ့သည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ တွင်-

(က) လိုအပ်သော နည်းဥပဒေများကို ပြည်ထောင်စုအစိုးရ၏ ဥပဒေမူဘောင်အတွင်းမှ ထုတ်ပြန်နိုင်သည်။

(ခ) လိုအပ်သော အမိန့်၊ အမိန့်ကြော်ငြာစာ ၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၅၆။ ကော်မတီသည် ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာဒေး

ဝန်ကြီးချုပ်

တိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ

( ၂၀၁၂ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၉ ။ )

၁၃၇၄ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၉ ရက်
( ၂၀၁၂ ခုနှစ် ၊ အောက်တိုဘာ လ ၉ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) စည်ပင်သာယာရေးအဖွဲ့ ဆိုသည်မှာ စည်ပင်သာယာရေးကိစ္စရပ်များ ဆောင်ရွက်ရန် နယ်နိမိတ်ပိုင်းခြားသတ်မှတ်သည့် ဒေသတွင် ဖွဲ့စည်းသော အဖွဲ့ကို ဆိုသည်၊ ယင်းစကားရပ်တွင် ကော်မတီနှင့် ဝန်ထမ်းအဖွဲ့တို့ ပါဝင်သည်၊

(ခ) တိုင်းဒေသကြီး ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်၊

(ဂ) အစိုးရ ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကို ဆိုသည်၊

(ဃ) အစိုးရအဖွဲ့ ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်၊

(င) ဝန်ကြီး ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(စ) ညွှန်ကြားရေးမှူး ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ဝန်ထမ်း အကြီးအမှူးကို ဆိုသည်၊

(ဆ) တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဆိုသည်မှာ စစ်ကိုင်းတိုင်း ဒေသကြီး စည်ပင်သာယာရေးအဖွဲ့ကို ဆိုသည်၊

(ဇ) ကော်မတီဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းသော စည်ပင်သာယာရေး ကော်မတီကို ဆိုသည်၊

(ဈ) ဝန်ထမ်းအဖွဲ့ ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့၏ ဝန်ထမ်းအဖွဲ့ကို ဆိုသည်၊

(ည) အမှုဆောင်အရာရှိ ဆိုသည်မှာစည်ပင်သာယာရေးအဖွဲ့ရုံး ဝန်ထမ်း အကြီးအမှူးကို ဆိုသည်၊

(ဋ) တာဝန်ခံအင်ဂျင်နီယာ ဆိုသည်မှာ စည်ပင်သာယာရေးအဖွဲ့ရုံး အင်ဂျင်နီယာဝန်ထမ်း အကြီးအမှူးကို ဆိုသည်၊

(ဌ) စည်းကမ်းများ ဆိုသည်မှာ ဤဥပဒေအရ အစိုးရကထုတ်ပြန်သော စည်းကမ်းများကို ဆိုသည်၊

(ဍ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်း ဆိုသည်မှာ လုပ်ငန်းသဘာဝအရ လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်ပုံ၊ ဆောင်ရွက်နည်းများအရ လည်းကောင်း လူ၏အသက် သို့မဟုတ် ကျန်းမာရေးကို အန္တရာယ် ဖြစ်စေနိုင်သော ပစ္စည်းများကို ထိခိုက်ပျက်စီး စေနိုင်သော သို့မဟုတ် အနှောင့်အယှက်ဖြစ်စေနိုင်သော လုပ်ငန်းကို ဆိုသည်၊

(ဎ) အခွန် ဆိုသည်မှာ ဤဥပဒေအရ စည်းကြပ်သည့် အခွန်ကိုဆိုသည်။ ယင်းစကားရပ်တွင် အခွန် ၊ အခ ၊ အကောက်နှင့် ဒဏ်ကြေးတို့လည်း ပါဝင်သည်၊

(ဏ) အငှားယာဉ် ဆိုသည်မှာ ခရီးသည် ၊ ကုန်ပစ္စည်းသယ်ပို့ရန် အခကြေး ငွေယူ၍ သယ်ယူပို့ဆောင်ခြင်း၊ ငှားရမ်းခြင်းပြုသည့် လူအင်အား သို့မဟုတ် တိရစ္ဆာန်အင်အားကို အသုံးပြုသော ဘီးတပ်ယာဉ်ကိုဆိုသည်၊

(တ) အငှားယာဉ်မောင်းသူ ဆိုသည်မှာ အငှားယာဉ်ကိုနင်းသူ ၊ တွန်းသူ ၊ ဆွဲသူ၊ မောင်းသူတို့ကို ဆိုသည်၊

(ထ) ကူးတို့လုပ်ငန်း ဆိုသည်မှာ မြစ်၊ ချောင်း သို့မဟုတ် အင်းများတွင် ခရီးသည်၊ ကုန်ပစ္စည်း၊ တိရစ္ဆာန် ၊ ယာဉ်များကို အခကြေးငွေယူ၍ လှေ၊ သမ္ဗာန်၊ စက်တပ်ရေယာဉ်၊ သင်္ဘော စသည်တို့ဖြင့် သယ်ယူ ပို့ဆောင်သည့် အများပြည်သူဆိုင်ရာ ကူးတို့ လုပ်ငန်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကူးတို့၊ တံတား၊ ကူးတို့ဆိပ်ခံနှင့် ကူးတို့ဆိပ် တို့လည်း ပါဝင်သည်။

## အခန်း (၂)
## စည်ပင်သာယာရေးအဖွဲ့ဖွဲ့စည်းခြင်း

၃။ အစိုးရသည် တိုင်းဒေသကြီးအတွင်းတွင် စည်ပင်သာယာရေးအဖွဲ့များကို အောက်ပါအတိုင်း ဖွဲ့စည်းနိုင်သည်-

(က) မြို့နယ်တစ်ခုကိုဖြစ်စေ၊ မြို့နယ်ခွဲတစ်ခုကိုဖြစ်စေ၊ မြို့တစ်မြို့ကိုဖြစ်စေ၊ နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသော မြို့နယ်များ၊ မြို့နယ်ခွဲများ သို့မဟုတ် မြို့များကို စုစည်း၍ဖြစ်စေ စည်ပင်သာယာရေးလုပ်ငန်းများ ဆောင်ရွက်ရန် စည်ပင်သာယာရေးအဖွဲ့ကို ဖွဲ့စည်းခြင်း၊ ပြောင်းလဲ ပြင်ဆင်ခြင်း သို့မဟုတ် နုတ်ပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ နယ်နိမိတ်၊ မြို့နယ်ခွဲ စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့များ သို့မဟုတ် မြို့နှင့် တစ်ဆက်တစ်စပ်တည်းရှိသော ကျေးရွာများ သို့မဟုတ် မြို့အသွင်ဖွံ့ဖြိုးတိုးတက်နေသောကျေးရွာများ၌ မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများဆောင်ရွက်ရန် မြို့စည်ပင်သာယာရေးနယ်နိမိတ်ကို သတ်မှတ်နိုင်သည်။

## အခန်း ( ၃ )
## ကော်မတီဖွဲ့စည်းခြင်း

[illegible] အစိုးရသည် စည်ပင်သာယာရေးအဖွဲ့၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် စည်ပင်သာယာရေးကော်မတီကို သတ်မှတ်သောအရည်အချင်းနှင့်ပြည့်စုံသည့် နိုင်ငံသားများဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။ ကော်မတီကို အဖွဲ့ဝင် အနည်းဆုံး ၅ ဦးမှ အများဆုံး ၉ ဦးဖြင့် ဖွဲ့စည်းရမည်။

[illegible] အစိုးရသည် ကော်မတီအဖွဲ့ဝင်များကို ရွေးချယ်ဖွဲ့စည်းပြီးနောက် ဥက္ကဋ္ဌကို သတ်မှတ်ရမည်။

[illegible] အမှုဆောင်အရာရှိသည် ကော်မတီ၏ အတွင်းရေးမှူးဖြစ်သည်။

[illegible] အစိုးရသည် ကော်မတီကို ဖွဲ့စည်းခြင်းမပြုနိုင်သည့်အခါတွင်ဖြစ်စေ၊ ဖွဲ့စည်းထားသည့် ကော်မတီသည် ယင်း၏တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်နိုင်စွမ်း မရှိသည့်အခါတွင်ဖြစ်စေ ကော်မတီ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်စေရန် အမှုဆောင်အရာရှိ၊ တာဝန်ခံအင်ဂျင်နီယာ သို့မဟုတ် သင့်လျော် သော နိုင်ငံသားတစ်ဦးကို တာဝန်ပေးအပ်နိုင်သည်။

[illegible] ကော်မတီသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲခံနိုင်ခွင့်ရှိစေရမည်။

## အခန်း ( ၄ )
## လုပ်ငန်းတာဝန်များ

[illegible] အစိုးရသည် စည်ပင်သာယာရေးအဖွဲ့က အောက်ပါလုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ တည်ဆဲ ဥပဒေများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြီးကြပ်ကွပ်ကဲခြင်းပြုရမည်-

(က) မြို့ပြစီမံကိန်းများ ရေးဆွဲဆောင်ရွက်ခြင်း၊

(ခ) ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဃ) မီးလွှာလုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(င) လမ်းမီးပေးရေးလုပ်ငန်းများဆောင်ရွက်ခြင်း၊
(စ) စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများတည်ထောင်ခြင်း ၊ ကြီးကြပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊
(ဆ) ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊
(ဇ) ကျွဲ ၊ နွား ပွဲဈေးများ တည်ထောင်ခြင်း၊ ကြီးကြပ်ခြင်း၊
(ဈ) လမ်းဘေးဈေးဆိုင်များ ကြီးကြပ်ခြင်း၊
(ည) မုန့်ဖိုများ၊ စားသောက်ဆိုင်များ ကြီးကြပ်ခြင်း၊
(ဋ) အန္တရာယ်ရှိစေနိုင်သောလုပ်ငန်းများ ကြီးကြပ်ခြင်း၊
(ဌ) မီးဘေး၊ ရေဘေး၊ လေဘေး၊ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အထောက်အကူပြု လုပ်ငန်းများ ဆောင်ရွက်ခြင်း၊
(ဍ) သားသတ်ရုံများတည်ထောင်ခြင်း၊ စားသုံးရန် ခြေလေးချောင်း တိရစ္ဆာန်များ သတ်ဖြတ်ခွင့်ပြုခြင်း၊ အသားရောင်းချခြင်းကို ကြီးကြပ်ခြင်း၊
(ဎ) ကူးတို့လုပ်ငန်းများ စီမံခန့်ခွဲခြင်း၊
(ဏ) အပေါင်ဆိုင်လုပ်ငန်းများ ကြီးကြပ်ခြင်း၊
(တ) အနေးယာဉ်များ စီမံခန့်ခွဲခြင်း၊
(ထ) လမ်း၊ တံတားများ တည်ဆောက်ခြင်း၊ ဖြတ်သန်းခကောက်ခံခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊
(ဒ) လမ်းစည်းကမ်းနှင့် လမ်းအသုံးချမှုသတ်မှတ်ခြင်း၊ လမ်းအမည်သတ်မှတ်ခြင်း၊ အဆောက်အအုံအမှတ် သတ်မှတ်ခြင်း၊
(ဓ) စည်ပင်သာယာရေးအဖွဲ့ပိုင် အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊
(န) မြို့စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊
(ပ) မြို့စည်ပင်သာယာရေးနယ်နိမိတ်ပြင်ပရှိ ကျေးလက်ဒေသတို့တွင် နယ်နိမိတ်ပိုင်းခြား သတ်မှတ်ကြေညာ၍ ယင်းနယ်နိမိတ်အတွင်း ပုဂ္ဂလိကပိုင် အဆောက်အအုံများ ဆောက်လုပ်ခွင့်ပြုခြင်း ၊ ကြီးကြပ်ခြင်း၊
(ဖ) ကျူးကျော်အဆောက်အအုံများ ဖျက်သိမ်းခြင်း၊
(ဗ) တည်းခိုခန်းများ၊ အခန်းလိုက်ငှားရမ်းသောအဆောက်အအုံများ ဖွင့်လှစ်ခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်း၊

(ဘ) မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းကို ကြီးကြပ်ခြင်း၊ တိရစ္ဆာန်အသေကောင်များကို သုတ်သင် ရှင်းလင်းစေခြင်း၊

(မ) လေလွင့်သွားလာနေသော ရူးသွပ်သူ၊ ကုဋ္ဌနူနာရောဂါစွဲကပ်သူနှင့် တောင်းရမ်းစားသူများကို ဖမ်းဆီး၍ သက်ဆိုင်ရာသို့အပ်နှံခြင်း၊

(ယ) လေလွင့်သွားလာနေသော တိရစ္ဆာန်များကို ဖမ်းဆီးထိန်းသိမ်း စီမံ ခန့်ခွဲခြင်း၊

(ရ) ပန်းဥယျာဉ်၊ ပန်းခြံ၊ ကစားကွင်း၊ ရေကူးကန်၊ ရေချိုးဆိပ်၊ အပန်းဖြေ နေရာများ၊ အဝေးပြေးယာဉ်ရပ်နားစခန်းများတည်ထောင်ခြင်း၊ ပြင်ဆင် ထိန်းသိမ်းခြင်း၊

(လ) သုသာန်များသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် သင်္ဂြိုဟ်စက်များ တည်ထောင်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်း၊

(ဝ) အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုသာန်များကို ဖျက်သိမ်းခြင်း၊ ဖျက်သိမ်းသည့် သုသာန်မြေကို အခြားနည်းအသုံးပြုခြင်း၊

(သ) အများပြည်သူအကျိုးပြု အခြားစည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဟ) အစိုးရက အခါအားလျော်စွာသတ်မှတ်ပေးသည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း ( ၅ )
## ကော်မတီ၏ လုပ်ပိုင်ခွင့်များ

ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) အစိုးရ၏ခွင့်ပြုချက်ဖြင့် တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးကိစ္စရပ်များနှင့် သက်ဆိုင်သော အခွန်အမျိုးအစားနှင့် နှုန်းထားသတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊ စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်း၊

(ခ) ပြည်ထောင်စုအစိုးရထံမှဖြစ်စေ၊ အစိုးရထံမှဖြစ်စေ၊ ပြည်တွင်းပြည်ပအဖွဲ့ အစည်းများထံမှဖြစ်စေ တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ မိမိတာဝန်ဖြင့် ငွေချေးယူခြင်း၊ အထောက်အပံ့များရယူခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ပြည်ပအဖွဲ့အစည်း သို့မဟုတ် ပြည်ပပုဂ္ဂိုလ်တို့နှင့် ဆက်သွယ်၍ စည်ပင်သာယာရေးအထောက်အကူပြု လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ဃ) အစိုးရ၏ခွင့်ပြုချက်ဖြင့် ပြည်တွင်းအဖွဲ့အစည်းများ သို့မဟုတ် ပြည်တွင်းပုဂ္ဂိုလ်များနှင့် ဆက်သွယ်၍ စည်ပင်သာယာရေး အထောက် အကူပြု လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(င) အစိုးရ၏ခွင့်ပြုချက်ဖြင့် အဆောက်အအုံများငှားရမ်း၍ဖြစ်စေ၊ မြေများငှားရမ်း၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ရရှိသည့်နိုင်ငံခြားငွေကို တည်ဆဲဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စည်ပင်သာယာရေးကိစ္စရပ်များအတွက် သုံးစွဲခြင်း၊

(စ) အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့်သတ်မှတ်ထားသည့် အဆောက်အအုံများမှအပ နိုင်ငံပိုင်အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ စစ်ဆေးခြင်း၊ စစ်ဆေးတွေ့ရှိချက်ကို တင်ပြခြင်း၊

၁၁။ ကော်မတီသည် အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးကိစ္စရပ်များနှင့်စပ်လျဉ်း စည်းကမ်းများရေးဆွဲတင်ပြခြင်း၊

(ခ) တည်ဆဲဥပဒေ ၊ နည်းဥပဒေများနှင့်အညီ စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ပုံငွေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဂ) လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းများအလိုက် အဖွဲ့ငယ်များဖွဲ့စည်း၍ ဆောင်ရွက်ခြင်း၊

(ဃ) စည်ပင်သာယာရေးကိစ္စရပ်များ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရန် ခေတ်မီတိုးတက်သည့် နည်းလမ်းများ၊ စနစ်များဖြင့် ဆောင်ရွက်ခြင်း၊

(င) လုပ်ငန်းတာဝန်များကိုဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(စ) အစိုးရက အခါအားလျော်စွာအပ်နှင်းသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးခြင်း။

## အခန်း ( ၆ )
## အခွန်စည်းကြပ်ကောက်ခံခြင်း

၁၂။ ကော်မတီသည် အစိုးရ၏ ခွင့်ပြုချက်ဖြင့် မြို့နယ်စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ၊ မြို့နယ်ခွဲ စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ၊ မြို့စည်ပင်သာယာရေးနယ်နိမိတ်တွင်ဖြစ်စေ အောက်ပါအခွန်များကို စည်းကြပ်ကောက်ခံနိုင်သည်-

(က) အဆောက်အအုံနှင့် မြေခွန်၊

(ခ) ရေခွန်၊ လမ်းမီးခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်၊ အများသုံး အိမ်သာခွန်၊

(ဂ) ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များ၊ အိမ်မွေးခွေးနှင့် အခြားတိရစ္ဆာန်များအပေါ် ကောက်ခံသည့် အခွန်၊

(ဃ) ပြင်ပမှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဝင်ရောက်ရပ်နားသော ယာဉ်များ၊ လူစီးနှင့် ဝန်တင်တိရစ္ဆာန်များအပေါ် ကောက်ခံသည့်အခွန်၊

(င) ဤဥပဒေကခွင့်ပြုသည့် စည်ပင်သာယာရေးဆိုင်ရာ အခြားအခွန်များ။

၁၃။ ကော်မတီသည် အောက်ပါအချက်များအပေါ် အခြေခံ၍ အခွန်စည်းကြပ်ခြင်း၊ ကောက်ခံခြင်း ပြုရမည်-

(က) အဆောက်အအုံနှင့် မြေခွန်တို့ကို စည်းကြပ်ရာတွင် တစ်နှစ်ငှားရမ်းခ တန်ဖိုး၏ ၁၀ ရာခိုင်နှုန်း ထက်မပိုစေဘဲ စည်းကြပ်ရန်၊

(ခ) ဝန်ဆောင်ခွန်များ စည်းကြပ်ရာတွင် ဝင်ငွေနှင့် အသုံးစရိတ် မျှတစေရန်၊

(ဂ) စည်ပင်သာယာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်စေရန်၊

(ဃ) အဆောက်အအုံနှင့်မြေခွန်ကို ပိုင်ရှင်ထံမှ စည်းကြပ်ကောက်ခံရန်နှင့် ဝန်ဆောင်ခွန်ကို လက်ရှိနေထိုင်သူထံမှ စည်းကြပ်ကောက်ခံရန်၊

(င) အစိုးရကစီမံခန့်ခွဲသော ပုဂ္ဂလိကပိုင် အဆောက်အအုံနှင့်မြေခွန်တို့ကို စည်းကြပ်ရာတွင် ယင်းအဆောက်အအုံနှင့်မြေမှ ဝင်ငွေအားလုံး၏ ၅ရာခိုင်နှုန်းထက်မပိုစေဘဲ စည်းကြပ်ရန်။

၁၄။ ကော်မတီသည် အဆောက်အအုံနှင့် မြေခွန်၊ ဝန်ဆောင်ခွန်များ စည်းကြပ်ကောက်ခံရန် အဆောက်အအုံနှင့်မြေ၏ တစ်နှစ်ငှားရမ်းခတန်ဖိုးကို အခါအားလျော်စွာ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

၁၅။ ကော်မတီသည် စည်ပင်သာယာရေးဆိုင်ရာ လုပ်ငန်းလိုင်စင်ခများ ၊ အဖွဲ့ပိုင်ဈေးများမှ ဈေးဆိုင်ခန်းခ၊ ဈေးကောက်များနှင့် ပုဂ္ဂလိကပိုင်ဈေးများ တည်ထောင်ခွင့်လိုင်စင်ခတို့ကို အခါအားလျော်စွာ သတ်မှတ်ကောက်ခံခြင်း၊ ပြင်ဆင်ကောက်ခံခြင်းပြုနိုင်သည်။

၁၆။ ကော်မတီသည် အခွန်တစ်ရပ်ရပ်ကို ဖျက်သိမ်းခြင်း ၊ အခွန်ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်းတို့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) စည်းကြပ်သော အခွန်တစ်ရပ်ရပ်ကို အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဖျက်သိမ်းခြင်း၊ နှုန်းထား ပြင်ဆင်ခြင်း သို့မဟုတ် ကောက်ခံခြင်းကို ခေတ္တရပ်ဆိုင်းထားခြင်း၊

(ခ) ခိုင်လုံသောအကြောင်းရှိပါက အခွန်ထမ်းတစ်ဦးဦးပေးဆောင်ရန်ရှိသော အခွန်ကို ကင်းလွတ်ခွင့်ပြုခြင်း၊ လျှော့ပစ်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပေးဆောင်ပြီးသော အခွန်ကို ပြန်လည်ထုတ်ပေးခြင်း။

၁၇။ အမှုဆောင်အရာရှိသည် အခွန်ကြွေးကျန်များနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အခွန်ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံခြင်း၊

(ခ) ပုဒ်မခွဲ(က)ပါ ကိစ္စဆောင်ရွက်ရန်အလို့ငှာ တည်ဆဲဥပဒေများအရ ကော်လိပ်တော် အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

# အခန်း(၇)
# စည်ပင်သာယာရေးလုပ်ငန်းများ စီမံခန့်ခွဲခြင်း

၁၈။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ အဆောက်အဒ မြေတို့နှင့် စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ စည်းကမ်းများနှင့်အညီ လိုက်နာ ဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင်၊ မြေပိုင်ရှ သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားခြင်း၊ ဆောင်ရွက်ခြင်း ပြုနိုင်သည်-

(က) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့် ညီညွတ် မရှိဘဲဖြစ်စေ အဆောက်အအုံဆောက်လုပ်သည်ကို သို့မဟုတ် ပြင်ဆ ဆောက်လုပ်သည်ကို ရပ်ဆိုင်းထားစေခြင်း၊ ပြန်လည်ပြုပြင်စေခြင်း ဖြိုဖျက်စေခြင်း သို့မဟုတ် ဖြိုဖျက်ခြင်း၊

(ခ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက် စသည်များပေါ်တွင် ဝင်းခြံနေရာ တိုးချဲ့သတ်မှတ်ခြင်း၊ အဆောက် အအုံဖြစ်စေ၊ အဆောက်အအုံ၏ အစိတ်အပိုင်းဖြစ်စေ ကျူးကျော် ဆောက်လုပ်သည်ကို ဖယ်ရှားစေခြင်း သို့မဟုတ် ဖယ်ရှားခြင်း၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ တံတားတည်ဆောက်ခြင်း ပြင်ဆင်မွမ်းမံခြင်း ပြုရာတွင် မလွတ်ကင်းသော ဝင်းခြံနေရာ၊ အဆောက် အအုံ သို့မဟုတ် အဆောက်အအုံ၏ အစိတ်အပိုင်းကို ဖယ်ရှားစေခြင်း သို့မဟုတ် ဖယ်ရှားခြင်း၊

(ဃ) အများပြည်သူဆိုင်ရာနေရာတွင် ရေစီးရေလာနှင့် ယာဉ်အသွားအလာကို အနှောင့် အယှက် ဖြစ်စေသောအရာများကို ဖယ်ရှားစေခြင်း သို့မဟုတ် ဖယ်ရှားခြင်း၊

(င) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် လူနေထိုင်ရန် မသင့်လျော်သည့် မြို့အင်္ဂါရပ်နှင့် မညီညွတ်သည့် အဆောက်အအုံကိုဖြစ်စေ၊ အဆောက် အအုံ၏ အစိတ်အပိုင်းကိုဖြစ်စေ ပြုပြင်စေခြင်း၊ ဖြိုဖျက်စေခြင်း၊ ဖြိုဖျက်ခြင်း သို့မဟုတ် နေထိုင်သူများကို ဖယ်ရှားစေခြင်း၊ ဖယ်ရှားခြင်း၊

(စ) အဆောက်အအုံ၊ ဝင်းခြံတို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း၊

(ဆ) ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း သို့မဟုတ် မပြုပြင်သည့် ဝင်းခြံကို ပြုပြင်စေခြင်း၊

(ဇ) အန္တရာယ်ရှိစေနိုင်သည့် သို့မဟုတ် သန့်ရှင်းသပ်ယပ်မှုမရှိသည့် သစ်ပင်၊ ချုံပင်များကို ခုတ်ထွင်ရှင်းလင်းစေခြင်း သို့မဟုတ် ချိုင့်ဝှမ်းကို မြေဖို့ စေခြင်း၊

[illegible] ပုဒ်မ ၁၈ ပုဒ်မခွဲ(စ)၊ (ဆ) နှင့် (ဇ) တို့အရ လိုက်နာဆောင်ရွက်ရန် လက်ရှိနေထိုင်သူအား ညွှန်ကြားလျှင် လက်ရှိနေထိုင်သူသည် ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။ လက်ရှိနေထိုင်သူသည် တရားဝင်အိမ်ငှားဖြစ်လျှင် ထိုကုန်ကျစရိတ်ကို မြေပိုင်ရှင်ထံမှ တောင်းခံခွင့် သို့မဟုတ် ငှားရမ်းခမှ ခုနှိမ်ခွင့်ရှိသည်။

[illegible] ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ ရေတွင်း၊ ရေကန်၊ ရေမြောင်း၊ မိလ္လာ အညစ်အကြေးတို့နှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန် ပိုင်ရှင်၊ မြေပိုင်ရှင် သို့မဟုတ် လက်ရှိနေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အန္တရာယ်ရှိစေနိုင်သော ရေတွင်း၊ ရေကန်၊ ရေအိုင်များကို ကာရံစေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ခ) ကျန်းမာရေးနှင့်မညီညွတ်သော ရေတွင်း ၊ ရေကန် ၊ ရေလှောင်ကန် ၊ ရေစည် ၊ ရေအိုင် စသည်တို့ကို ဆေးကြောသုတ်သင်စေခြင်း၊ ပြုပြင်စေခြင်း၊ ရေဖြည့်စေခြင်း သို့မဟုတ် ဖုံးအုပ်စေခြင်း၊

(ဂ) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့်ရေကြောင့် အများပြည်သူနှင့် သက်ဆိုင်သောလမ်းနှင့် အခြားပစ္စည်းများကို ထိခိုက်ပျက်စီးခြင်းမရှိစေရန်နှင့် ရေစီးရေလာကောင်းစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်း စသည်တို့ကို ပြုလုပ်စေခြင်း သို့မဟုတ် ပြုပြင်စေခြင်း၊

(ဃ) စက်ရုံ အလုပ်ရုံ အဆောက်အအုံတို့မှ ရေကောင်းမွန်စွာထုတ်ပစ်နိုင်ရန် မြေကိုပြုပြင်စေခြင်း၊ ရေဆိုးများအား ပတ်ဝန်းကျင်ညစ်ညမ်းမှု မဖြစ်စေရန် စနစ်တကျသန့်စင်ပြီး စွန့်ပစ်စေခြင်း၊

(င) စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံနှင့် မြေတို့တွင် ရေချိုးအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို စီမံထားရှိစေခြင်း၊

(စ) ခွင့်ပြုချက်မရှိဘဲဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်များနှင့် ညီညွတ်မှုမရှိဘဲဖြစ်စေ ပြုလုပ်ထားသည့် ရေချိုးအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန် စသည်တို့ကို ပိတ်ထားစေခြင်း ၊ ဖျက်သိမ်းစေခြင်း သို့မဟုတ် ပြောင်းလဲပြင်ဆင်စေခြင်း၊

(ဆ) မိလ္လာပိုက် သို့မဟုတ် ရေပိုက်ကို အခြားသူတစ်ဦး ပိုင်ဆိုင်သည့် ဆက်စပ်နေသောမြေကို ဖြတ်၍ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း၊

(ဇ) မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏မြေကိုဖြတ်၍ ဆောင်ရွက်ခြင်းကြောင့် မြေပိုင်ရှင်တွင် နစ်နာမှုရှိလျှင် ထိုနစ်နာမှုအတွက် ကော်မတီက

သတ်မှတ်သည့် သင့်လျော်သော လျော်ကြေးငွေကို မိလ္လာပိုက်၊ ရေပိုက်
ဆက်သွယ်သူက နစ်နာသူအား ပေးစေခြင်း၊

(ဈ) ဘေးဖြစ်စေတတ်သော ဓာတုအရည် ၊ ကူးစက်စေတတ်သော စွန့်ပစ်
အရည်များကို အများပြည်သူဆိုင်ရာနေရာတွင် စွန့်ပစ်ခြင်းမပြုလုပ်ရ
တားမြစ်ခြင်း။

၂၁။ ကော်မတီသည် မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း အောက်ပ
ကိစ္စရပ်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အည
လိုက်နာဆောင်ရွက်စေရန် အဆောက်အအုံပိုင်ရှင် သို့မဟုတ် မြေပိုင်ရှင် သို့မဟုတ် လက်
နေထိုင်သူအား ညွှန်ကြားနိုင်သည်-

(က) အမှိုက်များနှင့် နံစော်နေသောအရာဝတ္ထုများကို စွန့်ပစ်ခြင်းမပြု
စုဆောင်း၍ ထည့်ထားရန် သင့်လျော်သောအမှိုက်ပုံး၊ အမှိုက်အိတ်မျာ
စီမံထားရှိစေခြင်း၊

(ခ) ဘေးဖြစ်စေတတ်သော ဓာတုပစ္စည်း ၊ ကူးစက်စေတတ်သော စွန့်ပစ်
ပစ္စည်းများကို အများပြည်သူဆိုင်ရာနေရာတွင် စွန့်ပစ်ခြင်းမပြုလုပ်ရ
တားမြစ်ခြင်း၊

(ဂ) ကျန်းမာရေးနှင့်မညီညွတ်ကြောင်းတွေ့ရှိရသည့် အများပြည်သူနှ
သက်ဆိုင်သော ရေပေးရေးလုပ်ငန်း၊ ကိုယ်ပိုင်ရေပေးရေးလုပ်ငန်းတို့
အသုံးပြုခြင်းမှ ပိတ်ထားစေခြင်း။

(ဃ) တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို ကျန်းမ
သန့်ရှင်းရေးနှင့် ညီညွတ်စေရန် ဆောင်ရွက်စေခြင်း၊

(င) အများပြည်သူ ပျော်ပွဲရွှင်ပွဲအတွက်အသုံးပြုသည့် အဆောက်အအုံတို့
ကျန်းမာသန့်ရှင်းရေးတို့နှင့် ညီညွတ်စေရန်လည်းကောင်း၊ မီးဘေ
လုံခြုံရေးရှိစေရန်လည်းကောင်း ဆောင်ရွက်စေခြင်း၊

(စ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် ပတ်ဝန်းကျင်အတွ
အန္တရာယ်ရှိလာလျှင် သို့မဟုတ် အနှောင့်အယှက်ဖြစ်လာလျှင် လုပ်င
နေရာကို အသုံးမပြုဘဲနေစေခြင်း သို့မဟုတ် ပြင်ဆင်စီမံ ဆောင်ရွ
စေခြင်း။

၂၂။ ကော်မတီသည် အသုံးပြုရန် မသင့်လျော်သည့် သုသာန်မြေနှင့်စပ်လျဉ်း
အောက်ပါကိစ္စရပ်များကို သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများနှင့်အညီ လိုက်န
ဆောင်ရွက်စေရန် ပိုင်ရှင် သို့မဟုတ် သက်ဆိုင်သည့် အဖွဲ့အစည်းအား ညွှန်ကြားနိုင်သည

(က) သုသာန်မြေကို ဆက်လက်အသုံးပြုခွင့်မပြုဘဲ ပိတ်ထားစေခြင်း၊

(ခ) အစိုးရ၏ခွင့်ပြုချက်ဖြင့် သုသာန်မြေကို ရွှေ့ပြောင်းစေခြင်း၊ ဖျက်သိမ်းစေခြင်း။

## အခန်း(၈)
## အငှားယာဉ်များ စီမံခန့်ခွဲခြင်း

၂၃။ ကော်မတီသည် အငှားယာဉ်များနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အငှားယာဉ်အမျိုးအစားအလိုက် စည်းကမ်းများရေးဆွဲတင်ပြခြင်း၊
(ခ) အငှားယာဉ်လိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊
(ဂ) အငှားယာဉ်မောင်း လိုင်စင်ခသတ်မှတ်ခြင်း၊ စည်းကြပ်ကောက်ခံခြင်း၊
(ဃ) အငှားယာဉ်လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊
(င) အငှားယာဉ်မောင်း လိုင်စင်ထုတ်ပေးခြင်း၊ ရပ်ဆိုင်းခြင်း၊ ပယ်ဖျက်ခြင်း၊
(စ) အငှားယာဉ်များအား စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊
(ဆ) အငှားယာဉ်မောင်းသူများအား စစ်ဆေးခြင်း ၊ ကြီးကြပ်ခြင်း။

၂၄။ ကော်မတီကထုတ်ပေးသော အငှားယာဉ်လိုင်စင်ရရှိသူသာ အငှားယာဉ် တည်ထောင် လုပ်ပိုင်ခွင့် ရှိသည်။

၂၅။ ကော်မတီကထုတ်ပေးသော အငှားယာဉ်မောင်း လိုင်စင်ရရှိသူသာ အငှားယာဉ် မောင်းခွင့် ရှိသည်။

၂၆။ အငှားယာဉ်ပိုင်ရှင်နှင့် အငှားယာဉ်မောင်းသူတို့သည် သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

## အခန်း ( ၉ )
## ကူးတို့လုပ်ငန်းများစီမံခန့်ခွဲခြင်း

၂၇။ ကော်မတီသည် မိမိစည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကူးတို့လုပ်ငန်း ကြီးကြပ်သူအဖြစ် ယင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊
(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်း၊
(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊
(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်း သတ်မှတ်ခြင်း၊

(င) နိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ကို ဖျက်သိမ်းခြင်း၊

(စ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ဆ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ဇ) တာဝန်ဖြင့် ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ၊ ဌာနဆိုင်ရာ ယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူ ပို့ဆောင်ခ ကင်းလွတ်ခွင့်ပြုခြင်း၊

(ဈ) နိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ခကို လျှော့ပေါ့ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၂၈။ ညွှန်ကြားရေးမှူးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ကူးတို့လုပ်ငန်း ကြီးကြပ်သူအဖြစ် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်နှစ်ခု သို့မဟုတ် နှစ်ခုထက် ပိုမိုသော မြို့နယ်များနှင့် ဆက်စပ်နေသော ကူးတို့ လုပ်ငန်းနှင့်စပ်လျဉ်း၍ စည်းကမ်းများနှင့်အညီ အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) ကူးတို့လုပ်ငန်းတည်ထောင်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) ကူးတို့နယ်နိမိတ်သတ်မှတ်ခြင်း ၊ ပြင်ဆင်သတ်မှတ်ခြင်း၊

(ဂ) ကူးတို့လုပ်ငန်းကို ကြီးကြပ်ခြင်း၊

(ဃ) ကူးတို့လုပ်ငန်းလမ်းကြောင်းသတ်မှတ်ခြင်း၊

(င) ကူးတို့လုပ်ငန်း နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိသည့် စည်ပင်သာယာရေး အဖွဲ့များသို့ ကူးတို့လုပ်ငန်းဝင်ငွေများကို အချိုးကျခွဲဝေသတ်မှတ်ပေးခြင်း၊

(စ) နိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လိုင်စင်ကို ဖျက်သိမ်းခြင်း၊

(ဆ) ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် သင့်လျော်သော အမှုဆောင်အရာရှိ အား ခန့်ထားခြင်း၊

(ဇ) စည်းကမ်းဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ ဖျက်သိမ်းခံရသည့် ကူးတို့ လုပ်ငန်းလိုင်စင်အတွက် လျော်ကြေးပေးရန်ဆုံးဖြတ်ခြင်း၊ လျော်ကြေးငွေ သတ်မှတ်ခြင်း၊

(ဈ) ကူးတို့လုပ်ငန်း သယ်ယူပို့ဆောင်ခ သတ်မှတ်ခြင်း၊

(ည) တာဝန်ဖြင့် ခရီးသွားလာသော ဌာနဆိုင်ရာဝန်ထမ်းများ ၊ ဌာနဆိုင်ရာ ယာဉ်များ၊ တိရစ္ဆာန်များ၊ ကုန်ပစ္စည်းများအတွက် ကူးတို့လုပ်ငန်း သယ်ယူ ပို့ဆောင်ခ ကင်းလွတ်ခွင့် ပြုခြင်း၊

(ဋ) နိုင်လုံသောအကြောင်းရှိလျှင် ကူးတို့လုပ်ငန်းလိုင်စင်ခကို လျှော့ပေါ့ ပေးခြင်း၊ လွတ်ငြိမ်းခွင့်ပေးခြင်း။

၉၉။ အမှုဆောင်အရာရှိသည် ကူးတို့လုပ်ငန်းအုပ်ချုပ်သူအဖြစ် တာဝန်ယူဆောင်ရွက်ရမည်။ ကူးတို့လုပ်ငန်း အုပ်ချုပ်သူသည် ကူးတို့လုပ်ငန်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ကူးတို့လုပ်ငန်းကို အုပ်ချုပ်ခြင်း၊

(ခ) ကူးတို့လုပ်ငန်း လိုင်စင်များကို သတ်မှတ်သည့်နည်းလမ်းဖြင့် ရောင်းချခြင်း၊

(ဂ) ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူကို အများပြည်သူ သက်သာဘေးကင်းလုံခြုံစွာ သွားလာနိုင်ရေးအတွက် အစီအစဉ်များပြုလုပ်စေခြင်း၊

(ဃ) စည်းကမ်းဖောက်ဖျက်သဖြင့် ဖျက်သိမ်းသည့် ကူးတို့လုပ်ငန်း လိုင်စင်များကို ပြန်လည် ရောင်းချခြင်း။

၁၀၀။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသာ ကူးတို့နယ်နိမိတ်တစ်ခုအတွင်း ကူးတို့လုပ်ငန်းကို လုပ်ကိုင်ခွင့် ရှိသည်။

၁၀၁။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် ကူးတို့ရေယာဉ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ယင်းနှင့် သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်း အုပ်ချုပ်သူက ပြင်ဆင် ထိန်းသိမ်းရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၁၀၂။ ကူးတို့လုပ်ငန်းလိုင်စင်ရရှိသူသည် အသုံးပြုရန်မသင့်လျော်သော ကူးတို့ရေယာဉ်နှင့်စပ်လျဉ်း၍ လည်းကောင်း၊ ယင်းနှင့်သက်ဆိုင်သည့် ပစ္စည်းကိရိယာများနှင့် စပ်လျဉ်း၍လည်းကောင်း ကူးတို့လုပ်ငန်း အုပ်ချုပ်သူက ဆက်လက်အသုံးမပြုရန် ညွှန်ကြားသည်ကို လိုက်နာဆောင်ရွက်ရမည်။

၁၀၃။ ညွှန်ကြားရေးမှူးသည် ကူးတို့လုပ်ငန်းတည်ရှိရာဒေသနှင့်စပ်လျဉ်း၍-

(က) တိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အကြားဖြစ်ပွားသည့် အုပ်ချုပ်မှုဆိုင်ရာ အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့ထံတင်ပြပြီး အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ၍ အဆုံးအဖြတ်ရယူရမည်၊

(ခ) တိုင်းဒေသကြီးအတွင်း မြို့နယ်အချင်းချင်းဖြစ်ပေါ်သည့် အငြင်းပွားမှုများကို အစိုးရအဖွဲ့၏ အဆုံးအဖြတ် ခံယူရမည်၊

(ဂ) ကူးတို့လုပ်ငန်းတည်ရှိရာဒေသနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား ဖြစ်ပွားသည့် အုပ်ချုပ်ရေးဆိုင်ရာ အငြင်းပွားမှုများတွင် ပြည်ထောင်စုအစိုးရ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်စေရမည်၊

(ဃ) တိုင်းဒေသကြီးအတွင်း မြို့နယ်အချင်းအချင်းအကြားဖြစ်ပေါ်သည့် အငြင်းပွားမှုများနှင့် စပ်လျဉ်း၍ အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၄။ ပုဒ်မ ၂၉ ၊ ပုဒ်မ ၃၀ သို့မဟုတ် ပုဒ်မ ၃၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကူးတို့လုပ်ငန်း အုပ်ချုပ်သူကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သက်ဆိုင်ရာကူးတို့လုပ်ငန်း ကြီးကြပ်သူထံ အယူခံနိုင်သည်။

၃၅။ (က) ပုဒ်မ ၂၇ သို့မဟုတ် ပုဒ်မ ၂၈ အရ ကူးတို့လုပ်ငန်းကြီးကြပ်သူက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်၊

(ခ) ပုဒ်မ ၃၄ အရ ကူးတို့လုပ်ငန်းကြီးကြပ်သူ ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အစိုးရအဖွဲ့သို့ အယူခံနိုင်သည်။

## အခန်း (၁၀)
## တိရစ္ဆာန်များသတ်ဖြတ်မှုကို စီမံခန့်ခွဲခြင်း

၃၆။ ကော်မတီသည် ကျွဲ ၊ နွား ၊ သိုး ၊ ဆိတ် ၊ ဝက်၊ မြင်းတို့ကို အများပြည်သူ စားသုံးရန်အလို့ငှာ စည်ပင် သာယာရေးအဖွဲ့ပိုင် သားသတ်ရုံများတွင် စည်းကမ်းများနှင့်အညီ သတ်ဖြတ်ခြင်းနှင့် သတ်မှတ်ထားသည့်နေရာတွင် စည်းကမ်းများနှင့်အညီ အသားရောင်း ချခြင်းကို ခွင့်ပြုနိုင်သည်။

၃၇။ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးသည် သက်ဆိုင်ရာမြို့နယ်တွင် အများပြည်သူစားသုံးရန်မှအပ ဘာသာရေးနှင့် အခြားကိစ္စရပ်များ အတွက် ကျွဲ၊ နွားသတ်ဖြတ်ခွင့်အမိန့်ကို ပြည်ထဲရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ ခွင့်ပြုနိုင်သည်။

၃၈။ ကော်မတီနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူးသည် ကျွဲ၊ နွား တိရစ္ဆာန်များသတ်ဖြတ်ခွင့်ပြုရာတွင် လယ်ယာလုပ်ငန်းသုံး ကျွဲ၊ နွား တိရစ္ဆာန်များ ပြုန်းတီးမှုမရှိစေရန် ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

၃၉။ အစိုးရအဖွဲ့သည် ပုဒ်မ ၃၆ ပါတိရစ္ဆာန်သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ လိုအပ်သောသတ်မှတ်ချက်များကို ထုတ်ပြန်နိုင်သည်။

၄၀။ ပုဒ်မ ၃၆ သို့မဟုတ် ပုဒ်မ ၃၇ အရ ခွင့်ပြုချက်ရရှိသူသာလျှင်-

(က) ကျွဲ ၊ နွား ကိုသတ်ဖြတ်ခြင်း ၊ အသားရောင်းချခြင်း ၊ မိမိသတ်ဖြတ်သည့် ကျွဲ ၊ နွား၏ အသားနှင့်သားရေကို လက်ဝယ်ထားခြင်း ပြုနိုင်သည်၊

(ခ) မြင်း ၊ သိုး ၊ ဆိတ် ၊ ဝက်တို့ကို သတ်ဖြတ်ခြင်း ၊ အသားရောင်းချခြင်း ပြုနိုင်သည်။

၄၁။ သားရေရောင်းဝယ်ခြင်း၊ မြို့နယ်ကျော်၍ သယ်ယူခြင်းကို သားရေကိုယ်စားလှယ်အဖွဲ့ ဆောင်ရွက်ခွင့်ရရှိသူသာ ပြုလုပ်နိုင်သည်။

## အခန်း (၁၁)
## ကြီးကြပ်ခြင်း

၄၂။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝန်ကြီး သို့မဟုတ် ညွှန်ကြားရေးမှူး သို့မဟုတ် ကော်မတီ၏ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၄၃။ ဝန်ကြီးသည် ညွှန်ကြားရေးမှူး သို့မဟုတ် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ လိုအပ်သလိုစိစစ်ပြီး အစိုးရအဖွဲ့ထံ တင်ပြရမည်။

၄၄။ ဝန်ကြီးသည် စည်ပင်သာယာရေးကိစ္စရပ်များကို ကြီးကြပ်ရမည်။

၄၅။ ညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) စည်ပင်သာယာရေးအဖွဲ့များက ရေးဆွဲတင်ပြလာသော နှစ်စဉ်အရအသုံး ခန့်မှန်းခြေ ငွေစာရင်း၊ နှစ်တို၊ နှစ်ရှည်စီမံကိန်းများကိုစိစစ်၍ အစိုးရထံ တင်ပြခြင်း၊

(ခ) အရအသုံး ခန့်မှန်းခြေငွေစာရင်း ကြီးကြပ်မှုကိုဆောင်ရွက်ရန်နှင့် လုပ်ငန်းဆောင်ရွက်ရာ၌ ပိုမိုချောမွေ့အဆင်ပြေစေရန် အစိုးရက ခွဲဝေပေးသည့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း၊

(ဂ) စည်ပင်သာယာရေးကိစ္စရပ်များကို ဥပဒေ ၊ နည်းဥပဒေ ၊ စည်းကမ်းများ၊ ညွှန်ကြားချက်များနှင့် ညီညွတ်စေရေးအတွက် ညှိနှိုင်းပေးခြင်း၊

(ဃ) စည်ပင်သာယာရေးအဖွဲ့နှင့် သက်ဆိုင်သောလုပ်ငန်းများ၊ အဆောက်အအုံများ၊ အမှုတွဲများ၊ စာရွက်စာတမ်းများ၊ အထောက်အထားများ၊ စာရင်းအင်းများကို စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို အစိုးရထံ တင်ပြခြင်း၊

(င) ဥပဒေနှင့်မညီညွတ်သော ကော်မတီ၏ ဆုံးဖြတ်ချက်၊ အမိန့်၊ ဆောင်ရွက်ချက် သို့မဟုတ် ညွှန်ကြားချက်ကို စစ်ဆေးတွေ့ရှိလျှင် ရပ်ဆိုင်းထားစေပြီး တွေ့ရှိချက်ကို အစိုးရထံ တင်ပြခြင်း။

## အခန်း (၁၂)
## အယူခံဝင်ခြင်း

၄၆။ ပုဒ်မ ၁၄ ၊ ပုဒ်မ ၁၈ ပုဒ်မခွဲ(ဂ) ၊ (င) ၊ (စ) ၊ ပုဒ်မ ၂၀ ပုဒ်မခွဲ (ဂ) ၊ (ဃ
(ဆ)၊ (ဇ)၊ ပုဒ်မ ၂၁ ပုဒ်မခွဲ(ခ) ၊ (င) ၊ ပုဒ်မ ၂၂ ပုဒ်မခွဲ (က)တို့အရ ကော်မတီကချမှတ်သည
အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချ
ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားရေးမှူးထံ အယူခံနိုင်သည်။

၄၇။ ပုဒ်မ (၄၆) အရ ညွှန်ကြားရေးမှူးကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့ ရက်ပေါင်း ၆၀ အတွင်း အစိုးရထံ အယူခံနိုင်သည်။

၄၈။ အယူခံမှုနှင့်စပ်လျဉ်း၍-

(က) အယူခံကာလအတွင်း သက်ဆိုင်သူအား တရားစွဲဆိုခြင်းမပြုရ၊

(ခ) အစိုးရ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၃)
## ဘဏ္ဍာရေး

၄၉။ ကော်မတီသည် စစ်ကိုင်းတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရ-အသုံးဆိုင်ရ ဥပဒေနှင့်အညီသာ ကောက်ခံသုံးစွဲနိုင်ခွင့်ရှိသည်။

၅၀။ ကော်မတီသည် -

(က) အမှုဆောင်အရာရှိက တင်ပြသော နှစ်စဉ် အရအသုံးခန့်မှန်းခြေ ငွေစာရင်း စိစစ်၍ ညွှန်ကြားရေးမှူးမှတစ်ဆင့် အစိုးရထံ တင်ပြရမည်၊

(ခ) အတည်ပြုပြီးသော စည်ပင်သာယာရေးအဖွဲ့များ၏ နှစ်စဉ် အရအသုံး ခန့်မှန်းခြေ ငွေစာရင်းနှင့် လစဉ်ငွေစာရင်းရှင်းတမ်းအား စိစစ် ညွှန်ကြားရေးမှူးမှတစ်ဆင့် အစိုးရထံတင်ပြရမည်။ နှစ်စဉ်ဘဏ္ဍာရေးန ကုန်ဆုံးပြီး ရက်ပေါင်း ၉၀ အတွင်း ဘဏ္ဍာရေးနှစ် စာရင်းစစ်ဆေးရေ လုပ်ငန်းများ၏ အခြေအနေကို တင်ပြရမည်။

၅၁။ ကော်မတီသည် မိမိရန်ပုံငွေကို သီးခြားဘဏ်စာရင်းထားရှိ၍ စည်ပင သာယာရေးကိစ္စရပ်များအတွက် သုံးစွဲပိုင်ခွင့်ရှိသည်။လက်တလောအသုံးပြုရန် မလိုအပ်သည ရန်ပုံငွေကို တိုးပွားအောင်သတ်မှတ်ချက်နှင့် အညီ ဆောင်ရွက်နိုင်သည်။

၅၂။ ကော်မတီသည် ရရှိသောနိုင်ငံခြားငွေကို သီးခြားဘဏ်စာရင်းဖွင့်လှစ်ထားရှိ တည်ဆဲ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အစိုးရ၏ခွင့်ပြုချက်ဖြင့် သုံးစွဲနိုင်သည်

## အခန်း (၁၄)
## ဝန်ထမ်းဖွဲ့စည်းပုံ

၅၁။ အစိုးရအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့တစ်ဖွဲ့စီ၏ လုပ်ငန်းတာဝန်များနှင့် ဝင်ငွေပမာဏကို အခြေခံလျက် သတ်မှတ်ချက်နှင့်အညီ လိုအပ်သောဝန်ထမ်း ဖွဲ့စည်းပုံကို ရေးဆွဲအတည်ပြုထားရှိရမည်။ ဝန်ထမ်းဖွဲ့စည်းပုံကို ရေးဆွဲရာတွင်လိုအပ်ပါက စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများကိုထည့်သွင်း ဖွဲ့စည်းနိုင်သည်။

၅၂။ စည်ပင်သာယာရေးအဖွဲ့သည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ဝန်ထမ်းများခန့်ထားရာတွင် တည်ဆဲစည်းမျဉ်းများ၊ စည်းကမ်းများနှင့်အညီ ဖွဲ့စည်းပုံအတွင်း ခန့်ထားနိုင်ခွင့်ရှိသည်။သင့်လျော်သည့် ဝန်ထမ်း အဆင့်များနှင့်စပ်လျဉ်း၍ ဝန်ထမ်းရေးရာကိစ္စရပ်များ ဆောင်ရွက်ရန် အမှုဆောင်အရာရှိအား ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်များ သတ်မှတ်ပေးနိုင်သည်။

၅၃။ ဝန်ထမ်းအတွက် ကုန်ကျစရိတ်သည် နှစ်စဉ်ရရှိသော ဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းထက် ကျော်လွန်ခြင်း မရှိစေရ။

၅၄။ စည်ပင်သာယာရေးအဖွဲ့သည် အစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် စည်ပင်သာယာရေး ကိစ္စရပ်များကို ထိရောက်စွာဆောင်ရွက်နိုင်မည့် ဝန်ထမ်းများကို အခြားဦးစီးဌာနများနှင့် ညှိနှိုင်း၍ လွှဲပြောင်းရယူ ခန့်ထားနိုင်သည်။

## အခန်း (၁၅)
## ရန်ပုံငွေထိန်းသိမ်းခြင်း၊ စာရင်းစစ်ဆေးခြင်း

၅၅။ စည်ပင်သာယာရေးအဖွဲ့သည် အမှုဆောင်အရာရှိက ငွေစာရင်းများကို နေ့စဉ်တကျ ထိန်းသိမ်းထားနိုင်ရန်နှင့် စစ်ဆေးခြင်းပြုနိုင်ရန် ငွေစာရင်း လုပ်ထုံးလုပ်နည်းများကို တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် ညှိနှိုင်း၍ သတ်မှတ်ရမည်။ သတ်မှတ်ထားရှိသည့် ငွေစာရင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ငွေစာရင်းများ ပြုစုထားရှိစေရမည်။

၅၆။ အမှုဆောင်အရာရှိက ထိန်းသိမ်းထားရှိသည့်စာရင်းများကို တိုင်းဒေသကြီး စာရင်းစစ်ချုပ်က တာဝန် ပေးအပ်ခြင်းခံရသူ၏ စစ်ဆေးခြင်းကိုခံယူစေရမည်။

## အခန်း(၁၆)
## တားမြစ်ချက်များ

၅၇။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက် မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူနှင့်သက်ဆိုင်သော လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်
တစ်ခုခုပေါ်တွင် ကျူးကျော်၍ ဝင်ခြံနေရာ တိုးချဲ့သတ်မှတ်ခြင်း၊ အဆော
အအုံကိုဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ဆောက်လု
ခြင်းမပြုရ၊

(ခ) အများပြည်သူနှင့် သက်ဆိုင်သောလမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်
တစ်ခုခုပေါ်တွင် ပိတ်ဆို့၍ အထည်အလိပ်၊ ဖျာ သို့မဟုတ် အခြားပစ္စည်
တစ်ခုခုကို ဖြန့်ထားခြင်း သို့မဟုတ် ဆွဲထားခြင်းမပြုရ၊

(ဂ) အများပြည်သူနှင့်သက်ဆိုင်သော ရေစီးရေလာ၊ ရေမြောင်းနှင့်လမ်း
ဟန့်တား နှောင့်ယှက်သည့် ဆောင်ရွက်မှုများ ပြုလုပ်ထားရှိခြင်းမပြု

၆၀။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချ
မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများ
ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အများပြည်သူသွားလာသည့် လမ်းပေါ်တွင် မည်သည့် ကစားနည်းမျိုး
ကစားခြင်း မပြုရ၊

(ခ) လမ်းပေါ်တွင်လည်းကောင်း၊ လမ်းဘေးရှိ ရေစီးရေလာ မြောင်းပေါ်တွ
လည်းကောင်း ပိတ်ဆို့၍ စားပွဲ၊ ခုံတန်းလျား၊ သေတ္တာ၊ ဗျတ်၊ ကုန်ပစ္စည်
သို့မဟုတ် အခြားအရာဝတ္ထုတစ်ခုခုကို ခင်းကျင်းခြင်း သို့မဟု
ရောင်းခြင်း မပြုရ၊

(ဂ) အမှိုက်၊ မိလ္လာအညစ်အကြေးစသည်တို့ကို လမ်းပေါ် သို့မဟုတ် စွန့်ပစ်
သတ်မှတ်မထားသော နေရာတွင် စွန့်ပစ်ခြင်းမပြုရ၊

(ဃ) ကိုယ်ပိုင်လမ်း ဖောက်လုပ်ခြင်းမပြုရ၊

(င) ဝင်ထွက်နိုင်သောလမ်းမရှိသည့် မြေပေါ်တွင် အဆောက်အအုံမျ
ဆောက်လုပ်ခြင်း မပြုရ။

၆၁။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချ
မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသ
စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) အဆောက်အအုံတစ်ခုခုကို ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆ
ဆောက်လုပ်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း မပြုရ၊

(ခ) စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့် သက်ဆိုင်သော ရေ
ရေးလုပ်ငန်းမှ ရေကို ရယူသုံးစွဲခြင်း မပြုရ၊

(ဂ) ကိုယ်ပိုင်စီးပွားဖြစ် ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြု

(ဃ) အများပြည်သူအတွက် စခန်းချရန်နေရာကိုဖြစ်စေ၊ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင် ဖွင့်လှစ်ခြင်းမပြုရ။

မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) လူသေအလောင်းကို သတ်မှတ်သည့်ကာလထက်ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း သို့မဟုတ် မီးမသင်္ဂြိုဟ်ဘဲထားခြင်း မပြုရ၊

(ခ) ကူးစက်တတ်သော ရောဂါကြောင့် သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက် ကျော်လွန်၍ မြေမမြှုပ်ဘဲထားခြင်း သို့မဟုတ် မီးမသင်္ဂြိုဟ်ဘဲထားခြင်း မပြုရ၊ သုသာန်မြေအဖြစ် သတ်မှတ်ထားသည့် နေရာမှအပ အခြားနေရာတွင် လူသေအလောင်းကို မြေမြှုပ်ခြင်း သို့မဟုတ် မီးသင်္ဂြိုဟ်ခြင်းမပြုရ။

မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(က) တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံများ တည်ထောင် ဖွင့်လှစ်ခြင်း မပြုရ၊

(ခ) စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အအေးဆိုင်၊ နွားနို့အရောင်းဆိုင် ဖွင့်လှစ် ရောင်းချခြင်း မပြုရ၊

(ဂ) ပေါင်မုန့်၊ မုန့်ဖုတ်လုပ်ငန်း၊ ချိုချဉ်၊ ယိုမျိုးစုံ လုပ်ငန်း၊ စားကုန်သောက်ကုန်ပစ္စည်းများ ထုတ်လုပ်၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချသည့် လုပ်ငန်းများ တည်ထောင်လုပ်ကိုင်ခြင်း မပြုရ။

မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် ဥပစာတစ်ခုတွင်-

(က) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊

(ခ) အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်သက်ဆိုင်သော ပစ္စည်းများကို ရောင်းချခြင်း သို့မဟုတ် သိုလှောင်ခြင်း မပြုရ။

မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင်-

(ဂ) တိရစ္ဆာန်များထားရှိခြင်း သို့မဟုတ် မွေးမြူခြင်းမပြုရ၊

(ခ) တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်များနှင့်အညီမဟုတ် အခြားနည်းလမ်း ဖြင့် သုတ်သင်ရှင်းလင်းခြင်းမပြုရ။

၆၆။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိလျှင် သို့မဟုတ် ခွင့်ပြုချက်ပါ သတ် ချက်များနှင့်ဖြစ်စေ၊ ထုတ်ပြန်ထားသည့် စည်းကမ်းများနှင့်ဖြစ်စေ ညီညွတ်မှုမရှိလျှင် -

(က) ကိုယ်ပိုင်ဈေးကို တည်ထောင်ဖွင့်လှစ်ခြင်း၊ ဈေးကိုတစ်နေရာ အခြားတစ်နေရာသို့ ပြောင်းရွှေ့ခြင်း၊ ဈေးအဖြစ်မှ ရပ်စဲထားပြီး ဈေးကို ပြန်လည်တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ဈေး၏ တည်နေရာ အကျယ်အဝန်းကို တိုးချဲ့ခြင်းမပြုရ၊

(ခ) မမှန်ကန်သည့် အလေး၊ ချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာ ရောင်းချခြင်း မပြုရ၊

(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင် စည်းကမ်းဖောက်ဖျက် ဈေးရောင်းခြင်း မပြုရ၊

(ဃ) ကျွဲ၊နွား ပွဲဈေးများ တည်ထောင်ဖွင့်လှစ်ခြင်း သို့မဟုတ် ရောင်းချ မပြုရ၊

(င) ရေခဲနှင့်အချိုရည်စက်ရုံများ တည်ထောင်လုပ်ကိုင်ခြင်းမပြုရ၊

(စ) အပေါင်ဆိုင်လုပ်ငန်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ၊

(ဆ) အခြားပုဂ္ဂလိက စီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထော ဖွင့်လှစ်ခြင်းမပြုရ။

၆၇။ မည်သူမျှ မြို့စည်ပင်သာယာရေးနယ်နိမိတ်အတွင်း-

(က) ဤဥပဒေအရ သို့မဟုတ် ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေ စည်းကမ်းများအရ တာဝန်ဝတ္တရားဆောင်ရွက်ရန် မြေ သို့မဟု အဆောက်အအုံအတွင်းသို့ လုပ်ထုံး လုပ်နည်းနှင့်အညီ နေ့အခါ ဝင်ရောက်မည့် ကော်မတီကိုဖြစ်စေ ၊ ကော်မတီဝင်ကို ဖြစ်စေ၊ နည်းလ တကျ အခွင့်အာဏာလွှဲအပ်ခြင်းခံရသော စည်ပင်သာယာရေးအ ဝန်ထမ်းကိုဖြစ်စေ တားမြစ်ခြင်းမပြုရ၊

(ခ) စည်ပင်သာယာရေးကိစ္စရပ်များကိုဆောင်ရွက်ရန် ကော်မတီန စာချုပ်ချုပ်ဆိုထားသည့် ကန်ထရိုက်တာအား စာချုပ်ပါလုပ်င တစ်ရပ်ရပ် သို့မဟုတ် ထိုလုပ်ငန်းနှင့် ဆက်နွယ်နေသည့် လုပ်င တစ်ရပ်ရပ်ကို ဆောင်ရွက်ခြင်းမပြုနိုင်စေရန် ဥပဒေနှင့်အညီ မဟုတ် ပိတ်ပင်ခြင်း သို့မဟုတ် တားဆီးနှောင့်ယှက်ခြင်းမပြုရ။

## အခန်း (၁၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၆၈။ ကော်မတီ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အမှုဆောင်အရာရှိသည် ပုဒ်မ ၇၂ တွင် နည်းသို့ပင် ပြဋ္ဌာန်းထားစေကာမူ ပထမအကြိမ်ကျူးလွန်သူအား သတိပေးခြင်း သို့မဟုတ် ကာလအတိုင်းအတာ တစ်ခုအထိ လုပ်ငန်းလိုင်စင်ကို ရပ်ဆိုင်းခြင်းတို့အပြင် သက်ဆိုင်ရာ [illegible]များကို စည်ပင်သာယာရေးအဖွဲ့ပိုင်အဖြစ် သိမ်းဆည်းနိုင်သည်။

၆၉။ ပုဒ်မ ၆၈ အရ အရေးယူသော ပြစ်မှုအတွက် တရားရုံးတွင် ထပ်မံတရားစွဲဆိုခြင်း မပြုရ။

၇၀။ အစိုးရအဖွဲ့သည် စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်းဆိုင်ရာ နည်းလမ်းများကို သတ်မှတ် နိုင်သည်။

## အခန်း (၁၈)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၇၁။ ကော်မတီ သို့မဟုတ် ကော်မတီဥက္ကဋ္ဌ သို့မဟုတ် အမှုဆောင်အရာရှိသည် ပုဒ်မ-၇၂ တွင် ဖော်ပြထားသော ဇယားပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်း များကို လည်းကောင်း လိုက်နာရန် ပျက်ကွက်သူ သို့မဟုတ် ဖောက်ဖျက်ကျူးလွန်သူအား စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်နိုင်သည်။

၇၂။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ သို့မဟုတ် ပုဒ်မခွဲပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံးကျပ် ၁၀၀၀၀ မှ အများဆုံး ကျပ် ၅၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်-

| ပုဒ်မ ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၁၈ (စ) | အဆောက်အအုံ၊ ဝင်းခြံ တို့ကို ဆေး သို့မဟုတ် ထုံးသုတ်စေခြင်း။ |
| ၁၈ (ဆ) | ဝင်းခြံမခတ်သည့်မြေကို ဝင်းခြံခတ်စေခြင်း၊ မပြုပြင်သည့်ဝင်းခြံကို ပြုပြင်စေခြင်း။ |
| ၁၈ (ဇ) | သစ်ပင်၊ ချုံပင်များကိုရှင်းလင်းစေခြင်း၊ ချိုင့်ဝှမ်းကိုမြေဖို့စေခြင်း။ |
| ၂၀ (က) | အန္တရာယ်ရှိသော ရေတွင်း၊ ရေကန်၊ ရေအိုင်များကိုကာရံစေခြင်း ၊ ပြုပြင်စေခြင်း။ |
| ၂၀ (ခ) | ရေတွင်း၊ ရေကန်၊ ရေလှောင်ကန်၊ ရေစည်၊ ရေအိုင်တို့ကို ဆေးကြောပြုပြင်စေခြင်း၊ ရေဖြည့်ဖုံးအုပ်စေခြင်း။ |
| ၂၀ (ဂ) | စက်ရုံ ၊ အလုပ်ရုံ အဆောက်အအုံနှင့် မြေပေါ်မှစီးဆင်းသည့် ရေကြောင့် အများပြည်သူ လမ်းနှင့် ပစ္စည်းများပျက်စီးခြင်း မရှိစေရန် ရေတံလျှောက်၊ ရေဆင်းပိုက်၊ ရေမြောင်းတို့ကို ပြုလုပ်စေခြင်း၊ ပြုပြင်စေခြင်း။ |
| ၂၀ (စ) | ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက် ၊ မိလ္လာကန်တို့ကို ပိတ်ထားစေခြင်း၊ ဖျက်သိမ်းစေခြင်း၊ ပြုပြင်စေခြင်း။ |
| ၂၀ (ဆ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး ပိုင်ဆိုင်သည့်မြေကိုဖြတ်၍ ဆောင်ရွက်ရလျှင် မြေပိုင်ရှင်က ဆောင်ရွက်ခွင့်ပြုစေခြင်း။ |
| ၂၁ (က) | အမှိုက်များစွန့်ပစ်ရန်အမှိုက်ပုံး၊ အမှိုက်အိတ်များထားရှိစေခြင်း။ |
| ၂၁ (င) | ပျော်ပွဲရှင်ပွဲအတွက်အသုံးပြုမည့် အဆောက်အအုံကို သတ်မှတ်စည်းကမ်းနှင့်အညီ ဆောင်ရွက်စေခြင်း။ |
| ၂၄ | အငှားယာဉ်လိုင်စင်မရှိဘဲ အငှားယာဉ်ကိုတည်ထောင်လုပ်ကိုင်ခြင်း။ |
| ၂၅ | အငှားယာဉ်မောင်းလိုင်စင်မရှိဘဲ အငှားယာဉ်ကိုမောင်းနှင်ခြင်း။ |
| ၂၆ | အငှားယာဉ်ပိုင်ရှင်နှင့် အငှားယာဉ်မောင်းသူတို့အား သတ်မှတ်ထားသည့် စည်းကမ်းများကို လိုက်နာစေခြင်း။ |

| ပုဒ်မ ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၄၀ (ခ) | မြင်း၊ သိုး၊ ဆိတ်၊ ဝက်တို့ကို ခွင့်ပြုချက်မရှိဘဲ သတ်ဖြတ်ခြင်း၊ အသားရောင်းချခြင်း။ |
| ၅၉ (ခ) | လမ်း၊ ရေမြောင်း၊ ရေပိုက်၊ မိလ္လာပိုက်ပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများဖြန့်ထားခြင်း၊ ဆွဲထားခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၅၉ (ဂ) | အများပြည်သူနှင့်သက်ဆိုင်သော ရေစီးရေလာ၊ ရေမြောင်းနှင့်လမ်းကို ဟန့်တားနှောင့်ယှက် သည့် ဆောင်ရွက်မှုများပြုလုပ်ထားရှိခြင်း မပြုရ။ |
| ၆၀ (က) | လမ်းပေါ်တွင် ကစားခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၀ (ခ) | လမ်းနှင့်လမ်းဘေးရှိ ရေစီးရေလာမြောင်းပေါ်တွင် ပိတ်ဆို့၍ ပစ္စည်းများခင်းကျင်း ဈေးရောင်းခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၀ (ဂ) | အမှိုက်၊ မိလ္လာအညစ်အကြေးတို့ကို လမ်းပေါ် သို့မဟုတ် သတ်မှတ်မထားသောနေရာတွင် စွန့်ပစ်ခြင်းမပြုရန်တားမြစ်ခြင်း။ |
| ၆၁ (ခ) | စည်ပင်သာယာရေးအဖွဲ့ပိုင် အများပြည်သူနှင့်သက်ဆိုင်သော ရေပေးရေးလုပ်ငန်းမှရေကို စည်းကမ်းများနှင့်ညီညွတ်မှုမရှိဘဲ ရယူသုံးစွဲခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၅ (က) | တိရစ္ဆာန်များထားရှိခြင်း၊ မွေးမြူခြင်းမပြုရန်တားမြစ်ခြင်း။ |
| ၆၆ (ခ) | မမှန်ကန်သည့် အလေးချိန်ခွင်၊ အခြင်အတွယ်၊ အတိုင်းအတာတို့ဖြင့် ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၆ (ဂ) | စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးတွင်စည်းကမ်းဖောက်ဖျက်၍ ဈေးရောင်းချခြင်းမပြုရန် တားမြစ်ခြင်း။ |

ရှင်းလင်းချက်။ ။အထက်ဖော်ပြပါ ဇယားစာတိုင် (၂) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာပုဒ်မ ၊ ပုဒ်မခွဲများပါ ပြစ်မှုများ အတွက် အဓိပ္ပာယ် ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်သည်။

၇၃။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကော လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှ ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၂၀၀၀၀ မှ အများဆုံးကျပ် ၁၀၀၀၀၀ ထိချမှတ်ခြင်းခံရမည်-

| ပုဒ်မ ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၁၈ (က) | စည်းကမ်းနှင့်ညီညွတ်မှုမရှိဘဲ အဆောက်အအုံဆောက်လုပ်သည်ကို ရပ်ဆိုင်း ခြင်း ၊ ပြန်လည်ပြင်ဆင်စေခြင်း ၊ ဖြိုဖျက်စေခြင်း။ |
| ၁၈ (ခ) | လမ်း ၊ ရေမြောင်း ၊ ရေပိုက် ၊ မိလ္လာပိုက်ပေါ်တွင် ဝင်းခြံနေရာ တိုးချဲ့သတ်မှတ်ခြ အဆောက်အအုံ ကျူးကျော် ဆောက်လုပ်ခြင်းကို ဖယ်ရှားစေခြင်း။ |
| ၁၈ (ဂ) | လမ်းတံတားတည်ဆောက်ပြင်ဆင်ရာတွင် မလွတ်ကင်းသော ဝင်းခြံနေရာ၊ အဆောက်အ ကို ဖယ်ရှားစေခြင်း။ |
| ၁၈ (ဃ) | အန္တရာယ်ရှိစေသော အဆောက်အအုံကို ပြုပြင်စေခြင်း ၊ ဖြိုဖျက်စေခြင်း ၊ နေထိုင် များကို ဖယ်ရှားစေခြင်း။ |
| ၂၀ (ဃ) | စက်ရုံ၊ အလုပ်ရုံ၊ အဆောက်အအုံတို့မှ ရေကောင်းစွာထုတ်ပစ်ရန်မြေကို ပြုပြင်စေခြ ရေဆိုးများအား စနစ်တကျသန့်စင်ပြီး စွန့်ပစ်စေခြင်း။ |
| ၂၀ ( င) | စက်ရုံ၊ အလုပ်ရုံတွင် ရေဆွဲအိမ်သာ၊ ရေလောင်းအိမ်သာ၊ မိလ္လာပိုက်၊ မိလ္လာကန်တို့ စီမံထားရှိစေခြင်း။ |
| ၂၀ (ဈ) | မိလ္လာပိုက်၊ ရေပိုက်ကို အခြားသူတစ်ဦး၏ မြေကိုဖြတ်၍ ဆောင်ရွက်ရခြင်းကြော နစ်နာမှုလျော်ကြေးငွေပေးစေခြင်း။ |
| ၂၀ (ဈ) | ဘေးဖြစ်စေတတ်သော ဓါတုအရည် ၊ ကူးစက်စေတတ်သော စွန့်ပစ်အရည်များ အများပြည်သူဆိုင်ရာနေရာတွင် စွန့်ပစ်ခြင်းမပြုလုပ်ရ။ |
| ၂၁ (ခ) | ဘေးဖြစ်စေတတ်သော ဓါတုပစ္စည်း ၊ ကူးစက်စေတတ်သော စွန့်ပစ်ပစ္စည်းများ အများပြည်သူဆိုင်ရာနေရာတွင် စွန့်ပစ်ခြင်းမပြုလုပ်ရ။ |
| ၂၁ (ဂ) | ကျန်းမာရေးနှင့် မညီညွတ်သော ရေပေးရေးလုပ်ငန်းကို ပိတ်ထားစေခြင်း။ |
| ၂၁ (ဃ) | တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံကို သတ်မှတ်စည်းက များနှင့်အညီ ဆောင်ရွက်စေခြင်း။ |
| ၃၉ (က) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ပိတ်ထားစေခြင်း။ လမ်း ၊ ရေမြောင်း ၊ ရေပိုက် ၊ မိလ္လာပိုက်ပေါ်တွင် ဝင်းခြံနေရာ တိုးချဲ့သတ်မှတ်ခြ အဆောက်အအုံကို ဖြစ်စေ၊ အဆောက်အအုံ၏ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကျူးကျေ |

| ပုဒ်မ ၊ ပုဒ်မခွဲ | ပြဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၆၀ (ဃ) | ကိုယ်ပိုင်လမ်းဖောက်ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၀ (င) | ဝင်ထွက်နိုင်သော လမ်းမရှိသည့် မြေပေါ်တွင် အဆောက်အအုံများ ဆောက်လုပ်ခြင်း မပြုရန် တားမြစ်ခြင်း။ |
| ၆၀ (ဏ) | အဆောက်အအုံဆောက်လုပ်ခြင်း ၊ ပြင်ဆင်တိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၁ (ဝ) | ကိုယ်ပိုင်စီးပွားဖြစ်ရေပေးရေးလုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်း မပြုရန် တားမြစ်ခြင်း။ |
| ၆၁ (ဃ) | အများပြည်သူအတွက် စခန်းချရာနေရာကိုဖြစ်စေ ရေချိုးဆိပ်ကိုဖြစ်စေ တည်ထောင် ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၂ (က) | လူသေအလောင်းကို သတ်မှတ်သည့်ကာလထက် ကျော်လွန်၍ မထားရန် တားမြစ်ခြင်း။ |
| ၆၂ (ခ) | ကူးစက်ရောဂါဖြင့် သေဆုံးသည့် လူသေအလောင်းကို ၁၂ နာရီထက် ကျော်လွန်၍ ထားခြင်း မပြုရန် တားမြစ်ခြင်း။ |
| ၆၂ (ဂ) | သုသာန်မြေအဖြစ် သတ်မှတ်ထားသည့် နေရာမှအပ လူသေအလောင်းကို မြေမြှုပ် ခြင်း ၊ မီးသင်္ဂြိုဟ်ခြင်းမပြုလုပ်ရန်တားမြစ်ခြင်း။ |
| ၆၃ (က) | တည်းခိုခန်း သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံများ တည်ထောင် ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၃ (ခ) | စားသောက်ဆိုင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၃ (ဂ) | ပေါင်မုန့် ၊ မုန့်ဖုတ်လုပ်ငန်း ၊ ချိုချဉ်နှင့် ယိုမျိုးစုံထုတ်လုပ်ငန်းများ လုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၆ (က) | ကိုယ်ပိုင်ဈေးဖွင့်လှစ်ခြင်း ၊ ဈေးနေရာပြောင်းရွှေ့ခြင်း ၊ ပြန်လည်ဖွင့်လှစ်ခြင်း ၊ ဈေးဧရိယာ တိုးချဲ့ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၆ (ဃ) | ကျွဲ ၊ နွားပွဲဈေးများ တည်ထောင်ဖွင့်လှစ်ရောင်းချခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၆ (င) | ရေခဲနှင့် အချိုရည်စက်ရုံများ ဖွင့်လှစ်တည်ထောင်ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၆ (စ) | အပေါင်ဆိုင်လုပ်ငန်း တည်ထောင်ဖွင့်လှစ်ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၆ (ဆ) | အခြားပုဂ္ဂလိက စီးပွားဖြစ်ဝန်ဆောင်မှုလုပ်ငန်းများကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။ |

ရှင်းလင်းချက် ။ ။ အထက်ဖော်ပြပါ ဇယားစာတိုင်(၂) "ပြဌာန်းချက်အကျဉ်း" ခေါင်းစဉ်အောက်ရှိ ဖော်ပြချက်များသည် သက်ဆိုင်ရာ ပုဒ်မ ၊ ပုဒ်မခွဲများပါ ပြစ်မှုများအတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ၊ ပုဒ်မခွဲပါ အကြောင်း ခြင်းရာ များကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်သည်။

၇၄။ မည်သူမဆို အောက်တွင်ဖော်ပြထားသော ပုဒ်မ ၊ ပုဒ်မခွဲပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ ၊ စည်းကမ်းများပါ ညွှန်ကြားချက်တစ်ရပ်ရပ်ကိုလည်းကော လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသ ငွေဒဏ် အနည်းဆုံး ကျပ် ၅၀၀၀၀ မှ အများဆုံးကျပ် ၂၀၀၀၀၀ ထိဖြစ်စေ ထောင်ဒဏ် ၁ နှစ်ထိဖြစ် ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ခြင်းခံရမည်။

| ပုဒ်မ ၊ ပုဒ်မခွဲ | ပြဋ္ဌာန်းချက်အကျဉ်း |
|---|---|
| (၁) | (၂) |
| ၂၁ (စ ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ရာတွင် အန္တရာယ်ရှိလာလျှင် လုပ်ငန်းနေရာ အသုံးမပြုစေခြင်း ၊ ပြင်ဆင်စီမံဆောင်ရွက်စေခြင်း။ |
| ၂၂ ( ခ) | အသုံးပြုရန်မသင့်သည့် သုသာန်မြေကို ဖျက်သိမ်းစေခြင်း။ |
| ၆၄ (က) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းလုပ်ကိုင်ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၄ ( ခ) | အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းနှင့်ပတ်သက်သော ပစ္စည်းများရောင်းချခြ သိုလှောင်ခြင်းမပြုရန် တားမြစ်ခြင်း။ |
| ၆၅ (ခ ) | တိရစ္ဆာန်အသေကောင်များကို သတ်မှတ်ချက်နှင့်အညီ သုတ်သင်ရှင်းလင်းစေခြင်း။ |

ရှင်းလင်းချက် ။ ။ အထက်ဖော်ပြပါ ဇယားစာတိုင် ( ၂ ) "ပြဋ္ဌာန်းချက်အကျဉ်း" ခေါင်း အောက်ရှိဖော်ပြချက်များသည် သက်ဆိုင်ရာ ပုဒ်မ ၊ ပုဒ်မခွဲများပါ ပြစ်မှု အတွက် အဓိပ္ပာယ်ဖွင့်ဆိုချက်များ မဟုတ်ဘဲ သက်ဆိုင်ရာ ပုဒ်မ ၊ ပုဒ်မ အကြောင်းခြင်းရာများကို ရည်ညွှန်းဖော်ပြချက်များသာဖြစ်သည်။

၇၅။ မည်သူမဆို ပုဒ်မ ၃၀ ၊ ပုဒ်မ ၃၁ နှင့် ပုဒ်မ ၃၂ တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကော သက်ဆိုင်ရာနည်းဥပဒေများ ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၂၀၀၀ အများဆုံး ကျပ် ၁၀၀၀၀၀ ထိချမှတ်ခြင်းခံရမည် ။ ထို့ပြင် ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းမျ ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၇၆။ မည်သူမဆို ပုဒ်မ ၇၂ တွင် ဖော်ပြထားသောဇယားပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုလည်းကော သက်ဆိုင်ရာနည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟ ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန် ပျက်ကွက် သို့မဟုတ် ဖောက်ဖျက်ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက်ကျူး ခြင်း ပြုသည့်နေ့ အသီးအသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၁၀၀၀ ချမှတ်ခြင်း ခံရမည်။

မည်သူမဆို ပုဒ်မ ၇၃ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို လည်းကောင်း၊ သက်ဆိုင်ရာနည်းဥပဒေများ ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန် ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက် ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက် ကျူးလွန်ခြင်းပြုသည့်နေ့ အသီးအသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၁၀၀၀၀ ချမှတ်ခြင်း ခံရမည်။

မည်သူမဆို ပုဒ်မ ၇၄ တွင် ဖော်ပြထားသော ဇယားပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကိုလည်းကောင်း၊ သက်ဆိုင်ရာ နည်းဥပဒေများ၊ စည်းကမ်းများကိုလည်းကောင်း လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရပြီးနောက်တွင် ဆက်လက်၍ လိုက်နာရန်ပျက်ကွက်လျှင် သို့မဟုတ် ဖောက်ဖျက် ကျူးလွန်လျှင် ထိုသူသည် ဆက်လက်၍ပျက်ကွက်ခြင်း သို့မဟုတ် ဖောက်ဖျက် ကျူးလွန် ခြင်းပြုသည့်နေ့ အသီးအသီးအတွက် တစ်နေ့လျှင် ငွေဒဏ်ကျပ် ၂၀၀၀၀ ချမှတ်ခြင်း ခံရမည်။

မည်သူမဆို ပုဒ်မ ၆၇ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူသည် ငွေဒဏ်အနည်းဆုံး ကျပ် ၅၀၀၀ မှ အများဆုံး ကျပ် ၂၀၀၀၀ အထိ ချမှတ်ခြင်းခံရမည်။

(က) မည်သူမဆို ခွင့်ပြုချက်မရှိဘဲ ကျွဲ ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် ကျွဲ၊ နွား၏ အသား သို့မဟုတ် သားရေကို လက်ဝယ်ထားရှိကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်၊

(ခ) ဤပုဒ်မအရ တရားစွဲဆိုရာ၌ စွပ်စွဲခံရသူသည် သက်ဆိုင်ရာ အာဏာ ပိုင်၏ ခွင့်ပြုချက်ဖြင့် ကျွဲ ၊ နွားကို သတ်ဖြတ်ကြောင်း သို့မဟုတ် လက်ဝယ် တွေ့ရှိသော ကျွဲ ၊ နွား၏ အသားသည် တရားဝင် ခွင့်ပြုချက်ဖြင့် သတ်ဖြတ်သော သို့မဟုတ် အခြားအကြောင်း တစ်ခုခုဖြင့် သေဆုံးသော ကျွဲ ၊ နွား၏ အသားဖြစ်ကြောင်း သက်သေပြရန် တာဝန် ရှိသည်။

(က) ပုဒ်မ ၃၇ အရ ခွင့်ပြုခြင်းမရှိဘဲ ကျွဲ ၊ နွားသတ်ဖြတ်သည့်အတွက် စွဲဆိုသောအမှုများကိုသက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးက တရားစွဲဆိုရမည်၊

(ခ) ပုဒ်မခွဲ (က)အရ စွဲဆိုသောအမှုများမှအပ ဤဥပဒေအရစွဲဆိုသော အမှုများကို သက်ဆိုင်ရာ ကော်မတီ သို့မဟုတ် ကော်မတီက တာဝန် လွှဲအပ်သော ပုဂ္ဂိုလ်ကသာ တရားစွဲဆိုရမည်။

၈၂။ ကော်မတီသည် ဤဥပဒေအရ မိမိတာဝန်နှင့် လုပ်ပိုင်ခွင့်များ
ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာမြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်း
ရယူနိုင်သည်။ ထိုကဲ့သို့ တောင်းခံလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့က အကူအညီပေးရမည်

## အခန်း (၁၉)
## အထွေထွေ

၈၃။ စည်ပင်သာယာရေးကိစ္စရပ်တစ်ခုခုသည် စည်ပင်သာယာရေးအဖွဲ့ နှစ်
သို့မဟုတ် နှစ်ဖွဲ့ထက် ပိုသောအဖွဲ့များနှင့် ဆက်စပ်နေပါက ယင်းလုပ်ငန်း
ဆောင်ရွက်ရာတွင် သက်ဆိုင်သည့် စည်ပင်သာယာရေးအဖွဲ့ နှစ်ဖွဲ့ သို့မဟုတ် နှစ်ဖွဲ့ထ
ပိုသောအဖွဲ့များသည် တိုင်းဒေသကြီးအတွင်းဖြစ်ပါက ညွှန်ကြားရေးမှူး၏ ခွင့်ပြုချက်ဖြ
လည်းကောင်း၊ တိုင်းဒေသကြီးနှင့် အခြားတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုနှ
တစ်ခုအကြားဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့်လည်းကောင်း ပူးပေါ
ဆောင်ရွက်နိုင်သည်။

၈၄။ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ အစိုးရသည် စည်ပင်သာယာရေးအဖွဲ့က
ဆောင်ရွက်သော လုပ်ငန်းများနှင့်ဆက်နွယ်သော အခြားအစိုးရဌာန၊ အစိုးရအဖွဲ့အစည်
တစ်ခုခု၏ လုပ်ငန်းဆောင်ရွက်မှုအရ ကောက်ခံရရှိသည့် အခွန်အခများနှင့် တပ်ရိုက်သေ
ဒဏ်ငွေများမှ သင့်လျော်သော အခွန်အခအချိုးအစားနှင့် ဒဏ်ငွေအချိုးအစားကို စည်ပ
သာယာရေးအဖွဲ့သို့ ခွဲဝေပေးစေရေးအတွက် ညှိနှိုင်းဆောင်ရွက်နိုင်သည်။

၈၅။ ကော်မတီသည် ယခင်စည်ပင်သာယာရေးဥပဒေများအရ ဖွဲ့စည်းထားသေ
စည်ပင်သာယာရေးအဖွဲ့ပိုင် ရံပုံငွေကိုလည်းကောင်း၊ ရွှေ့ပြောင်းနိုင်သောပစ္စည်းနှင့် မရွေ
မပြောင်းနိုင်သော ပစ္စည်းကိုလည်းကောင်း၊ ဆောင်ရွက်ဆဲလုပ်ငန်းများကိုလည်းကော
ဆောင်ရွက်ပြီး လုပ်ငန်းများကိုလည်းကောင်း၊ ရပိုင်ခွင့်နှင့်ပေးရန် တာဝန်များကိုလည်းကော
ဆက်ခံရမည်။

၈၆။ နိုင်ငံတော်ကာကွယ်ရေးနှင့် သက်ဆိုင်သည့် သို့မဟုတ် လျှို့ဝှက်အဆင့် သတ်မှတ်သ
အဆောက်အအုံများမှအပ အခြားနိုင်ငံပိုင် အဆောက်အအုံများဆောက်လုပ်ခြင
ဖျက်သိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနသည် ယင်းသို့ဆောင်ရွက်မည့် လုပ်ငန်
အစီအစဉ်ကို သက်ဆိုင်ရာကော်မတီသို့ ကြိုတင် အကြောင်းကြားရမည်။

၈၇။ စည်ပင်သာယာရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ တည်ဆဲစည်းကမ်းမျာ
အမိန့်များနှင့် ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်စေရမည်

၈၈။ ကော်မတီအဖွဲ့ဝင်၊ ကော်မတီ၏ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းအသီးသီးက
လည်းကောင်း၊ ကော်မတီကအခဖြင့် ငှားရမ်းထားသူအသီးသီး၊ ကော်မတီက စည်းကြပ်ထားသ
အခွန်၊ အခ၊ အကောက် တို့ကို အရတောင်းခံသည့် ကိုယ်စားလှယ်အသီးသီးကိုလည်းကော
ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်။

ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်ရာတွင် -

(က) အစိုးရသည် လိုအပ်ပါက နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့သည် လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့် ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ

(၂၀၁၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၀။)

၁၃၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၁၂ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ကုန်တင်ကုန်ချလုပ်ငန်းဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီးကို ဆိုသည်။

(ဃ) **တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ** ဆိုသည်မှာ တိုင်းဒေသကြီးအတွင်းရှိ ကုန်တင်ကုန်ချ လုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန်အလို့ငှာ တိုင်းဒေသကြီး အစိုးရအဖွဲ့က ဤဥပဒေအရဖွဲ့စည်းထားသော ကုန်တင်ကုန်ချ လုပ်ငန်းများကို စီမံဆောင်ရွက်ရန် ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(င) **တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံး** ဆိုသည်မှာ တိုင်းဒေသကြီး အစိုးရအဖွဲ့၏တိုက်ရိုက်စီမံအုပ်ချုပ်မှု နယ်မြေအတွင်း၌ရှိသော ကုန်တင်ကုန်ချ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်ဆောင်ရွက်နိုင်ရန် အလို့ငှာ ဤဥပဒေအရဖွဲ့စည်း ဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်။

(စ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီ** ဆိုသည်မှာ တိုင်းဒေသကြီး ကုန်တင်ကုန်ချ ကော်မတီရုံးက တိုက်ရိုက်ကြီးကြပ် ကွပ်ကဲလျက်ရှိသော ကုန်တင်ကုန်ချ လုပ်ငန်းများနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းထားသော မြို့နယ်ကုန်တင်ကုန်ချကော်မတီကို ဆိုသည်။

(ဆ) **မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး** ဆိုသည်မှာ မြို့နယ်ကုန်တင်ကုန်ချ ကော်မတီ၏ သက်ဆိုင်ရာ ရုံးလုပ်ငန်း တာဝန်များကို ကြီးကြပ်ကွပ်ကဲ အုပ်ချုပ် ဆောင်ရွက်နိုင်ရန် အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းဖွင့်လှစ်ထားသည့်ရုံးကို ဆိုသည်

(ဇ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီ** ဆိုသည်မှာ သက်ဆိုင်ရာ နယ်မြေတစ်ခုအတွင်းရှိ မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများကို စုစည်း၍ ကုန်တင်ကုန်ချလုပ်ငန်းများအား စနစ်တကျ ကြီးကြပ်အုပ်ချုပ်ရန် အလို့ငှာ ဤဥပဒေအရ ဖွဲ့စည်းခွင့်ပြုထားသော ကော်မတီကို ဆိုသည်။

(ဈ) **ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီရုံး** ဆိုသည်မှာ ကုန်တင်ကုန်ချ ကြီးကြပ်ရေး ကော်မတီ၏ သက်ဆိုင်ရာ ရုံးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရန် အလို့ငှာ ဤဥပဒေအရ ဖွင့်လှစ်ခွင့်ပြုထားသည့် ရုံးကို ဆိုသည်

(ည) **ကုန်တင်ကုန်ချလုပ်ငန်း** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အများ ပြည်သူနှင့် သက်ဆိုင်သော လေဆိပ်၊ သင်္ဘောဆိပ်၊ မီးရထားဘူတာရုံ အဝေးပြေး ကားဂိတ်၊ စက်လှေဆိပ်နှင့် ဈေးကြီး စသည့်နေရာများတွင် ဥပဒေနှင့်အညီ ဖွဲ့စည်း ထားသည့် ကုန်တင်ကုန်ချအလုပ်သမားများ၏ ကာယအားကို အသုံးပြု၍ ကုန်ပစ္စည်းများကို အခကြေးငွေရယူ၍ အတင်၊ အချ၊ အရွှေ့၊ အပြောင်း ပြုလုပ်ပေး ရသော ဝန်ဆောင်မှု လုပ်ငန်းကို ဆိုသည်။

(ဋ) **ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်** ဆိုသည်မှာ ကုန်တင်ကုန်ချလုပ်ငန်းများနှင့် ပတ်သက်၍ ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် ခွင့်ပြုချက်ကို ဆိုသည်။

(ဌ) **မှတ်ပုံဝင် ကုန်တင်ကုန်ချအလုပ်သမား** ဆိုသည်မှာ တိုင်းဒေသကြီး ကုန်တင် ကုန်ချ ကော်မတီက အသိအမှတ်ပြုထားသော မြို့နယ်ကုန်တင်ကုန်ချ ကော်မတီ ရုံးများနှင့် ဖွင့်လှစ်ခွင့်ပေးထားသော ကုန်တင်ကုန်ချအလုပ်သမား ကြီးကြပ်ရေး ကော်မတီရုံးများတွင် ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် လုပ်သားမှတ်ပုံတင်အမှတ် ရရှိပြီးသော အလုပ်သမားကို ဆိုသည်။

(ဍ) **သက်သာချောင်ချိရေးရန်ပုံငွေ** ဆိုသည်မှာ မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ် သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံချက်ရရှိရေးအတွက် အသုံးပြုနိုင်ရန် ၎င်းတို့၏ နေ့စဉ်လုပ်ခဝင်ငွေများထဲမှ သတ်မှတ်ခွင့်ပြုထားသော ရာခိုင်နှုန်းဖြင့် ဖြတ်တောက်၍ စုဆောင်းထားသည့် သက်သာချောင်ချိရေး ရန်ပုံငွေကို ဆိုသည်

(ဎ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရဖွဲ့စည်းထားသော တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီ၊ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၊ ကုန်တင်ကုန်ချအလုပ် သမားကြီးကြပ်ရေးကော်မတီကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုသည့် ကုန်တင်ကုန်ချလုပ်ငန်းများ စနစ်တကျ ရှိစေရန်၊

(ခ) ကုန်တင်ကုန်ချ အလုပ်သမားများ၏ လုပ်အားနှင့်ထိုက်တန်သော လုပ်ခ အပြည့်အဝ မှန်ကန်စွာ ရရှိစေရန်၊

(ဂ) ကုန်တင်ကုန်ချ အလုပ်သမားများ၏ လုပ်ငန်းခွင်သက်သာချောင်ချိရေးနှင့် ဘဝအာမခံချက်များ ရရှိစေရန်၊

(ဃ) ကုန်တင်ကုန်ချ အလုပ်သမားများ၏ လုပ်ငန်းခွင်အခြေအနေ တိုးတက် ကောင်းမွန်စေရန်၊

(င) ကုန်တင်ကုန်ချ အလုပ်သမားများ၏ လုပ်ငန်းခွင် စည်းကမ်းလိုက်နာမှု ကောင်းမွန်စေရန်၊

## အခန်း(၃)
## ကုန်တင်ကုန်ချကော်မတီများဖွဲ့စည်းခြင်း

တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ကုန်တင်ကုန်ချလုပ်ငန်းများနှင့် ပတ်သက်၍ အောက်ပါ ကော်မတီနှင့် ရုံးများကို ဖွဲ့စည်းခွင့်ရှိသည်-

(က) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီနှင့် ရုံး၊

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် ရုံးများ၊

(ဂ) မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေးကော်မတီနှင့် ရုံးများ

တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

မြို့နယ်ကုန်တင်ကုန်ချကော်မတီနှင့် မြို့နယ်ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး ကော်မတီတို့၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်းများအား တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီရုံးမှ တစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ရမည်။

# အခန်း(၄)
# ကုန်တင်ကုန်ချကော်မတီများ၏ လုပ်ငန်းတာဝန်များ

၇။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ကုန်တင်ကုန်ချလုပ်ငန်းများကို ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ အမိန့်နှင့် ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ခြင်း ရှိ/မရှိ ဝင်ရောက် စစ်ဆေးခြင်း သို့မဟုတ် အရာရှိ တစ်ဦးဦးကဖြစ်စေ၊ အဖွဲ့စည်း၍ဖြစ်စေ ဝင်ရောက်စစ်ဆေးခြင်း၊

(ခ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချ အလုပ်သမား ကြီးကြပ်ရေးကော်မတီ၏ သက်သာချောင်ချိရေး ရန်ပုံငွေနှင့် ငွေကြေးစာရင်း ဇယားများအား စစ်ဆေးခြင်း၊ အတည်ပြုခြင်း၊ ကန့်ကွက်ခြင်းနှင့် အရေးယူခြင်း၊

(ဂ) ဤဥပဒေအရထုတ်ပြန်ရမည့် နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့် ညွှန်ကြားချက်များ သို့မဟုတ် စည်းကမ်းချက်များ၏ မူကြမ်းများကို ရေးဆွဲ၍ တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချအလုပ်သမားကြီးကြပ်ရေး ကော်မတီများက ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်လိုသူ အလုပ်သမားများအား မှတ်ပုံတင်ပြီးကြောင်း တင်ပြချက်များကို အတည်ပြုခြင်း၊

(င) ကုန်တင်ကုန်ချအလုပ်သမားများ ဒေသန္တရကုန်ဈေးနှုန်းများနှင့် အညီ လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခများ ရရှိစေရေးအတွက် ဒေသ ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၏ ခွင့်ပြုချက်ဖြင့်ထိုက်တန်သော လုပ်ခနှုန်းထား သတ်မှတ် ရေးကို ညှိနှိုင်းဆောင်ရွက်ပေးခြင်းနှင့် အတည်ပြုခြင်း၊

(စ) မြို့နယ်ကုန်တင်ကုန်ချကော်မတီများနှင့် ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေး ကော်မတီအဖွဲ့ဝင်များခန့်ထားခြင်း၊ ပြင်ဆင်ပြောင်းလဲခြင်း၊ ရပ်စဲခြင်း၊ နှုတ်ထွက်ခြင်းများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များအား ဥပဒေနှင့်အညီ ကြီးကြပ်ခြင်းနှင့် အတည်ပြုအမိန့်များထုတ်ပြန်ခြင်း၊

(ဆ) မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားများအား လုပ်ငန်းခွင့်ကြီးကြပ်နိုင်ရေးအတွက် အလုပ်သမားမှူး၊ အလုပ်သမားစုမှူး၊ စောင့်ရှောက်ရေးမှူးစသည့် ရာထူးများ ခန့်ထားခြင်း၊ နှုတ်ထွက်ခြင်း၊ ရပ်စဲခြင်းတို့နှင့် ပတ်သက်၍ ကြီးကြပ်ခြင်း၊ အတည်ပြုအ မိန့်များ ထုတ်ပြန်ခြင်း၊

(ခ) သက်ဆိုင်ရာ ကုန်တင်ကုန်ချလုပ်ငန်းများအား ကြီးကြပ်ရန် တာဝန်ပေးထားသည့် အရာရှိများ၊ ကြီးကြပ်ရေးမှူးများ၊ စာရင်းကိုင်များ၊ စောင့်ရှောက်ရေးမှူးများ၊ အလုပ်သမားစုမှူးများနှင့် အလုပ်သမားမှူးများ၏ တာဝန်ဝတ္တရားများကို သတ်မှတ်ပေးခြင်းနှင့် ယင်းတာဝန်ဝတ္တရားများအား ကျေပွန်စွာ ထမ်းဆောင်ခြင်း ရှိ/မရှိ ကြီးကြပ်ခြင်း၊ စစ်ဆေးခြင်းနှင့် လိုအပ်ပါက အရေးယူခြင်း၊

(ဂ) အလုပ်သမားအသစ်များ တိုးချဲ့ခန့်ထားခြင်းနှင့် မှတ်ပုံဝင်ကုန်တင်ကုန်ချ အလုပ်သမားအင်အား လျော့ခြင်း၊ ပြစ်မှုကျူးလွန်သော မှတ်ပုံတင်အလုပ်သမားတို့ကို အရေးယူခြင်း၊ ထုတ်ပယ်ခြင်းကိစ္စရပ်များအား ကြီးကြပ်ခြင်းနှင့် အတည်ပြုမိန့်များ ထုတ်ပေးခြင်း၊

(ဃ) ခွင့်ပြုချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ကုန်တင်ကုန်ချလုပ်ငန်းများရှိ မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများအနက် တစ်ဦးဦးကဖြစ်စေ၊ အစုအဖွဲ့အလိုက်ဖြစ်စေ ၎င်းတို့၏ နစ်နာမှုများကို တင်ပြတိုင်ကြားလာပါက စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးခြင်း၊

(င) ကုန်တင်ကုန်ချအလုပ်သမားများအား ခန့်အပ်တာဝန်ပေးအပ်ခြင်း၊ မှတ်ပုံတင်ခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ချက်များနှင့် စည်းကမ်းချက်များ သတ်မှတ်ပေးခြင်း၊

(စ) ကုန်တင်ကုန်ချလုပ်ငန်းများတွင် လုပ်ငန်းခွင့်ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် မတော်တဆ ထိခိုက်မှု မဖြစ်ပွားစေရေးတို့အတွက် စနစ်တကျဆောင်ရွက်ပေးခြင်း၊

(ဆ) ကုန်တင်ကုန်ချ အလုပ်သမားများ၏ သက်သာချောင်ချိရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် သက်သာချောင်ချိရေးရန်ပုံငွေများ တည်ထောင်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း၊

(ဇ) ကုန်တင်ကုန်ချလုပ်ငန်းခွင် တည်ငြိမ်အေးချမ်းရေးနှင့် လုပ်ငန်းခွင် စည်းကမ်းချက်များ သတ်မှတ်ခြင်းနှင့် အပြစ်ပေးအရေးယူခြင်း၊

(ဈ) မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဥပဒေနှင့်အညီ ခန့်အပ်ပေးထားသော ဦးစီးအရာရှိနှင့် အဖွဲ့ဝင်များကို အခြေခံလျက် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံးကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ည) ဌာနခွဲအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းခွင့်ပြုချက်ရရှိသူ သို့မဟုတ် ၎င်းက ခန့်အပ်တာဝန်ပေးထားသူများနှင့် အလုပ်သမားမှူး အဆင့်ဆင့်တို့၏ ကိုယ်စားလှယ် အဖွဲ့ဝင်များကို အခြေခံလျက်လုပ်ငန်းခွင်ကြီးကြပ်ရေး ကော်မတီရုံးကို ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

၈။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်

(က) မြို့နယ်အတွင်းရှိ ကုန်တင်ကုန်ချလုပ်ငန်းများစနစ်တကျရှိစေရေး မှတ်ပုံတင်ကုန်တင်ကုန်ချ အလုပ်သမားများ သတ်သာချောင်ချိရေးတို့အတွက် ဤဥပဒေအရ ထုတ်ပြန်ထားသည့် အမိန့်နှင့် ညွှန်ကြားချက်များ၊ ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် စစ်ဆေးခြင်း၊

(ခ) မြို့နယ်အတွင်း၌ ကုန်တင်ကုန်ချလုပ်ငန်းများတွင် မှတ်ပုံတင်ကုန်တင်ကုန်ချ အလုပ်သမားအဖြစ် လုပ်ကိုင်လိုသူများရှိပါက စနစ်တကျရွေးချယ်၍ မှတ်ပုံတင် ရရှိရေးအတွက်ဆောင်ရွက်ပေးခြင်းနှင့် တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီ တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဂ) ဖြစ်သင့်သည့် အနည်းဆုံးမှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားအင်အားနှင့် အများဆုံး မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားအင်အား သတ်မှတ်ချက်များ၊ ဂရုဏာကြေး သတ်မှတ်ချက်များ၊ လုပ်ငန်းဆောင်ရွက်ချက်များကို ပြုစု၍ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊

(ဃ) မှတ်ပုံတင်ကုန်တင်ကုန်ချအလုပ်သမားများအတွက် ဒေသန္တရကုန်ဈေးနှုန်းများနှင့် လိုက်လျောညီထွေရှိသည့် ကုန်တင်ကုန်ချလုပ်ခများ တိုးမြှင့်ရန်လိုအပ်လာပါက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြ၍ ဆက်စပ်ပတ်သက်သည့် ကုန်သည်များ၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းခြင်း၊ တင့်သင့် လျောက်ပတ်သည့် ကုန်တင်ကုန်ချဈေးနှုန်းများကို ပြင်ဆင်သတ်မှတ်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ပြန်လည်တင်ပြ ခွင့်ပြုချက်ရယူပြီး တိုင်းဒေသကြီး ကုန်တင်ကုန်ချ ကော်မတီသို့ အတည်ပြုနိုင်ရေး တင်ပြခြင်း၊

(င) မြို့နယ်ရုံးလက်အောက်ရှိ လုပ်ငန်းအဖွဲ့များအလိုက် လုပ်ငန်းခွင်ကြီးကြပ်ရေး ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(စ) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီမှ အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း၊

## အခန်း(၅)
## ခွင့်ပြုချက်တောင်းခံခြင်း၊ ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၉။ ၁၉၄၇ ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အပ်ဥပဒေအရ ထုတ်ပြန်ခဲ့သည့် ၁၉၅၉ ခုနှစ် အလုပ်သမားများအလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (T Labour Employment Control Order, 1959) အရလည်းကောင်း၊ ယင်းအမိန့်အရ ပြုလုပ်သ ၁၉၇၀ ပြည့်နှစ်၊ ပြည်တွင်းကုန်တင်ကုန်ချ အလုပ်သမားများစောင့်ရှောက်ရေး စည်းမျဉ်း ဥပဒေများဖြင့်လည်းကောင်း လုပ်ကိုင်လျက်ရှိသော ယခင်အလုပ်သမား ဝန်ကြီးဌာ

[illegible]အောက်ရှိ ကုန်တင်ကုန်ချကော်မတီရုံးများသည် တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီရုံးမှ [illegible]ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် သက်ဆိုင်ရာမြို့နယ်များတွင် [illegible]တင်ကုန်ချလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခွင့် ရှိရမည်။

[illegible] ကုန်တင်ကုန်ချအလုပ်သမား(၅)ဦးနှင့် အထက်ရှိပြီး တစ်နှစ်အတွင်း အလုပ်လုပ်ချိန် [illegible](၄)လရှိသည့် ကုန်တင်ကုန်ချလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်လျှက်ရှိသော သို့မဟုတ် [illegible]ကိုင်လိုသော အောက်ဖော်ပြပါလုပ်ငန်း တစ်ရပ်ရပ်သည် မြို့နယ်ကုန်တင်ကုန်ချ [illegible]မတီရုံးနှင့် သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တစ်ဆင့် [illegible]မှတ်ချက်များနှင့်အညီ ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ခွင့်လျှောက်လွှာများကို စိစစ် [illegible]ချက်နှင့်အတူ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသို့ ခွင့်ပြုချက်လျှောက်ထားရမည်-

(က) ကားကြီးရပ်ကွင်းများ၊ ဈေးများ၊ ပွဲရုံများ၊ သင်္ဘောဆိပ်၊ လေဆိပ်၊ ကားဂိတ်၊ စက်လှေဆိပ်၊ ဘူတာရုံစသည့် အများပြည်သူသွားလာနေဆိုင်ရာ နေရာဌာနများရှိ ပုဂ္ဂလိကအဖွဲ့အစည်းများက ကြီးကြပ်ဆောင်ရွက်လျှက်ရှိသည့် ကုန်တင်ကုန်ချ လုပ်ငန်းများကို လုပ်ကိုင်နေသူများ၊

(ခ) စည်ပင်သာယာရေးကော်မတီ သို့မဟုတ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်လျှက်ရှိသော ဈေးများ၊ လေလံရ ကူးတို့ဆိပ်များ၊ သင်္ဘောဆိပ်ကမ်းများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသူများ၊

(ဂ) အစိုးရဌာနမဟုတ်သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များက တာဝန်ယူ ဆောင်ရွက်လျှက်ရှိသော ပစ္စည်းသယ်ဆောင်သည့် ဝန်ဆောင်မှုလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်နေသူများ၊

(ဃ) နိုင်ငံပိုင်စက်ရုံ အလုပ်ရုံများတွင် ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်နေသည့်ဌာန၊ အဖွဲ့အစည်းများ။

[illegible] တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ပုဒ်မ ၁၀ အရ ကုန်တင်ကုန်ချလုပ်ငန်း လုပ်ကိုင်ခွင့် [illegible]လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ တင်ပြချက်ကို [illegible]စစ်ပြီးစည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုချက် ထုတ်ပေးခြင်း သို့မဟုတ် ငြင်းပယ်ခြင်း [illegible]နိုင်သည်။

[illegible] ကုန်တင်ကုန်ချလုပ်ငန်းလုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် [illegible]ိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအရ သက်ဆိုင်ရာ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး၏ [illegible]ကြီးကြပ်ကွပ်ကဲမှုအောက်၌ လုပ်ငန်းဌာနခွဲ တစ်ခုအနေဖြင့် လုပ်ကိုင်ဆောင်ရွက်ရမည်။

[illegible] တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ထုတ်ပေးထားသော ခွင့်ပြုချက်ကို ဤဥပဒေအရ [illegible]ထုတ်ပြန်ထားသော နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်၊ [illegible]ညွှန်ကြားချက်များအနက် တစ်ရပ်ရပ် ဖောက်ဖျက်လျှင် သတ်မှတ်ကာလမတိုင်မီ ပြန်လည် [illegible]ရုပ်သိမ်းနိုင်သည်။

## အခန်း(၆)
## ကုန်တင်ကုန်ချကော်မတီရုံးအား ဖျက်သိမ်းခြင်း

၁၄။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချ ကြီးကြပ် ကော်မတီရုံးတစ်ခုခုသည် လမ်းပန်းဆက်သွယ်မှုအခြေအနေများ ပြောင်းလဲမှုကြောင့်ဖြစ် လုပ်ငန်းနေရာပြောင်းရွှေ့ခြင်းအပါအဝင် အခြားလုံလောက်သော အကြောင်းတစ်ရပ်ရပ်ကြော ဖြစ်စေ၊ ကုန်တင်ကုန်ချလုပ်ငန်းများ လျော့ကျလာခြင်းကြောင့် ခွင့်ပြုထားသည့် လုပ်ငန်းခွင့်ပြု သက်တမ်းကာလမတိုင်မီ ဖျက်သိမ်းရမည့် အခြေအနေမျိုး ကြုံတွေ့ရလျှင်ဖြစ်စေ ထိုအ အနေကို အကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် ဖျက်သိမ်းခွင့်ပြုရန် တိုင်းဒေသကြီး ကုန်တင်ကု ကော်မတီသို့ ခွင့်ပြုချက်တင်ပြ တောင်းခံရမည်။

၁၅။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ပုဒ်မ ၁၄ အရ တင်ပြချက်ကိုစိစ လိုအပ်ပါက ကွင်းဆင်း စစ်ဆေးပြီး သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက် မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေး ကော်မတီရုံးကို ဖျက်သိမ်းခွင့်ပြုနိုင်သည

၁၆။ ပုဒ်မ ၁၅ အရ ဖျက်သိမ်းခွင့်ရရှိသော မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟု မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးသည် မိမိပိုင်ရွှေ့ပြောင်းနိုင်သေ ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့် သက်သာချောင်ချိရေးရန်ပုံငွေတို့ သတ်မှတ်ချက်များနှင့်အညီ စာရင်းရှင်းလင်းဖျက်သိမ်းရမည်။

၁၇။ မြို့နယ်ကုန်တင်ကုန်ချကော်မတီ သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟု မြို့နယ်ကုန်တင်ကုန်ချ အလုပ်သမားကြီးကြပ်ရေးကော်မတီရုံးသည် စာရင်းရှင်းလင်းဖျက်သိမ်းပြီး ယင်းသို့ပြီးစီးကြောင်းကို စာရင်းရှင်းတမ်း အပြည့်အစုံနှင့်တကွ တိုင်းဒေသကြီး ကုန်တင်ကု ကော်မတီရုံးသို့ အစီရင်ခံတင်ပြရမည်။

၁၈။ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် ဖျက်သိမ်းသည့် မြို့နယ် ကုန်တင်ကု ကော်မတီ သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် အလုပ်သမားကြီးကြပ် ကော်မတီရုံး၏ စာရင်းရှင်းလင်းဖျက်သိမ်း ပြီးစီးမှုအား တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ တင်ပြအစီ ရမည်။

## အခန်း(၇)
## သက်သာချောင်ချိရေးရန်ပုံငွေထူထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြ

၁၉။ မြို့နယ်ကုန်တင်ကုန်ချကော်မတီရုံး သို့မဟုတ် မြို့နယ်ကုန်တင်ကုန်ချ အလုပ်သ ကြီးကြပ်ရေးကော်မတီရုံး လက်အောက်ရှိ မြို့နယ်လုပ်ငန်းဌာနခွဲကြီးကြပ်ရေးကော်မတီ ဌာနခွဲများသည် မှတ်ပုံတင် ကုန်တင်ကုန်ချ အလုပ်သမားများ၏ လူမှုဖူလုံရေးနှင့် ဘဝအာမခံ ရရှိရေးအတွက် သက်သာချောင်ချိရေးရန်ပုံငွေတစ်ရပ်ကို သတ်မှတ်ချက်များနှင့်အ ထူထောင်ထားရှိရေးကြီးကြပ်ကွပ်ကဲ ဆောင်ရွက်ရမည်။

၂၀။ မြို့နယ်ကုန်တင်ကုန်ချကော်မတီသည် သက်သာချောင်ချိရေး ရန်ပုံငွေထိန်းသိမ်းခြင်း၊ ပါဝင်သော ဂရုဏာကြေးများ သတ်မှတ်ခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ တာဝန်ယူဆောင်ရွက်ရမည်။

၂၁။ ကုန်တင်ကုန်ချလုပ်ငန်းခွင့်ပြုချက်ရရှိသည့် လုပ်ငန်းတစ်ရပ်ရပ်သည် သက်သာချောင်ချိရေး ရန်ပုံငွေ ထူထောင်ခြင်း၊ ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်း၊ စီမံခန့်ခွဲခြင်းတို့နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော ဘဏ္ဍာရေးစည်းမျဉ်းများ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ တာဝန်ယူဆောင်ရွက်ရမည်။

## အခန်း(၈)
## တားမြစ်ချက်များ

၂၂။ မည်သူမျှ အောက်ဖော်ပြပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ-

(က) ခွင့်ပြုချက်မရှိဘဲ ကုန်တင်ကုန်ချလုပ်ငန်းကို လုပ်ကိုင်ခြင်း၊

(ခ) မှတ်ပုံတင်ကုန်တင်ကုန်ချ အလုပ်သမားများ၏ လုပ်အားခကို အလွဲသုံးစားပြုခြင်း၊

(ဂ) မှတ်ပုံတင် ကုန်တင်ကုန်ချအလုပ်သမားများ၏ သက်သာချောင်ချိရေးနှင့် စပ်လျဉ်း၍ ခွင့်ပြုထားသည့် ဂရုဏာကြေးနှင့် ထောက်ပံ့ကြေးတို့ကို သက်ဆိုင်ရာ ရန်ပုံငွေမှ ထုတ်ပေးရန် ပျက်ကွက်ခြင်း၊

၂၃။ မည်သူမျှ တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီမှ လွှဲအပ်တာဝန်ပေးချက်အရ ကော်မတီ သို့မဟုတ် ကော်မတီဝင်တစ်ဦးဦးက ကုန်တင်ကုန်ချလုပ်ငန်းနှင့်စပ်လျဉ်း၍ တာဝန်အရ ဆောင်ရွက်မှုများကို တားဆီးခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်း မပြုရ။

၂၄။ မည်သူမျှ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊ ကျူးလွန်ခြင်းမပြုရ-

(က) သက်ဆိုင်ရာ ကုန်တင်ကုန်ချ သို့မဟုတ် ကုန်စည်အမျိုးအစားအလိုက် သတ်မှတ်ထားသော အခကြေးငွေထက်ပို၍ အများပြည်သူထံမှ လုပ်အားခ ပိုမို တောင်းခံခြင်း၊

(ခ) ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက်နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

## အခန်း(၉)
## ပြစ်ဒဏ်များ

၂၅။ မည်သူမဆို ပုဒ်မ ၂၂ ပုဒ်မခွဲ(က)၊ (ခ)နှင့် (ဂ) ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ် နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်သည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ခြောက် လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်နိုင်သည်။

## အခန်း(၁၀)
## အထွေထွေ

၂၈။ တိုင်းဒေသကြီး ကုန်တင်ကုန်ချကော်မတီသည် ကုန်တင်ကုန်ချလုပ်ငန်း ခွင့်ပြုချက် ထုတ်ပေးခြင်းတို့နှင့် စပ်လျဉ်း၍ လုပ်ငန်းခွင့်ပြုချက်သက်တမ်း၊ လုပ်ငန်းခွင့်ပြုချက်အခကြေး၊ သက်တမ်းတိုးမြှင့်ခနှင့် အခြားအခကြေး ငွေများကို သတ်မှတ်ရမည်။

၂၉။ ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သည့် မည်သည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုမဆို တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီ၏ ခွင့်ပြုချက်ဖြင့် လွှဲအပ် တာဝန်ပေးခြင်းခံရသူသည် သက်ဆိုင်ရာ မြို့နယ်တရားရုံးတွင် တရားစွဲဆိုပိုင်ခွင့်ရှိသည်။

၃၀။ ယခင်ပြည်တွင်းကုန်တင်ကုန်ချကော်မတီသည် ဤဥပဒေအရ ဖွဲ့စည်းထားသည့် ကော်မတီထံ လုပ်ငန်းနှင့် ပိုင်ဆိုင်ခွင့်အရပ်ရပ်ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တာဝန်ပေးအပ် ထားသည့် အဖွဲ့အစည်းတစ်ခု၏ ကြီးကြပ်မှုဖြင့် လွှဲပြောင်းပေးအပ်စေရမည်။

၃၁။ ၁၉၄၇ ခုနှစ်၊ အရေးကြီးကုန်ပစ္စည်းများနှင့် ဆောင်ရွက်မှုများဆိုင်ရာ အက်ဥပဒေအ ထုတ်ပြန်ခဲ့သည့် ၁၉၅၉ ခုနှစ်၊ အလုပ်သမားများ အလုပ်အကိုင်ကြီးကြပ်အုပ်ချုပ်ရေးအမိန့် (The Employment Control Order, 1959) သည်လည်းကောင်း၊ ယင်းအမိန့်အရပြုလုပ်သည့် ၁၉၇ ပြည့်နှစ်၊ ပြည်တွင်းကုန်တင်ကုန်ချအလုပ်သမားများ စောင့်ရှောက်ရေးစည်းမျဉ်းဥပဒေများ၊ ၂၀ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် တည်မြဲအမိန့်နှင့် ဘဏ္ဍာရေးစည်းမျဉ်းတို့သည်လည်းကော ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများကို ထုတ်ပြန် နိုင်သည်၊

(ခ) တိုင်းဒေသကြီးကုန်တင်ကုန်ချကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ

(၂၀၁၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၁။ )

၁၃၇၄ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၁၂ ခုနှစ်၊ အောက်တိုဘာ လ ၉ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

(က) ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ**ဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ စစ်ကိုင်းတိုင်းဒေသကြီး တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက် စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်၊

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန ကို ဆိုသည်၊

(င) **ဦးစီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်၊

(စ) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနမှူးကို ဆိုသည်၊

(ဆ) **ဦးစီးဌာနမှူး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ခရိုင် သို့မဟုတ် မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာနမှူးကို ဆိုသည်၊

(ဇ) **ငါး** ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင်သော်လည်းကောင်း၊ ရေထဲ နေထိုင်ကျက်စားသည့် ရေသတ္တဝါ အားလုံး ယင်းတို့၏ ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့်အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ မျိုးစေ့များလည်းပါဝင်သည်၊

(ဈ) **ငါးလုပ်ငန်း** ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန် စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန် ဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ ငါးသားပေါက်စခန်းများ ထူထောင်ပေးခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများလည်း ပါဝင်သည်၊

(ည) **ငါးဖမ်းခြင်း** ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများ အတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်း လုပ်ငန်းများလည်း ပါဝင်သည်၊

(ဋ) **ငါးဖမ်းကိရိယာ** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့် ပစ္စည်းကိရိယာကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ အထောက်အကူပြုသော ပစ္စည်းကိရိယာများ လည်း ပါဝင်သည်၊

(ဌ) **ငါးဖမ်းရေယာဉ်** ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့် ရေယာဉ်ကို မဆို ဆိုသည်၊

(ဍ) **ယာဉ်** ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ၊ မြေပေါ်တွင် ရွေ့လျားသွားလာ နိုင်သည့် မည်သည့်ယာဉ်ကိုမဆို ဆိုသည်၊

(ဎ) **အအေးခန်းစက်ရုံ** ဆိုသည်မှာ ငါးများသန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင် အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့်စက်ရုံကို ဆိုသည်၊

(ဏ) **ရေချိုငါးလုပ်ငန်းရေပြင်** ဆိုသည်မှာ တိုင်းဒေသကြီး၏ နယ်နိမိတ် အတွင်းတွင် ရှိသည့် အစဉ်အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီ တည်ရှိသည်ဖြစ်စေ၊ ငါးများနေထိုင် ကျက်စား ခိုအောင်း ပေါက်ပွားကြ ပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်နှင့် ဆ

တာတမံအတွင်းရှိ လျှိုမြောင်များတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ဂရန်အင်း၊ သီးသန့်အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်း ရေပြင်၊ ရေလှောင်တမံကြီးများ၊ ရေလွှဲဆည်များ ပါဝင်သည်၊

(တ) ဂရန်အင်း ဆိုသည်မှာ ဌာနကနယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်း ကိရိယာ၊ အချိန်ကာလနှင့် ငါးဖမ်းနည်း စသည့် သတ်မှတ်ချက်များ ထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင် ခွင့်ပြုထားသော ရေပြင်ကို ဆိုသည်၊

(ထ) သီးသန့်အင်း ဆိုသည်မှာ ဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုး ပွားများစေရန်အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအား လျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ်မှတ် ချက်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့်ရေပြင်ကို ဆိုသည်၊

(ဒ) လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသောငါးလုပ်ငန်းရေပြင် ဆိုသည်မှာ ဌာနက ဂရန်အင်း၊ သီးသန့်အင်း ဟုသတ်မှတ်ထားသော နေရာ ဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာ လိုင်စင် ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက်သတ်မှတ်ပြီး တင်ဒါလိုင်စင် ချထား၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ၊ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်၊

(ဓ) ရေထွက်ပစ္စည်း ဆိုသည်မှာ ရေပြင်တစ်ခုခုမှ ရရှိသောငါး၊ သက်ရှိ ရေသတ္တဝါများ ယင်းတို့၏ စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေ ခွံများ၊ ပြုပြင်မွမ်းမံထားသည့် ငါးနှင့် ရေသတ္တဝါများ၊ အပင်များ၊ သက်မဲ့ ပစ္စည်းများကို ဆိုသည်၊

(န) အငှားဂရန် ဆိုသည်မှာ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနက ထုတ်ပေးသည့် အငှားဂရန်ကို ဆိုသည်၊

(ပ) လိုင်စင် ဆိုသည်မှာ ဂရန်အင်းမှအပ တိုင်းဒေသကြီးရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန် ဌာနကထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်၊

(ဖ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရှိသူ ဆိုသည်မှာ ဌာနက ထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါ လိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ အအေးခန်းစက်ရုံ တည်ထောင်လုပ်ကိုင်ခွင့် သို့မဟုတ် ငါးလုပ်ငန်းနှင့် သက်ဆိုင်သည့် လုပ်ငန်း လုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုသည်၊

(ဗ) ပြန်အမ်းငွေ ဆိုသည်မှာ အငှားဂရန်သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ စစ်ကိုင်းတိုင်း ဒေသကြီး၏ အကျိုးငှာ ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ကို ဆိုင်းငံ့ခြင်း

သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ သဘာဝဘေးအန္တရာယ် ကြော
သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြော
ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ အငှားဂရန်ရရှိသူ သို့မဟု
တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခအန
လုပ်ကိုင်ရန် ကျန်ရှိသော ငါးလုပ်ငန်း ရာသီအတွက် ပြန်လည်ရထိုက်သော
အခွန်အခကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ငါးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ရေချိုငါးလုပ်ငန်းရေပြင်များ ပျက်စီးခြင်းမှ ကာကွယ်စောင့်ရှောက်

(ဃ) တိုင်းဒေသကြီး ဘဏ္ဍာငွေအတွက် ရသင့်ရထိုက်သော အခွန်အခမ ရရှိစေရန်၊

(င) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်းနှင့် အရေးယူဆောင်ရွက် ပြုနိုင်စေရန်။

## အခန်း (၃)
## အငှားဂရန်၊ လိုင်စင်လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ ဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သ နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ ဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ် လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စ ပေးဆောင်ခြင်းဖြင့်ဖြစ်စေ တင်ဒါလိုင်စင် ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေး တင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၆။ ရေထွက်ပစ္စည်းရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်း၊ အအေးခန်း တည်ထောင်ခြင်း လုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လို ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့်ညီညွတ် ရေထွက်ပစ္စည်းများ ရောင်းဝယ်ခြင်း၊ စုဆောင်းခြင်း၊ သယ်ယူခြင်းတို့အတွက် လို ထုတ်ပေးနိုင်သည်။

တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွင် ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် လိုင်စင်ထုတ်ပေးရမည်-

(က) နှစ်ရှည်အငှားဂရန် လျှောက်ထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လျှောက်ထားခြင်း၊

(ဂ) အအေးခန်းစက်ရုံတည်ထောင်ခြင်း။

ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် အခြားရေချိုငါးလုပ်ငန်းရေပြင် တစ်ခုခုတွင် တင်ဒါလိုင်စင် ချထားသည့်ကိစ္စတို့ကို သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ လေလံတင် ရောင်းချခြင်း သို့မဟုတ် တင်ဒါလိုင်စင် ချထားခြင်းပြုရမည်။

ခရိုင်ဦးစီးဌာနမှူးသည် ဂရန်အင်းလေလံတင်ရောင်းချသည့်ကိစ္စနှင့် တင်ဒါ လိုင်စင်ချထားသည့် ကိစ္စတို့တွင် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ခွင့်ပြုချက်ဖြင့် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ထုတ်ပေးရမည်။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ယင်းသို့ ခွင့်ပြုရန်အတွက် ဝန်ကြီး၏အတည်ပြုချက် ရယူရမည်။

မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့်တင်ဒါလိုင်စင်ချထားသည့် ရေပြင်တို့မှ အပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ အမျိုးအစား တစ်ခုခုဖြင့် ငါးဖမ်း ကြောင်း လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာ လိုင်စင်ထုတ်ပေးနိုင်သည်။

မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းတွင် ခန့်ထားအသုံးပြုမည့် ရေလုပ်သားများနှင့်စပ်လျဉ်း၍ ရေလုပ်သားမှတ်ပုံတင် လျှောက်ထား လာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်ပေးနိုင်သည်။

## အခန်း (၄)
## အခွန်အခပေးဆောင်ခြင်း

အငှားဂရန်အင်း လေလံဆွဲဝယ်ရရှိသူသည် လေလံကြေးဖြစ်သော အင်းခွန်ကို လည်းကောင်း၊ တင်ဒါ လိုင်စင်ချထားခြင်းခံရသူသည် တင်ဒါကြေးနှင့် လိုင်စင်ခတို့ကို လည်းကောင်း လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။ ဘဏ်ဖွင့်ချိန်ကျော်လွန်သွားပါက ဘဏ်ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက်တွင် အပြေအကျေ ပေးဆောင်ရမည်။

အငှားဂရန်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာ လိုင်စင်ရရှိသူသည် ပေးဆောင်ရန် လိုင်စင်ခကို လက်ငင်းငွေချေစနစ်ဖြင့်နေ့ချင်းပြီး အပြေအကျေ ပေးဆောင်ရမည်။ဘဏ်ဖွင့်ချိန် ကျော်လွန်သွားပါက ဘဏ်ဖွင့်ရက်ဖြစ်သည့် နောက်တစ်ရက်တွင် အပြေအကျေပေးဆောင်ရမည်။

၁၅။ နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ အင်းခွန်နှင့်အခြား ကျသင့်ငွေ များကို ပေးဆောင်ရမည်။

၁၆။ အအေးခန်းစက်ရုံတည်ထောင်ခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် လိုင်စင်ခ နိုင်ငံသား ဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့်လည်းကောင်း၊ နိုင်ငံခြားသား မတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ဌာနကသတ်မှတ်သည့် နိုင်ငံခြားငွေဖြင့်လည်းကောင်း သတ်မှတ်သည့် နည်းလမ်း များနှင့်အညီ ပေးဆောင်ရမည်။

၁၇။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည်-

(က) နိုင်ငံသားဖြစ်ပါက ပေးဆောင်ရန်ရှိသောလိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်ငွေများကို ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်၊

(ခ) နိုင်ငံခြားသားသို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ပေးဆောင်ရန် ရှိသော လိုင်စင်ခ၊ မှတ်ပုံတင်ကြေးနှင့် အခြားကျသင့်သော အခွန် အခများကို ဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင် ရမည်။

၁၈။ ဝန်ကြီးသည် အောက်ပါလုပ်ငန်းများအတွက် အခွန်အခများပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြု နိုင်သည်-

(က) ဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သည့်ငါးလုပ်ငန်း။

## အခန်း (၅)

## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၁၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည်-

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဌာနကသတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းများနှင့် အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) ဌာနကတာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာ သုတေသန လုပ်ငန်းများကို အခမဲ့ ဆောင်ရွက်ပေးရမည်၊

(ဃ) မိမိလုပ်ငန်းတွင် ဌာန၌ မှတ်ပုံတင်ထားသည့်ရေလုပ်သားကိုသာ ခန့်ထား လုပ်ကိုင်စေရမည်၊

(င) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ကို ဥပဒေ၊ နည်းဥပဒေ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက် နှင့်အညီ ဆောင်ရွက်နိုင်ခွင့် ရှိသည်။

## အခန်း (၆)
## ဝန်ကြီး၏ လုပ်ပိုင်ခွင့်များ

၁၄။ ဤဥပဒေအရ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့် စပ်လျဉ်း၍ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ဖြင့် ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်ရန် ခွင့်ပြုခြင်း၊

(ခ) မည်သည့်အငှားဂရန် သို့မဟုတ် လိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(ဂ) အခြားသင့်လျော်သည့် အမိန့်တစ်ရပ်ရပ် ချမှတ်ခြင်း ။

## အခန်း (၇)
## တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၅။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်များမှာအောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊

(ခ) ငါးဖမ်းကိရိယာအမျိုးအစားအလိုက် လိုင်စင်နှုန်းထားများကို သတ်မှတ်ပေးခြင်း၊

(ဂ) တင်ဒါငါးဖမ်းကွက်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်း၊

(ဃ) တားမြစ်သည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(င) လိုင်စင်သက်တမ်းနှင့်ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်နှင့် လိုင်စင်ပါ စည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(စ) လိုင်စင်ခ ငါးစိုခွန်၊ လှေခွန်၊ မှတ်ပုံတင်ကြေးနှင့် အခြားပေးဆောင်ရန်ရှိသော အခွန်အခများကို သတ်မှတ်ပေးခြင်း၊

(ဆ) ဦးစီးဌာနမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ဇ) ဝန်ကြီးက တာဝန်လွှဲအပ်သော ငါးလုပ်ငန်းဆိုင်ရာ ကိစ္စများကို ဆောင်ရွက်ခြင်း။

၁၆။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဂရန်အင်း၊ သီးသန့်အင်း သို့မဟုတ် လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်း ရေပြင်အမျိုးအစားသတ်မှတ်ခြင်း၊ ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းတို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ခ) တိုင်းဒေသကြီး အကျိုးငှာ လိုအပ်လျှင်သော်လည်းကောင်း အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်ကန်သော နည်းလမ်းဖြင့် ရယူထားကြောင်း တွေ့ရှိလျှင်သော် လည်းကောင်း၊ လုံလောက်သော အကြောင်းရှိလျှင် သော် လည်းကောင်း၊ မည်သည့်အငှားဂရမ် သို့မဟုတ် လိုင်စင်ကို မဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပေးသွင်းထားသော အခွန်ငွေများကို ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခြင်းတို့ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) ဌာနကထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီး ပျောက်ဆုံးသွားသဖြင့် မိတ္တူရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စ စိစစ်လျှင်း၍ သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးခြင်း၊

(ဃ) ပြန်လည်ထုတ်ပေးနိုင်ခွင့်ရှိသော ပြန်အမ်းငွေပမာဏကို စိစစ်သတ်မှတ် ပေးခြင်း၊

(င) ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း၊ သယ်ယူခြင်း၊ ရောင်းချခြင်းတို့ကို စိစစ်ရန် ဌာနမှ ပြန်တမ်းဝင် အရာရှိအား တာဝန်ပေးအပ်ခြင်း။

## အခန်း (၈)
## စစ်ဆေးခြင်းနှင့် စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူခြင်း

၂၃။ ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများတွင် သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ အောက်ပါအတိုင်း စစ်ဆေးနိုင်သည်-

(က) မိမိတာဝန်ခံရသော ရေချိုငါးလုပ်ငန်းရေပြင် နယ်နိမိတ်အတွင်း ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ဂရန်အင်း၊ သီးသန့်အင်း တင်ဒါချက်အပါအဝင် မည်သည့် ငါးလုပ်ငန်း ကို မဆို စစ်ဆေးခြင်း ရပ်တန့်စေခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်း၏ အငှားဂရန်လိုင်စင်အပါအဝင် လိုအပ်သည့်စာရွက်စာတမ်းများ တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား မေးမြန်းခြင်း စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း။

ဦးစီးဌာနမှူးသည် ဖမ်းဆီးရမိသည့် ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ယာဉ်၊ ငါးများနှင့်စပ်လျဉ်း၍ အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(က) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ရာတွင် အကျုံးဝင်သော ပိုင်ရှင်မဲ့ငါးဖမ်းရေယာဉ်၊ ငါးဖမ်းကိရိယာ၊ ယာဉ်၊ ငါးတို့ကို သိမ်းဆည်းခြင်း၊

(ခ) ငါးနှင့်အခြားလျှင်မြန်စွာ ပုပ်သိုးပျက်စီးစေနိုင်သည့် ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံး ထုခွဲရောင်းချပြီး ရောင်းရငွေကို ဌာန၏ရငွေအဖြစ် ဘဏ်တွင် ပေးသွင်းခြင်း။

တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မခွဲ(က)မှ (င)ကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ရလည်းကောင်း၊ ပုဒ်မခွဲ (စ)ကို မိမိအစီအစဉ်ဖြင့်လည်းကောင်း စီမံခန့်ခွဲမှုဆိုင်ရာ အမိန့်တစ်ရပ်ရပ် ချမှတ်နိုင်သည်-

(က) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း၊ လိုက်နာရန် ပျက်ကွက်ခြင်းဖြစ်လျှင် အငှားဂရန် သို့မဟုတ် လိုင်စင်ကို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူက အခြားသူတစ်ဦး တစ်ယောက်အား အငှားဂရန် သို့မဟုတ် လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ပြန်လည်ရုပ်သိမ်းခြင်း၊

(ဂ) နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူ အဒေးခန်းစက်ရုံတည်ထောင်ခွင့် လိုင်စင်ရရှိသူက အခြားသူတစ်ဦးတစ်ယောက်အား နှစ်ရှည်အငှားဂရန် သို့မဟုတ် လိုင်စင်ရအဒေးခန်းစက်ရုံတည်ထောင်ခွင့် လိုင်စင်ကို လွှဲပြောင်းထားကြောင်း စစ်ဆေးတွေ့ရှိရပါက ပြန်လည်ရုပ်သိမ်းခြင်း၊

(ဃ) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း၊

(င) သိမ်းဆည်းထားသော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သတ်မှတ်သော ဒဏ်ကြေးငွေပေးဆောင်စေ၍ ငါးလုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည် ရွေးယူခွင့်ပြုခြင်း၊

(စ) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို ဌာန၏ရငွေအဖြစ် ဘဏ်တွင် ပေးသွင်းစေခြင်း။

## အခန်း (၉)
## အယူခံခြင်း

၂၆။ (က) ဤဥပဒေအရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့် နေ့မှရက်ပေါင်း ၃၀ အတွင်း ခရိုင်ဦးစီးဌာနမှူး သတ်မှတ်သည့်အတိုင်း အယူခံဝင်နိုင်သည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၇။ (က) ဤဥပဒေအရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူး အယူခံဝင်နိုင်သည်၊

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၂၈။ (က) ဤဥပဒေအရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့် နေ့မှ ရက်ပေါင်း ၆၀ အတွင်း ဝန်ကြီး အယူခံဝင်နိုင်သည်၊

(ခ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ဂ) ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၁၀)
## ပြန်အမ်းငွေ လျှောက်ထားခြင်း

၂၉။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင် ရရှိသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာခရိုင်ဦးစီးဌာနမှူး ပြန်အမ်းငွေ လျှောက်ထားနိုင်သည်-

(ဂ) တိုင်းဒေသကြီး၏ အကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံ တစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

[illegible] ပုဒ်မ ၂၉ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် [illegible]လုပ်နည်းများနှင့် အညီ စိစစ်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ တင်ပြရမည်။

[illegible] တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၂၉ အရ လျှောက်ထားလာသည့် ကိစ္စ [illegible]ကြောင်း စိစစ်တွေ့ရှိလျှင် အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ရရှိသူ ရသင့်သော [illegible]မ်းငွေ ပမာဏကို သတ်မှတ်၍ ဝန်ကြီးထံတင်ပြရမည်။

[illegible] ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်သော ပြန်အမ်းငွေ [illegible]ကို ထုတ်ပေးရန် အဆုံးအဖြတ်ပေးရမည်။

[illegible] ပုဒ်မ ၃၂ အရ အဆုံးအဖြတ်ပြုသည့် ပြန်အမ်းငွေပမာဏကို သက်ဆိုင်ရာ [illegible]ဦးစီး ဌာနမှူးသည် ဌာန၏ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူထံ [illegible]ည်ထုတ်ပေးရမည်။

## အခန်း (၁၁)
## တားမြစ်ချက်များ

[illegible] မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန် သို့မဟုတ် လိုင်စင်မရှိဘဲ [illegible]လုပ်ငန်း လုပ်ကိုင် ခြင်း မပြုရ ။

[illegible] မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ-

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်း၊ အဆိပ်အတောက်၊ ဓါတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ် ဖြစ်စေသော ပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်း၊

(ခ) လျှပ်စစ်ရှော့တိုက်ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာဖြင့်ငါးဖမ်းခြင်း၊

(ဃ) တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(င) တားမြစ်ထားသော အချိန်ကာလနှင့် နေရာဒေသအတွင်း ငါးဖမ်းခြင်း။

[illegible] မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း [illegible]ပြီးနောက် ဌာန၏ခွင့်ပြုချက်မရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါကြေးနှင့် [illegible]ိုင်စင်ခတို့ကို နေ့ချင်းပြီး ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၃၇။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဌာန၏ခွင့်ပြုချက်မရရှိဘဲ ငါးဖမ်းဆီး
အလို့ငှာ ဆည်၊ တမံ၊ ယင်း၊ ကျားပိုက်စသော အပိတ်အဆို့ အတားအဆီးတစ်စုံတစ်ရာ
စိုက်ထူခြင်း၊ တည်ဆောက်ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုလုပ်ရ။

၃၈။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန် သို့မဟုတ် လိုင်စင်
စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုလုပ်ရ။

၃၉။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေနေသတ္တဝါ
သက်ရှိသက်မဲ့ သယံဇာတ ပစ္စည်းများအား နှောက်ယှက်ခြင်း၊ ပျက်စီးစေခြင်း သို့မဟု
ရေထုညစ်ညမ်းစေခြင်း မပြုလုပ်ရ။

၄၀။ မည်သူမျှ အငှားဂရန်အင်း သို့မဟုတ် ဂရန်အင်းနယ်နိမိတ်အတွင်း အောက်
တို့ကို မပြုလုပ်ရ-

(က) ငါးနေငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ မီးရှို့ခြင်း၊
(ခ) ရေရန်အင်း၏ ရေစီးရေလာ ပျက်ပြားစေရန်၊ သဘာဝအခြေအနေထိခို
စေရန် ပြုလုပ်ခြင်း၊
(ဂ) လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း။

၄၁။ မည်သူမျှ ဌာန၏ခွင့်ပြုချက်မရှိဘဲ ဂရန်အင်း၊ သီးသန့်အင်းနှင့် ယင်းတို့
ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်
ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်း ပြောင်းလဲခြင်း
သီးနှံစိုက်ပျိုးခြင်း မပြုလုပ်ရ။

၄၂။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်းများ
ထုတ်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ ပြည်ပ
တင်ပို့ခြင်း မပြုရ -

(က) စားသုံးသူကိုအဆိပ်သင့်စေနိုင်သည့်၊ ဘေးဥပါဒ် အန္တရာယ်ဖြစ်
နိုင်သည့် သို့မဟုတ် ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ရေထွက်ပစ္စ
ဆိုင်ရာ စားသောက်ကုန်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ သဘာဝ၊ ဒြပ်ဝတ္ထု သို့မဟုတ် အရည်အသွေး ထိခို
စေပြီး ဘေးဥပါဒ် အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိ
တစ်ပိုင်းကိုဖြစ်စေ၊ အစားထိုးထားသော လူတို့ စားသုံးရန်မသင့်သ
ဆိုးဆေး၊ ယမ်းစိမ်း အစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော သို့မဟု
ရေထိုးထားသော ရေထွက်ပစ္စည်းဆိုင်ရာ စားသောက်ကုန်ပစ္စည်း။

၄၉။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်။

၅၀။ ဤဥပဒေပါ ပြစ်မှုတစ်ခုခုဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူသည် ယင်းပြစ်မှု ထပ်မံ ကျူးလွန်ပါက ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၁၃)
## အထွေထွေ

၅၁။ (က) ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ခုခုနှင့် စပ်လျဉ်းသည့် သက်သေခံ ပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံ ပစ္စည်းကို တရားရုံးရှေ့ကို တင်ပို့ရန် မလိုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်၊

(ခ) ဤဥပဒေအရ ဌာနက စီမံခန့်ခွဲရေးနည်းလမ်းဖြင့် သိမ်းဆည်းပြီး ဖြစ်သော ပြစ်မှု တစ်ရပ်ရပ်နှင့် စပ်လျဉ်းသည့် သက်သေခံပစ္စည်းဖြစ်ပါက တရားစွဲဆိုတင်ပို့သော ပြစ်မှုတွင်အစီရင်ခံစာ ပူးတွဲတင်ပြရမည်။ ထိုသို့ တင်ပြသည့် သက်သေခံပစ္စည်းကို သက်ဆိုင်ရာတရားရုံးက ထပ်မံ စီမံခန့်ခွဲခြင်း မပြုရ။

၅၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ သဘောရိုးဖြင့် လုပ်ငန်းတာဝန် ဆောင်ရွက်သော ပြည်သူ့ဝန်ထမ်း တစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း ပြစ်မှုကြောင်းဖြင့် သော်လည်းကောင်း တရားစွဲဆိုခြင်း မပြုရ။

၅၃။ ပုဒ်မ ၄၈ အရ ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို အရေးယူရန်လိုအပ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ရရှိမှသာ တရားစွဲဆိုခြင်းပြုရမည်။

၅၄။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့် အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၅၅။ ဦးစီးဌာနမှူးသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အကူအညီကို တောင်းခံရယူနိုင်သည်။

ဤဥပဒေအရ ဌာနကရရန်ရှိသော အင်းခွန်၊ တင်ဒါကြေး၊ လိုင်စင်ခနှင့် အခြားကြေးများကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

ဌာနသည် ဂရန်အင်းနှင့် သီးသန့်အင်းနယ်နိမိတ်ပြမြေပုံများကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အစိုးရဌာန၊ လုပ်ငန်းများနှင့် ညှိနှိုင်း၍ ပြုစုထားရှိရမည်။

ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် အတွက် -

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းသို့မဟုတ် စည်းကမ်းများကို တိုင်းဒေသကြီး အစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးဦးစီးဌာနမှူးက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ

( ၂၀၁၂ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၂။ )

၁၃၇၄ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၁၂ ခုနှစ်၊ အောက်တိုဘာ လ ၉ ရက်)

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ယစ်မျိုးခွန်ဥပဒေ**ဟု ခေါ်တွင်စေ ရမည်၊

(ခ) ဤဥပဒေကို ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ စစ်ကိုင်းတိုင်းဒေသကြီးတစ်ဝန်းလုံးတွင် အာဏာသက်ရောက်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **တိုင်းဒေသကြီးအစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) **ဝန်ကြီး** ဆိုသည်မှာ အစိုးရအဖွဲ့က တာဝန်ပေးအပ်သော ဝန်ကြီးကို ဆိုသည်၊

(ဃ) **တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး** ဆိုသည်မှာ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ ဌာနအကြီးအကဲကို ဆိုသည်၊

(င) **ယစ်မျိုးခွန်** ဆိုသည်မှာ ဤဥပဒေအရသော်လည်းကောင်း တည်ဆဲဥပဒေတစ်ရပ်ရပ် အရသော်လည်းကောင်း၊ အရက်ပုံ့ပါသည့် အရက်များ သို့မဟုတ် ယစ်မူးစေတက်သော အရာများနှင့် စပ်လျဉ်းပြီး စီမံခန့်ခွဲသည့် သို့မဟုတ် အမိန့်ချမှတ်သည့် အခွန်၊ အကောက်၊ အခ၊ လျော်ကြေး၊ ပြစ်ဒဏ် သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းထားသည့် ပစ္စည်းတစ်စုံတစ်ရာမှ ရရှိသည့် သို့မဟုတ် ရထိုက်သည့် အခွန်ကို ဆိုသည်။ သို့သော် ထိုစကားရပ်တွင် သက်ဆိုင်ရာ တရားရုံးက ချမှတ်သည့် ငွေဒဏ် မပါဝင်၊

(စ) ယစ်မျိုးသက်ဝင်ပစ္စည်း **(Excisablearticle)** ဆိုသည်မှာ ဤဥပဒေ အရသော်လည်းကောင်း တည်ဆဲဥပဒေ တစ်ရပ်ရပ်အရသော် လည်းကောင်း၊ အရက်ပျံပါသည့် ပြည်တွင်းချက် အရက်များနှင့် နိုင်ငံခြား အရက်များ အပါအဝင် ယစ်မူးစေတက်သော အရာများပါ တစ်စုံ တစ်ရာ ဆိုသည်၊

(ဆ) ယစ်မျိုးဝင်ကုန်ပစ္စည်း **(Excisable goods)** ဆိုသည်မှာ ပေးဆောင်ရသည့် ယစ်မျိုးခွန်နှင့်စပ်လျဉ်းပြီး ပြည်တွင်းပြည်ပ ထုတ်လုပ်သည့် အရက်ပျံပါ ချက်အရက်များ၊ နိုင်ငံခြားအရက်များ ဘီယာများ၊ သောက်ပျော်သည့်အရက်၊ မူလသတ္တိပျက်ပြီးအရက် စသည်ဖြင့် သတ်မှတ်ထားသည့် ကုန်ပစ္စည်းကို ဆိုသည်၊

(ဇ) အရက်**(Alcoholic Liquor)** ဆိုသည်မှာ ပမာဏအားဖြင့် (Alco-holic Liquor) ၂ % ထက်ပို၍ ပါဝင်သော အရည်များကို ခေါ်သည် ၎င်းတို့တွင် ထန်းရည်နှင့် ဤဥပဒေအရ အရက် (Alcoholic Liquor) ဖြစ်ကြောင်း မြန်မာနိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန် ထားသော အရာများလည်း ပါဝင်သည်၊

(ဈ) ဘီယာ**(Ale.Stout.Porter)** ဆိုသည်မှာ ဤဥပဒေအရသော် လည်းကောင်း၊ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရသော်လည်းကောင်း (Ale.Stout.Porter)နှင့် မုယော စပါးကို ကစော်ဖောက်၍ ပြုလုပ်ထား ရှိသော အရက်ပျံပါဝင်သည့် အခြားအရက်များ အပါအဝင် မြန်မာနိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာထုတ်ပြန်၍ ဘီယာဟု သတ်မှတ်ထားသော အရာများကို ဆိုသည်၊

(ည) ပြည်တွင်းဖိုထွက်ချက်အရက် **(Country Spirit)** ဆိုသည်မှာ ပေါင်းဖိုနှင့်ခံယူ၍ ရရှိသည့် အရက်ပျံ ပါဝင်သော မည်သည့်အရက် တစ်စုံတစ်ရာကိုမဆို ဆိုသည်၊

(ဋ) ထန်းရည်**(Tari)** ဆိုသည်မှာ ကစော်ဖောက်သည်ဖြစ်စေ၊ မဖောက်သည် ဖြစ်စေ၊ ထန်း၊ ဓနိအုန်း၊ ပေ စသည့် အပင်အမျိုးမျိုးမှ ထွက်သော အရည်ကို ဆိုသည်၊

(ဌ) တည်အရက်**(Fermenter Liquor)** ဆိုသည်မှာ ချက်အရက်မှတစ်ပါး အရက်ပျံ ပါဝင်သည့် အရက်ကို ဆိုသည်၊ (လျှော်ဇာရည်၊ ခေါင်ရည် စသည်များ)

(ဍ) သောက်ပျော်သောအရက် **(Potable Ancoholic Liquor)** ဆိုသည်မှာ ပြုပြင်ပြီး မူလသတ္တိပျက် အရက်မှ တစ်ပါး အရက်ပျံပါဝင်သည့် အရက်တစ်မျိုးမျိုးကို ဆိုသည်၊

(ဇ) **မူလသတ္တိပျက်ပြီး (Denatured)** ဆိုသည်မှာ ယစ်မျိုးအက်ဥပဒေအရ သတ်မှတ် သည့် နည်းလမ်းများနှင့်အညီ လူတို့သောက်သုံးရန် မသင့်အောင်ပြုပြင်ပြီးသည်ကို ဆိုသည်၊

(ဈ) **ချက်လုပ်ခြင်းဆိုသည့် စကားရပ်တွင် အောက်ပါတို့ပါဝင်သည်-**

(၁) သဘာဝအားဖြင့် ဖြစ်စေ၊ ပြုပြင်၍ဖြစ်စေ ယစ်မျိုးသက်ဝင်ရာ တစ်စုံတစ်ရာကို ထွက်ရှိစေရန် ပြုလုပ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ထန်းပင်မှ အရည်ခံခြင်း၊ ထုတ်ယူခြင်းတို့ ပါဝင်သည်၊

(၂) ပြန်၍ ပေါင်းခံခြင်း (Redistillation)၊

(၃) အရက်ပြန် ပါဝင်သည့် အရက်ကို ပြုပြင်ခြင်း၊ အနံ့အရသာ ထည့်ခြင်း၊ ရောနှောခြင်း၊ အရောင်ဆိုးခြင်း။

(ဉ) **လက်လီ သို့မဟုတ် လက်ကားရောင်းချမှု (Retail and Whole sale)** ဆိုသည်မှာ ဤဥပဒေနှင့် ဤဥပဒေအရ ပြုသည့် နည်းဥပဒေများ အရ ထုတ်ပြန် သည့် အမိန့်ကြော်ငြာစာများနှင့်အညီ အချင်၊ အတွယ်၊ အတိုင်း ရောင်းချခြင်းကို ဆိုသည်၊

(ည) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ထုတ်လုပ်ခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းတို့အတွက် ခွင့်ပြုသည့် ခွင့်ပြုမိန့်ကို ဆိုသည်။ လိုင်စင်သက်တမ်းကို ဘဏ္ဍာရေးနှစ်အလိုက် သတ်မှတ်သည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

ဤဥပဒေရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အရက်သေစာသောက်စားသည့် အလေ့အထပြန်ပွားခြင်းကို အားပေးခြင်း မရှိစေရန်၊

(ခ) သေရည်သေရက် ဖြန့်ဖြူးရောင်းချရာတွင် တရားမဝင် ထုတ်လုပ်မှု ရောင်းချမှု မရှိစေရန်၊

(ဂ) မူးယစ်စေသော သေရည်သေရက်ရောင်းချခြင်းမှ အခွန်ငွေရရှိစေရန် အလို့ငှာသာ မဟုတ်ဘဲ သောက်စားသုံးစွဲခြင်း လျော့နည်းစေရန်နှင့် သေရည်သေရက် ရောင်းချ ခြင်းကို အခွန်ကောက်ခံသည်ဟု စွဲမြဲမှတ်ယူ စေရန်၊

(ဃ) တိုင်းဒေသကြီးအတွင်း ရသင့်ရထိုက်သော အခွန်ဘဏ္ဍာငွေကို ဥပဒေနှင့် အညီ ရရှိစေရန်။

## အခန်း(၃)
## ယစ်မျိုးခွန် နှုန်းထားများ သတ်မှတ်ခြင်း

၄။ တိုင်းဒေသကြီး ယစ်မျိုးခွန် ကောက်ခံရေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီးအစိုးရသည် ဘဏ္ဍာရေးနှစ်အလိုက် ကောက်ခံရမည့် ယစ်မျိုးခွန်နှုန်းထားများကို တစ်နှစ်တစ်ကြိမ် အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်ရမည်။

၅။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေး ငွေကျပ် ၅၀၀,၀၀၀ အထိ ဖြစ်ပါက လိုင်စင်ချထားပေးသည့် အချိန်တွင် ကျသင့်သောငွေကို တစ်ကြိမ်တည်း အပြေအကျေ ပေးသွင်းရမည်။

၆။ လိုင်စင်ရရှိသူသည် လိုင်စင် ငွေကျပ် ၅၀၀,၀၀၀ အထက်မှ ငွေကျပ် ၃,၀၀၀,၀၀၀ အထိ ဖြစ်ပါက လိုင်စင်ချထားသည့်အချိန်တွင် ကျသင့်ငွေ၏ တစ်ဝက်ကို တစ်ကြိမ်တည်း ပေးသွင်းစေပြီး ကျန်တစ်ဝက်ကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း အပြေအကျေ ပေးသွင်းရမည်။

၇။ လုပ်ငန်းလိုင်စင်ရရှိသူသည် လိုင်စင်ကြေး ငွေကျပ် ၃,၀၀၀,၀၀၀ အထက် ဖြစ်ပါက လိုင်စင်ချထားပေးသည့်အချိန်တွင် ကျသင့်ငွေ၏ သုံးပုံတစ်ပုံကို တစ်ကြိမ်တည်း ပေးသွင်းရမည်။ ကျန်သုံးပုံနှစ်ပုံကို ဘဏ္ဍာရေးနှစ်ဝက်အတွင်း နှစ်ကြိမ်ခွဲ၍ အပြေအကျေ ပေးသွင်းရမည်။

၈။ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည်အပ်နှံလိုသူသည် သတ်မှတ်ထားသည့် ယစ်မျိုး ခွန်များကို အပြေအကျေပေးသွင်းပြီးမှသာ ယစ်မျိုးခွန်လိုင်စင်ကို ပြန်လည် အပ်နှံခွင့်ပြုမည်။

၉။ ဤဥပဒေအရ ယစ်မျိုးခွန်အပြည့်အဝ ကောက်ခံရရှိနိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်အရ လိုအပ်သော ကော်မတီအဆင့်ဆင့်ကို ဖွဲ့စည်းဆောင်ရွက်နိုင်သည်။

## အခန်း(၄)
## အထွေထွေ

၁၀။ ယစ်မျိုးစီမံခန့်ခွဲခြင်း၊ အခွန်စည်းကြပ်ခြင်းနှင့် ကောက်ခံခြင်းတို့ကို အစိုးရအဖွဲ့၏ သဘောတူညီချက်အရ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်ရမည်။

၁၁။ ဤဥပဒေအရ ပေးရန်ရှိသော ယစ်မျိုးခွန် ငွေကြေးအားလုံးကို ပေးဆောင်ရန် ပျက်ကွက်လျှင် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။

၁၂။ ဤဥပဒေပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်-

(က) လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို အစိုးရအဖွဲ့က ထုတ်ပြန်နိုင်သည်၊

(ခ) လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ

( ၂၀၁၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၃။ )

၁၃၇၄ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၉ ရက်
(၂၀၁၂ ခုနှစ်၊ အောက်တိုဘာ လ ၉ ရက်)

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီး အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးရေးဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် စစ်ကိုင်းတိုင်းဒေသကြီး တဝန်းလုံးတွင် အလတ်စားနှင့် အသေးစား လျှပ်စစ် ဓာတ်အားကို စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း၊ပို့လွှတ်ခြင်း၊ဖြန့်ဖြူးခြင်း၊ ထောက်ပံ့ခြင်းဆိုင်ရာလုပ်ငန်းများနှင့် လည်းကောင်း၊ ယင်းလုပ်ငန်းများကို လျှပ်စစ်အန္တရာယ် ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် လျှပ်စစ် စစ်ဆေးရေးဆိုင်ရာ ကိစ္စရပ်များနှင့် လည်းကောင်း သက်ဆိုင်စေရမည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ် သက်ရောက် စေရမည်-

(က) တိုင်းဒေသကြီး ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) အစိုးရ ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကို ဆိုသည်၊

(ဂ) အစိုးရအဖွဲ့ ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဃ) ဝန်ကြီး ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှု ဝန်ကြီးကို ဆိုသည်၊

(င) တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာ ဆိုသည်မှာ စစ်ကိုင်းတိုင်း ဒေသကြီး လျှပ်စစ်အင်ဂျင်နီယာကို ဆိုသည်၊

(စ) လျှပ်စစ်ဓာတ်အား ဆိုသည်မှာ ရေအားသုံးစက်မှဖြစ်စေ၊ လေအားသုံး စက်မှဖြစ်စေ၊ နေရောင်ခြည်သုံး စက်မှဖြစ်စေ၊ အားဖြည့်လောင်စာဆီသုံး စက်မှဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ထုတ်လုပ်ရရှိသည့် လျှပ်စစ်ဓာတ်အားကို ဆိုသည်၊

(ဆ) **အသေးစားလျှပ်စစ်ဓာတ်အား** ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်အောက်ရှိ လျှပ်စစ်ဓာတ်အားကို ဆိုသည်၊

(ဇ) **အလတ်စားလျှပ်စစ်ဓာတ်အား** ဆိုသည်မှာ ၁၀ မဂ္ဂါဝပ်မှ ၅၀မဂ္ဂါဝပ် အထိ ဓာတ်အားကို ဆိုသည်၊

(ဈ) **လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်** ဆိုသည်မှာ အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အား စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ်ခြင်း ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းလုပ်ငန်းများ လုပ်ကိုင်ခွင့်ကို ဆိုသည်၊

(ည) **လျှပ်စစ်ဓာတ်အားစူးစမ်းရှာဖွေခြင်း** ဆိုသည်မှာလျှပ်စစ်ဓာတ်အားကို အများပြည်သူ သုံးစွဲနိုင်ရန်ဖြစ်စေ၊ ပုဂ္ဂလိကပိုင်သုံးစွဲနိုင်ရန်ဖြစ်စေ၊ စီးပွားရေးအရ ဓာတ်အား ဖြန့်ဖြူး ရောင်းချရန်ဖြစ်စေ၊ အခြား ကိစ္စရပ်များတွင်သုံးစွဲရန်ဖြစ်စေ၊ လျှပ်စစ်ဓာတ်အားထုတ်ယူ ရရှိနိုင်ရေး အတွက် စူးစမ်းရှာဖွေခြင်းကို ဆိုသည်၊

(ဋ) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း** ဆိုသည်မှာ ရေအားသုံးစက်မှ ဖြစ်စေ၊ လေအားသုံး စက်မှ ဖြစ်စေ၊ နေရောင်ခြည်သုံးစက်မှဖြစ်စေ၊ အားဖြည့်လောင်စာဆီ သုံးစက်မှဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ လျှပ်စစ် ဓာတ်အားကို စနစ်တကျ ထုတ်လုပ်ခြင်းကိုဆိုသည်၊

(ဌ) **လျှပ်စစ်ဓာတ်အားပို့လွှတ်ခြင်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်သည့်နေရာမှ သုံးစွဲမည့်နေရာသို့ရောက်ရှိစေရန် ဓာတ်အား လိုင်းများသွယ်တန်း၍ သတ်မှတ်ထားသည့် ဗို့အား၊ ကြိမ်နှုန်း၊ လျှပ်စီးတို့ဖြင့် စနစ်တကျပို့လွှတ်ခြင်းကို ဆိုသည်၊

(ဍ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အားကို သတ်မှတ်ထားသည့် ဗို့အား၊ လျှပ်စီးတို့ဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲသူထံ စနစ်တကျဖြန့်ဖြူးခြင်းကိုဆိုသည်၊

(ဎ) **လျှပ်စစ်ဓာတ်အားအသုံးပြုခြင်း** ဆိုသည်မှာ သတ်မှတ်ဗို့အားနှင့် လျှပ်စီးတို့ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ အသုံးပြုခြင်းကိုဆိုသည်၊

(ဏ) **လျှပ်စစ်ဓာတ်အားစစ်ဆေးခြင်း** ဆိုသည်မှာ လျှပ်စစ်ဓာတ်အား ရှာဖွေခြင်း၊ ထုတ်လုပ် ခြင်း၊ ပို့လွှတ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် အသုံးပြု ခြင်းများကို လျှပ်စစ်အန္တရာယ် ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်းကို ဆိုသည်၊

(တ) **လျှပ်စစ်စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေပါ လျှပ်စစ်စစ်ဆေးရေး လုပ်ငန်းတာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် ဝန်ကြီးက ဖွဲ့စည်းပေးထားသော အဖွဲ့ကို ဆိုသည်၊

(ဏ) လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူ ဆိုသည်မှာ ၅၀ မဂ္ဂါဝပ်အောက် လျှပ်စစ်ဓာတ်အားကို တစ်နည်းနည်းဖြင့် ထုတ်လုပ်ခြင်း၊ လျှပ်စစ်ဓာတ်အား သုံးစွဲလိုသူများထံ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်သူ သို့မဟုတ် ဆောင်ရွက်သည့် အဖွဲ့အစည်းကို ဆိုသည်၊

(တ) လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ် ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများတွင် အတွေ့အကြုံ ရှိသူကိုဖြစ်စေ၊ သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံသူကိုဖြစ်စေ၊ လျှပ်စစ်ဆိုင်ရာလုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဤဥပဒေအရ ထုတ်ပေးသော လက်မှတ်ကို ဆိုသည်၊

(ထ) လျှပ်စစ်ကျွမ်းကျင်လုပ်သား ဆိုသည်မှာ လျှပ်စစ်ဆိုင်ရာ လုပ်ငန်းများတွင် အတွေ့အကြုံရှိပြီး လက်တွေ့လုပ်ငန်းဆောင်ရွက်နေသူ သို့မဟုတ် လုပ်ငန်းအတွေ့အကြုံနှင့် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာလက်မှတ် ရရှိထား သူကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီးအတွင်း လူနေမှုအဆင့်အတန်း မြင့်မားစေရန်၊

(ခ) ဒေသဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်၊

(ဃ) တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေအတွက် ရသင့်ရထိုက်သော အခွန်အခများ ရရှိစေရန်၊

(င) အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမှုများကို ဥပဒေနှင့်အညီ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်။

## အခန်း(၃)
## လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်များ

၄။ အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့် လုပ်ငန်းများ လုပ်ကိုင်လိုသူသည် လုပ်ကိုင်ခွင့်ရရှိရေးအတွက် အစိုးရအဖွဲ့သို့ လျှောက်ထားရမည်။

၅။ အစိုးရသည် အောက်ပါလျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်များကို ခွင့်ပြုနိုင်သည်-

(က) ပုဂ္ဂလိကလုပ်ငန်းလုပ်ပိုင်ခွင့်ဥပဒေအရ မှတ်ပုံတင်ထားသော ပုဂ္ဂလိက လုပ်ငန်းများ၊

(ခ) အခြားသီးခြားအဖွဲ့အစည်းများ။

၇။ အစိုးရသည် ပုဒ်မ ၆ ပုဒ်မခွဲ(က)၊ (ခ)ပါလုပ်ငန်းအဖွဲ့အစည်းများအား လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်းများအတွက် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်များ ထုတ်ပေးခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

၈။ အစိုးရသည် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်များကို အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် ရုပ်သိမ်းနိုင်သည်-

(က) လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ လိုက်နာရန် ပျက်ကွက်ခြင်း၊

(ခ) လုပ်ကိုင်ခွင့်အမိန့်ပါစည်းကမ်းချက်များကို လိုက်နာကျင့်သုံးရန် ပျက်ကွက်ခြင်း။

## အခန်း(၄)
## လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၉။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူသည်-

(က) လျှပ်စစ်ဓာတ်အားစူးစမ်းရှာဖွေခြင်းကို ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်၊

(ခ) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၌ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်အမိန့်အရ သတ်မှတ်ထားသည့် လျှပ်စစ်စွမ်းအားကိုသာ ထုတ်ရမည်၊

(ဂ) လျှပ်စစ်ဓာတ်အားအတွက် အသုံးပြုသည့် လျှပ်စစ်ဓာတ်အား တိုင်းတာရေး ပစ္စည်းကိရိယာများ၊အကာအကွယ်ပြုပစ္စည်းကိရိယာများကို စနစ်တကျ တပ်ဆင်အသုံးပြုရမည်၊ မပျက်စီးစေရန်လည်း ထိန်းသိမ်းရမည်၊

(ဃ) ရေအားလျှပ်စစ်လုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုသည့် ရေ၊ ရေထွက်ရေစီးကြောင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းကို ထိခိုက်မှုမရှိစေရ၊

(င) စက်လည်ပတ်ရာတွင်အသုံးပြုသည့် စွန့်ပစ်ပစ္စည်းများသည် ပတ်ဝန်းကျင် ညစ်ညမ်းမှုအန္တရာယ် မရှိစေရ၊

(စ) လျှပ်စစ်ဖြင့် ဓာတ်အားဖြန့်ဖြူးသည့် ဆက်စပ်ပစ္စည်းများသည် လူနှင့် တိရစ္ဆာန်အတွက် အန္တရာယ်မဖြစ်စေရန် ဆောင်ရွက်ရမည်၊

(ဆ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့် လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သော မြေနေရာရရှိရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ရယူရမည်၊

(ဇ) အစိုးရက အခါအားလျော်စွာ သတ်မှတ်သည့် စည်းကမ်းများကို လိုက်နာ ရမည်၊

(ဈ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူသည် နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းများကို ငှားရမ်းသုံးစွဲပြီး ဓာတ်အားထုတ်လုပ် ဖြန့်ဖြူးလိုပါက သက်ဆိုင်ရာဌာန၏ သတ်မှတ်ချက်များအတိုင်း လိုက်နာဆောင်ရွက်၍ ကျသင့်ငွေကို ပေးသွင်းရမည်၊

(ည) လျှပ်စစ်ဓာတ်အားသုံးစွဲသူများထံမှ လျှပ်စစ်ဓာတ်အားခ တောင်းခံခွင့်ရှိသည်၊

(ဋ) သတ်မှတ်ထားသော လျှပ်စစ်ဓာတ်အားခငွေများကို သတ်မှတ်ထားသည့်ရက်အတွင်း မရရှိပါက လျှပ်စစ်ဓာတ်အားဖြတ်တောက်ခွင့်ရှိသည်။

လျှပ်စစ်အန္တရာယ်ကာကွယ်မှုနှင့် ပတ်သက်၍ လျှပ်စစ်ဓာတ်အားဆိုင်ရာ ကိုင်ခွင့်များ ပြုလုပ်ရာတွင် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည် -

(က) လေယာဉ်ကွင်း၊ ရထားလမ်း၊ ဓာတ်ရထားလမ်း၊ မော်တော်ကားလမ်း၊ ထရော်လီ ကားလမ်း၊ တူးမြောင်း၊ မြစ်၊ ချောင်း၊ ဆိပ်ကမ်း၊ သင်္ဘောကျင်း၊ ဆိပ်ကမ်းတံတား၊ ရေကတုတ်စသည်များကို မည်သည့်နည်းနှင့်မျှ ထိခိုက်ပျက်စီးခြင်း မရှိစေရ၊

(ခ) ကြေးနန်း၊ စကားပြောကြေးနန်း၊ သင်္ကေတသုံးလျှပ်စစ်ကြေးနန်း၊ အချက်ပြကြေးနန်း ရိုက်ရာတွင် အသုံးဝင်သည့် အခြားကြိုးများ၊ လေလှိုင်းများသို့ လျှပ်စစ်ဓာတ်အား ကူးဝင်စေခြင်းဖြင့်ဖြစ်စေ၊ အခြားနည်းအားဖြင့်ဖြစ်စေ ထိခိုက်နစ်နာပျက်စီးခြင်း မရှိစေရ။

လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ကိုင်ခွင့်နှင့် ပတ်သက်၍ လူ သို့မဟုတ် ဆာန်ကို ဒဏ်ရာရရှိအောင် ဖြစ်စေ၊ ကိုယ်အင်္ဂါတစ်ခုခု မစွမ်းမသန်အောင်ဖြစ်စေ၊ ဆုံးအောင်ဖြစ်စေ လျှပ်စစ်အန္တရာယ် မတော်တဆဖြစ်ပေါ်ခဲ့လျှင် လျှပ်စစ်ဓာတ်အား ရာ လုပ်ကိုင်ခွင့်ရှိသူသည် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သို့ အမြန်ဆုံးအကြောင်းကြားရမည်။

## အခန်း(၅)
## လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

လျှပ်စစ်စစ်ဆေးရေးအဖွဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များ-

(က) လျှပ်စစ်ဓာတ်အား သုံးစွဲသူ၏ ဓာတ်အားသုံးစွဲမည့် နေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများကို စစ်ဆေးပြီး လျှပ်စစ်အန္တရာယ် ကင်းရှင်းကြောင်း ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ခ) လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးခြင်းဆိုင်ရာ ပစ္စည်းကိရိယာများနှင့် နည်းစနစ်များအား စစ်ဆေးပြီး လျှပ်စစ်အန္တရာယ် ကင်းရှင်းကြောင်း ခွင့်ပြုမိန့် ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့တင်ပြခြင်း၊

(ဂ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်သည့် စက်များနှင့်ပတ်သက်၍ တည်ဆဲ ဥပဒေပါ ပြဋ္ဌာန်း ချက်များအရ ဆောင်ရွက်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဃ) သတ်မှတ်ထားသည့် စစ်ဆေးခကို နည်းလမ်းတကျတောင်းခံခြင်း၊

(င) လျှပ်စစ်အန္တရာယ်ကျရောက်မည့် ကိစ္စရပ်တွင်စက်ရုံ၊အလုပ်ရုံ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အများပြည်သူ နေထိုင်ရာနေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကိုဖြစ်စေ အခြားဓာတ်အားသုံးစွဲသည့် နေရာ၌ အသုံးပြုနေသော လျှပ်စစ် ဓာတ်အားကိုဖြစ်စေ ဖြတ်တောက်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း အရေးပေါ်အခြေအနေ ဖြစ်ပေါ်ပါက ဖြတ်တောက်ခြင်း၊

(စ) လျှပ်စစ်ဆိုင်ရာသတ်မှတ်ချက်များနှင့်အညီ စစ်ဆေးရန် မည်သည့်နေရာ မည်သည့် အဆောက်အအုံအတွင်းသို့မဆို ဝင်ရောက်နိုင်ခြင်း၊

(ဆ) သတ်မှတ်ထားသည့် အရည်အချင်းနှင့်ပြည့်စုံသူအား လျှပ်စစ်ကျွမ်းကျင်မှု ဆိုင်ရာ လက်မှတ်ထုတ်ပေးနိုင်ရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ဇ) လျှပ်စစ်ဆိုင်ရာ စံချိန်စံညွှန်းနှင့် စစ်ဆေးမှုနည်းစနစ်များကို ထုတ်ပြန်ခြင်း၊

(ဈ) လျှပ်စစ်ပစ္စည်းကိရိယာ စစ်ဆေးခများ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း၊

(ည) လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်းလုပ်ငန်းများ၏ လုပ်ခကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း ပြုလုပ်ပေးရန် အစိုးရအဖွဲ့သို့ တင်ပြခြင်း။

၁၃။ လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် မိမိအားအပ်နှင်းထားသည့် တာဝန် လုပ်ပိုင်ခွင့်နှင့်အညီ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများကို ပြုလုပ်ဆောင်ရွက်ရမည်။

၁၄။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်နှင့် ပတ်သက်၍ လျှပ်စစ်အန္တရာယ် ကျရောက်မည့် အခြေအနေကို ထိန်းသိမ်းနိုင်ရန်အလို့ငှာ အများပြည်သူ အသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ စက်ရုံအလုပ် ရုံက အသုံးပြုသည့် လျှပ်စစ်ဓာတ်အားကိုဖြစ်စေ၊ အခြားနေရာ၌ အသုံးပြုနေသော လျှပ်စစ်ဓာတ်အားကို ဖြစ်စေ ဖြတ်တောက်ရန် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်ရာဌာနတာဝန်ခံကို ညွှန်ကြားနိုင်သည်။

၁၅။ လျှပ်စစ်ဓာတ်အားကြောင့် လူ သို့မဟုတ် တိရစ္ဆာန် ဒဏ်ရာရရှိခြင်းနှင့် ပတ်သက်၍ဖြစ်စေ၊ သေဆုံးရခြင်းနှင့် ပတ်သက်၍ ဖြစ်စေ တင်ပြလာလျှင် လျှပ်စစ် စစ်ဆေးရေးအဖွဲ့သည် သက်ဆိုင်သူများကို စစ်ဆေး၍ မည်သူ့တွင် တာဝန်ရှိသည်ကို အဆုံးအဖြတ် ပေးရမည်။

၁၆။ လျှပ်စစ်ဓာတ်အားနှင့်ပတ်သက်၍ အသုံးပြုသည့် ပစ္စည်းကိရိယာများ မှန်ကန်မှု ရှိမရှိ စသည့် ကိစ္စရပ်များ အတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူနှင့် သုံးစွဲသူများ အကြား အငြင်းပွားမှု သို့မဟုတ် သဘောထားကွဲလွဲမှုရှိ၍ တင်ပြလာလျှင် လျှပ်စစ်စစ်ဆေးရေးအဖွဲ့သည် အဆုံးအဖြတ်ပေးရမည်။

၁၇။ ပုဒ်မ ၁၆ အရ လျှပ်စစ်စစ်ဆေးရေးအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်ပါက အမိန့်ချမှတ်သည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း အစိုးရအဖွဲ့ထံ အယူခံနိုင်သည်။ အစိုးရအဖွဲ့၏ အဆုံးအဖြတ်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း(၆)
## အခွန်အခပေးဆောင်ခြင်း

၁၈။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရသူသည် နိုင်ငံသားဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့် လည်းကောင်း၊ နိုင်ငံခြားမှတည်ငွေ ဖြင့်လုပ်ကိုင်သည့် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက အစိုးရက သတ်မှတ် ထားသည့် နိုင်ငံခြားငွေဖြင့်လည်းကောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ထုတ်လုပ်ဖြန့်ဖြူးသည့် လျှပ်စစ်ဓာတ်အား ပမာဏ အလိုက် ကျသင့်သည့် အခွန်အခကို ပေးဆောင်ရမည်။

၁၉။ အစိုးရအဖွဲ့သည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သော အလတ်စားနှင့် အသေးစား လျှပ်စစ် ဓာတ်အားထုတ်လုပ်သည့် လုပ်ငန်းများအတွက် အခွန်အခ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည်။

## အခန်း (၇)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၀။ အစိုးရအဖွဲ့သည် ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော အလတ်စားနှင့် အသေးစားလျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးသူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့် တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) လုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေ၍ လိုအပ်ချက်များကို ဆောင်ရွက်စေပြီး ဆက်လက် လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်အား ကာလအကန့်အသတ်အဖြစ် ဆိုင်းငံ့ခြင်း၊

(ဃ) လုပ်ငန်းလုပ်ကိုင်ခွင့်ကို ပိတ်သိမ်းခြင်း။

# အခန်း(၈)
# ပြစ်မှုနှင့်ပြစ်ဒဏ်များ

၂၁။ မည်သူမဆို လျှပ်စစ်ဓာတ်အားကို မရိုးမဖြောင့်သော သဘောဖြင့် စူးစမ်းရှာဖွေခြင်း၊ ထုတ်လုပ် ဖြန့်ဖြူးခြင်း၊ ဖြုန်းတီးခြင်း၊ တရားမဝင်ထပ်ဆင့်ရောင်းချခြင်း၊ တရားမဝင်အသုံးပြုခြင်း သို့မဟုတ် ခိုးယူသုံးစွဲခြင်း ပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်အထိ ထောင်ဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၂၂။ မည်သူမျှ လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်မရှိဘဲ လျှပ်စစ်တပ်ဆင်ခြင်း၊ ပြင်ဆင်ခြင်း စသည့် လုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်ကြောင်း စစ်ဆေးတွေ့ရှိပါက ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်(၃)သောင်းအထိ ငွေဒဏ်ဖြစ်စေ၊ သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

# အခန်း(၉)
# လျော်ကြေးသတ်မှတ်ခြင်း

၂၃။ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် လျှပ်စစ်ကျွမ်းကျင် လုပ်သား၏ ပေါ့လျော့မှု သို့မဟုတ် တာဝန်ပျက်ကွက်မှုကြောင့် ဓာတ်လိုက်မှု သို့မဟုတ် မီးလောင်မှုဖြစ်၍ ထိခိုက်ဒဏ်ရာရရှိခြင်း သို့မဟုတ် ကိုယ်လက်အင်္ဂါ မစွမ်းမသန်ဖြစ်ခြင်း သို့မဟုတ် သေဆုံးခြင်းဖြစ်ပေါ်စေလျှင် ထိခိုက်နစ်နာသူသည် လျှပ်စစ် ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရသူ သို့မဟုတ် လျှပ်စစ်တပ်ဆင်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရသူထံမှ လျော်ကြေး အောက်ပါအတိုင်း တောင်းခံခွင့် ရှိစေရမည်-

(က) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူ ဖြစ်ပါက ယင်းဥပဒေအရ သတ်မှတ်ထားသောလျော်ကြေး၊

(ခ) ထိခိုက်နစ်နာသူသည် အလုပ်သမားလျော်ကြေးဥပဒေနှင့် အကျုံးဝင်သူ မဟုတ်ပါက လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ထားသောလျော်ကြေး။

၂၄။ မည်သူမဆို ပုဒ်မ ၂၃ အရ ထိခိုက်နစ်နာလျှင် တည်ဆဲဥပဒေအရ တရားစွဲဆိုခွင့်နှင့် ပျက်စီး ဆုံးရှုံးသော ပစ္စည်းအတွက် ကာလတန်ဖိုးလျော်ကြေးကို သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့် ရရှိသူထံမှ တောင်းခံခွင့်ရှိသည်။

# အခန်း(၁၀)
## အထွေထွေ

[illegible] လျှပ်စစ်ဓာတ်အားသုံးစွဲသူသည် မရိုးမဖြောင့်သော နည်းလမ်းဖြင့် လျှပ်စစ်ဓာတ်အားကို ခိုးယူသုံးစွဲခြင်းကြောင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ဖြန့်ဖြူးသူ၏ အကျိုးစီးပွားကို ထိခိုက်နစ်နာမှု ဖြစ်ပေါ်စေလျှင် နစ်နာမှုလျော်ကြေးပေးလျော်ရန် တာဝန်ရှိသည့်အပြင် တည်ဆဲဥပဒေအရ အရေးယူခြင်းကိုလည်း ခံရမည်။

[illegible] ဤဥပဒေပုဒ်မ ၂၁ အရ တရားစွဲဆိုသောပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

[illegible] တိုင်းဒေသကြီးလျှပ်စစ်အင်ဂျင်နီယာက အစိုးရအဖွဲ့၏ သဘောတူညီမှုဖြင့် လျှပ်စစ်ကျွမ်းကျင်မှုဆိုင်ရာ လက်မှတ်ကို ထုတ်ပေးနိုင်သည်။

[illegible] တိုင်းဒေသကြီးအစိုးရအဖွဲ့သည် လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ ပိုလျှံသော လျှပ်စစ်ဓာတ်အားကို နိုင်ငံတော်ပိုင် လျှပ်စစ်ဓာတ်အားလိုင်းသို့ ရောင်းချနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

[illegible] လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူထံမှ ဆောင်ရွက်နေသည့် အလတ်စားနှင့် အသေးစား လျှပ်စစ်ဓာတ်အားဆိုင်ရာလုပ်ငန်းကို နိုင်ငံတော်အကျိုးငှာ လွှဲပြောင်းပေးအပ်ရန် အကြောင်း ပေါ်ပေါက်ခဲ့လျှင် အစိုးရအဖွဲ့သည် ကော်မရှင်တစ်ရပ် ဖွဲ့စည်းပြီး လျှပ်စစ်ဓာတ်အားဆိုင်ရာ လုပ်ကိုင်ခွင့်ရရှိသူ၏ မတည်ရင်းနှီးမြှုပ်နှံမှုများကို ကာလပေါက်ဈေးသတ်မှတ်၍ လွှဲပြောင်းပေးနိုင်ရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

[illegible] ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန် နိုင်သည်၊

(ခ) ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများ

# ချီးမြှင့်အပ်နှင်းရေးဆိုင်ရာဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ

( ၂၀၁၂ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၄။ )

၁၃၇၄ ခုနှစ် ၊ တော်သလင်းလပြည့်ကျော် ၉ ရက်
( ၂၀၁၂ ခုနှစ် ၊ အောက်တိုဘာ လ ၉ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင် ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ ဟု ခေါ်တွင် စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက် စေရမည်-

(က) တိုင်းဒေသကြီး ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) အစိုးရအဖွဲ့ ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကို ဆိုသည်၊

(ဂ) ဝန်ကြီးဌာန ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ဖွဲ့စည်းထားသည့် ဝန်ကြီးဌာနများကို ဆိုသည်၊

(ဃ) ဂုဏ်ထူးဆောင်လက်မှတ် ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်လက်မှတ်ကို ဆိုသည်၊

(င) ဂုဏ်ထူးဆောင်ဆုပစ္စည်း ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ်က ချီးမြှင့်အပ်နှင်းသည့် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ဆိုသည်။

## အခန်း (၂)

## ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်း

၃။ ဂုဏ်ထူးဆောင် လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်း အောက်ဖော်ပြပါ အရည်အချင်းသတ်မှတ်ချက်နှင့် ပြည့်စုံသောပုဂ္ဂိုလ်များကို ချီးမြှင့်ရမည်-

(က) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တ တည်ဆောက်ရာတွင် စွမ်းစွမ်းတမံ ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ

(ခ) စစ်ကိုင်းတိုင်းဒေသကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါ င်း ကြိုးပမ်း ဆောင်ရွက်ကြသည့် နိုင်ငံခြား တိုင်းပြည်များမှ သံတမန်မျ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊

(ဂ) အမျိုးသားရေးမူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသာ စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေ ဟူသည့် ဒွိတာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွ ကြိုးပမ်း ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဃ) ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး ၊ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေ လူမှုရေး ဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ် ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(င) သိပ္ပံပညာ၊ ဝိဇ္ဇာပညာ သို့မဟုတ် အခြားပညာရပ်တစ်ခုခုတွင် ထူးခြ အောင်မြင်စွာ တီထွင်ဖန်တီး စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊

(စ) စာပေနှင့် အနုသုခုမ ပညာရပ်များတွင် ထူးခြားကောင်းမွန်စွ တတ်မြောက်သည့် ပုဂ္ဂိုလ်များ၊

(ဆ) ဘာသာ၊ သာသနာအကျိုးအတွက် ထူးခြားစွာအားထုတ် ကြိုးပမ် ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဇ) ပြည်သူတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို ထူးခြားစွာ ကာကွယ် စောင့်ရှောက်ကြသည့် ပုဂ္ဂိုလ်များ၊

(ဈ) ပညာရေး၊ အားကစားနှင့် ကာယပညာတွင် ထူးချွန်သူများနှင့်ထိုသို့ ထူးချွန်သူများ ထွက်ပေါ်အောင် ထူးခြားစွာ အားထုတ်ကြိုးပမ် ဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ။

## အခန်း (၃)
## ထောက်ခံတင်ပြမှုဆိုင်ရာနည်းလမ်းများ

ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၁)တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်း ပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးထံ ထောက်ခံတင်ပြရန်၊

(ခ) သက်ဆိုင်ရာဝန်ကြီးက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

ပြည်ထောင်စုတရားလွှတ်တော်ချုပ်လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၂) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက် ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်း ပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတစ်ဆင့် တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်က တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

ပြည်ထောင်စုရှေ့နေချုပ်ရုံး လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံ တင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၃) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်း ပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် ကြီးကြပ်သူအရာရှိများမှတဆင့် တိုင်းဒေသကြီးဥပဒေချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးဥပဒေချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံ တင်ပြရန်။

၇။ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၄) တွင် လိုအပ်သလို ဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည် -

(က) သက်ဆိုင်ရာအဆင့်ရှိ ကြီးကြပ်သူအရာရှိက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့်ကြီးကြပ်သူအရာရှိများမှတစ်ဆင့် တိုင်းဒေသကြီးစာရင်းစစ်ချုပ်ထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံ တင်ပြရန်။

၈။ တပ်မတော်သားများအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ (၅)တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန် ဖြစ်သည်-

(က) သက်ဆိုင်ရာ တပ်စုမှူး/တပ်ခွဲမှူးတို့က တပ်မမှူး/တိုင်းမှူးထံ ထောက်ခံ တင်ပြရန်၊

(ခ) တပ်မမှူး/တိုင်းမှူးက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

၉။ ဌာနဆိုင်ရာဝန်ထမ်းများ၊ တပ်မတော်သားများ၊ တပ်မတော်ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင် အဖွဲ့ဝင်များမှအပ အခြားပုဂ္ဂိုလ်များအတွက် ထောက်ခံတင်ပြရန်ကိစ္စ ပေါ်ပေါက်ပါက နောက်ဆက်တွဲ ပုံစံ(၆)တွင် လိုအပ်သလိုဖြည့်စွက်လျက် အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်သည်-

(က) သက်ဆိုင်ရာအဆင့်ရှိ အုပ်ချုပ်ရေးမှူးက ကျိုးကြောင်းပြည့်စုံစွာ ဖော်ပြလျက် အထက်အဆင့်ဆင့် အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးထံ ထောက်ခံတင်ပြရန်၊

(ခ) တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ထောက်ခံတင်ပြရန်။

## အခန်း (၄)
## ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ပြန်လည်ရုပ်သိမ်းခြင်း

၁၀။ ချီးမြှင့်အပ်နှင်းခဲ့သော ဂုဏ်ထူးဆောင်လက်မှတ်များ၊ ဂုဏ်ထူးဆောင်ဆု ပစ္စည်းများနှင့် ပတ်သက်၍ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သည် အောက်ပါအကြောင်း တစ်ရပ်ရပ်ကြောင့် ပြန်လည် ရုပ်သိမ်းခွင့်ရှိသည်-

(က) နိုင်ငံတော် သစ္စာဖောက်ဖျက်မှုကို ကျူးလွန်ခြင်း၊

(ခ) အကျင့်စာရိတ္တနှင့်ပတ်သက်သော ပြစ်မှုကျူးလွန်၍ တရားရုံးတစ်ခုခု၏ အပြစ်ပေး ခံရခြင်း၊

(ဂ) ဌာနဆိုင်ရာ အရေးယူခြင်းခံရပြီး အပြစ်ရှိကြောင်းပေါ်ပေါက်သဖြင့် ရာထူးမှ ထုတ်ပယ်ခြင်း၊ နုတ်ပယ်ခြင်း၊ ရပ်စဲခြင်း စသောပြစ်ဒဏ်တစ်ရပ်ရပ် ပေးခံရခြင်း၊

(ဃ) ဂုဏ်ထူးဆောင်လက်မှတ် ၊ဂုဏ်ထူးဆောင်ပစ္စည်း ချီးမြှင့်အပ်နှင်းခြင်း ခံထိုက်ကြောင်း အဆင့်ဆင့် ထောက်ခံတင်ပြသည်နှင့်အညီ စစ်ကိုင်းတိုင်း ဒေသကြီး အစိုးရအဖွဲ့က ဂုဏ်ထူးဆောင် လက်မှတ်၊ ဂုဏ်ထူးဆောင်ဆု ပစ္စည်း ချီးမြှင့်အပ်နှင်းပြီးနောက် မူလ ထောက်ခံချက်ပါ အချက်အလက် အကြောင်းအရာများနှင့် ပတ်သက်၍ မမှန်မကန် တင်ပြမှုပြုခဲ့ကြောင်း တွေ့ရှိပေါ်ပေါက်ခြင်း၊

(င) နိုင်ငံတော်နှင့်စစ်ကိုင်းတိုင်းဒေသကြီး၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ပြုမူခြင်း၊ ပြောဆိုခြင်း တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်းတွေ့ရှိ ပေါ်ပေါက်ခြင်း၊

(စ) စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က ချီးမြှင့်အပ်နှင်းခဲ့သည့် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းအား ပြန်လည် ရုပ်သိမ်းသင့်သည့် လုံလောက်သော အကြောင်း အချက် တစ်ရပ်ရပ် တွေ့ရှိပေါ်ပေါက်ခြင်း။

## အခန်း (၅)
## အထွေထွေ

၁၁။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့် အပ်နှင်းသင့်ကြောင်း အဆင့်ဆင့်ထောက်ခံတင်ပြခြင်း မရှိစေကာမူ အထူးထိုက်သင့်သောကိစ္စရပ်များ အတွက် ပုဂ္ဂိုလ်တစ်ဦးဦးအား ဂုဏ်ထူးဆောင် လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်း သင့်ကြောင်း တွေ့ရှိပါက သင့်လျော်သည့် ဂုဏ်ထူးဆောင်လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင်ဆုပစ္စည်းကို ချီးမြှင့်အပ်နှင်း နိုင်သည်။

၁၂။ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် အလို့ငှာ အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုး သည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

နောက်ဆက်တွဲ ပုံစံ (၁)

ဝန်ကြီးဌာနလက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား
ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် ----------------------------------------
လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ----------------------------------------
ဆုပစ္စည်း ----------------------------------------

၂။ (က) အမည် ----------------------------------------
(ခ) အဘအမည် ----------------------------------------
(ဂ) အသက် ----------------------------------------
(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ----------------------------------------
(င) အဆင့်/တာဝန် ----------------------------------------
(စ) လုပ်ငန်းဌာန ----------------------------------------
(ဆ) နေရပ်လိပ်စာ ----------------------------------------

၃။ သက်ဆိုင်ရာကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက် ။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------------------
ဌာန ----------------------------------------
ရပ်ကွက်/ကျေးရွာအုပ်စု----------------------------------------

ရက်စွဲ ။----------------------------

၄။ မြို့နယ်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------------------

ဌာန ------------------------------------------------

ရက်စွဲ ၊------------------------------------

၅။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြထောက်ခံချက် ။(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------------------

ဌာန ------------------------------------------------

ရက်စွဲ ၊---------------------------------------

၆။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည် )

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------------------

ဌာန ------------------------------------------------

ရက်စွဲ ၊----------------------------------------

၇။ သက်ဆိုင်ရာဝန်ကြီး၏ ထောက်ခံချက် ။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

------------------------------------ဝန်ကြီးဌာန

ရက်စွဲ ၊-------------------------------------------

နောက်ဆက်တွဲ ပုံစံ (၂)

### မြည်ထောင်စုတရားလွှတ်တော်ချုပ် လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် ------------------------------------------------

လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ------------------------------------------------

ဆုပစ္စည်း ------------------------------------------------

၂။ (က) အမည် ------------------------------------------------

(ခ) အဘအမည် ------------------------------------------------

(ဂ) အသက် ------------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------------

(င) အဆင့်/တာဝန် ------------------------------------------------

(စ) လုပ်ငန်းဌာန ------------------------------------------------

(ဆ) နေရပ်လိပ်စာ ------------------------------------------------

၃။ မြို့နယ်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက် ။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------

ဌာန ------------------------------------

ရက်စွဲ ၊------------------------------

၄။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------------

ဌာန ------------------------------------------

ရက်စွဲ ။---------------------------------

၅။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြထောက်ခံချက် ။
(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------------

ဌာန ------------------------------------------

ရက်စွဲ ။------------------------------------

၆။ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။
(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည် )

တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်

ရက်စွဲ ။-------------------------------------

နောက်ဆက်တွဲ ပုံစံ (၃)

## ပြည်ထောင်စုရွှေနေချုပ်ရုံး လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် ------------------------------------------------

လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ------------------------------------------------

ဆုပစ္စည်း ------------------------------------------------

၂။ (က) အမည် ------------------------------------------------

(ခ) အဘအမည် ------------------------------------------------

(ဂ) အသက် ------------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------------

(င) အဆင့်/တာဝန် ------------------------------------------------

(စ) လုပ်ငန်းဌာန ------------------------------------------------

(ဆ) နေရပ်လိပ်စာ ------------------------------------------------

၃။ မြို့နယ်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------

ဌာန ------------------------------------

ရက်စွဲ ၊------------------------------

၄။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------------

ဌာန ------------------------------------------

ရက်စွဲ ၊---------------------------------

၅။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြထောက်ခံချက် ။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------------

ဌာန ------------------------------------------

ရက်စွဲ ၊------------------------------------

၆။ တိုင်းဒေသကြီးဥပဒေချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည် )

တိုင်းဒေသကြီးဥပဒေချုပ်

ရက်စွဲ ၊------------------------------------

နောက်ဆက်တွဲ ပုံစံ (၄)

## ပြည်ထောင်စုစာရင်းစစ်ချုပ် လက်အောက်ရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ဂုဏ်ထူးဆောင်လက်မှတ်/ ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ဆုပစ္စည်း ------------------------------------------------

၂။ (က) အမည် ------------------------------------------------

(ခ) အဘအမည် ------------------------------------------------

(ဂ) အသက် ------------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------------

(င) အဆင့်/တာဝန် ------------------------------------------------

(စ) လုပ်ငန်းဌာန ------------------------------------------------

(ဆ) နေရပ်လိပ်စာ ------------------------------------------------

၃။ မြို့နယ်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက် ။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ----------------------------------

ဌာန ----------------------------------

ရက်စွဲ ၊----------------------------------

၄။ ခရိုင်အဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------------------

ဌာန ------------------------------------------------

ရက်စွဲ ။----------------------------------

၅။ တိုင်းဒေသကြီးအဆင့်ကြီးကြပ်သူအရာရှိက အကျိုးအကြောင်းဖော်ပြထောက်ခံချက် ။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ကြီးကြပ်သူအရာရှိ

ရာထူး ------------------------------------------------

ဌာန ------------------------------------------------

ရက်စွဲ ။--------------------------------------

၆။ တိုင်းဒေသကြီးစာရင်းစစ်ချုပ်က အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည် )

တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ရက်စွဲ ။--------------------------------------

နောက်ဆက်တွဲ ပုံစံ (၅)

## တပ်မတော်သားများအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် ------------------------------------------------

လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ------------------------------------------------

ဆုပစ္စည်း ------------------------------------------------

၂။ (က) ကိုယ်ပိုင်အမှတ် ------------------------------------------------

(ခ) အဆင့် ------------------------------------------------

(ဂ) အမည် ------------------------------------------------

(ဃ) အသက် ------------------------------------------------

(င) အမှုထမ်းသက် ------------------------------------------------

(စ) တပ်ဖွဲ့ ------------------------------------------------

၃။ တပ်စုမှူး /တပ်ခွဲမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက် ။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တပ်စုမှူး / တပ်ခွဲမှူး

ရက်စွဲ ။------------------------------

၄။ တပ်ရင်းမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

တပ်ရင်းမှူး

ရက်စွဲ ।----------------------------------

၅။ တပ်မမှူး/တိုင်းမှူးက အကျိုးအကြောင်းဖော်ပြထောက်ခံချက် ။(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

တပ်မမှူး/တိုင်းမှူး

ရက်စွဲ ।------------------------------------

နောက်ဆက်တွဲ ပုံစံ (၆)

## အခြားပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်လက်မှတ်/ဂုဏ်ထူးဆောင်ဆုပစ္စည်း ချီးမြှင့်အပ်နှင်းရန် ထောက်ခံချက်ပုံစံ

၁။ ထောက်ခံသည့် ဂုဏ်ထူးဆောင် ------------------------------------------------

လက်မှတ် သို့မဟုတ် ဂုဏ်ထူးဆောင် ------------------------------------------------

ဆုပစ္စည်း ------------------------------------------------

၂။ (က) အမည် ------------------------------------------------

(ခ) အဘအမည် ------------------------------------------------

(ဂ) အသက် ------------------------------------------------

(ဃ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် ------------------------------------------------

(င) အဆင့်/တာဝန် ------------------------------------------------

(စ) လုပ်ငန်းဌာန ------------------------------------------------

(ဆ) နေရပ်လိပ်စာ ------------------------------------------------

၃။ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက် ။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး

----------------------------ရပ်ကွက်/ကျေးရွာအုပ်စု

ရက်စွဲ ။--------------------------------

၄။ မြို့နယ်အုပ်ချုပ်ရေးမှူးက အကျိုးအကြောင်း ဖော်ပြထောက်ခံချက်။ (လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲ ပေးပို့နိုင်သည်)

မြို့နယ်အုပ်ချုပ်ရေးမှူး
------------------မြို့နယ်

ရက်စွဲ ။---------------------------------

၅။ ခရိုင်အုပ်ချုပ်ရေးမှူးက အကျိုးအကြောင်းဖော်ပြထောက်ခံချက် ။(လိုအပ်လျှင်ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်)

ခရိုင်အုပ်ချုပ်ရေးမှူး
--------------------ခရိုင်

ရက်စွဲ ။------------------------------------

၆။ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက အကျိုးကြောင်းဖော်ပြထောက်ခံချက် ။(လိုအပ်လျှင် ထောက်ခံချက်ကို သီးခြားပူးတွဲပေးပို့နိုင်သည်။)

တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူး

ရက်စွဲ ။--------------------------------------

# စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

( ၂၀၁၂ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄။ )

၁၃၇၄ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၉ ရက်
( ၂၀၁၂ ခုနှစ် ၊ အောက်တိုဘာ လ ၂၄ ရက် )

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုစစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်မော်တော်ယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေပုဒ်မ ၁၃ တွင် ပါရှိသော "တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ကို "နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်ရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်ရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၂ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅။ )

၁၃၇၄ ခုနှစ် ၊ သီတင်းကျွတ်လဆန်း ၉ ရက်
( ၂၀၁၂ ခုနှစ် ၊ အောက်တိုဘာ လ ၂၄ ရက် )

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်ရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကပိုင်ရေယာဉ်များ စနစ်တကျပြေးဆွဲနိုင်ရေး ဥပဒေပုဒ်မ ၁၃ တွင် ပါရှိသော "တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ကို "နှစ်နှစ်ထိ ထောင်ဒဏ် တစ်မျိုးမျိုးဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့